မြတ်ဗုဒ္ဓ၏အဆုံးအမတရား

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ

# မြဝတီ နေ့စဉ်

သတင်းထူးပြီး မှန်ရမည်၊ သတင်းဦးပြီး မြန်ရမည် မြဝတီမှ မြဝတီ

ဒို့တာဝန်အရေးသုံးပါး
- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၀၄)

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်၊ စနေနေ့


## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားသို့ တက်ရောက်ချီးမြှင့်

### တပ်မတော်(လေ)အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ပြည့်ဝအောင်မြင်စွာထမ်းဆောင်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးလေယာဉ်/ ရဟတ်ယာဉ်များသည် အရေးပါသည့်လိုအပ်ချက်တစ်ရပ်ဖြစ်

နေပြည်တော် နိုဝင်ဘာ ၇

တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်လေတပ်စခန်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ **စာမျက်နှာ ၁၆ ကော်လံ ၁ ☆**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင်လေယာဉ်/ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များပက်ဖျန်းပေးစဉ်။




## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၈ ရက်)

# အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများ

တပ်မတော်သားတို့သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသူများဖြစ်ကြသည်။ တပ်မတော်၏အဓိကတာဝန်များမှာ နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြခြင်းဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားသယ်ပိုးလျက်ရှိသည်။ ဒို့တာဝန်အရေးသုံးပါးသည် တပ်မတော်သားတို့၏အမျိုးသားနိုင်ငံရေးတာဝန်ဖြစ်သည်။

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများ များပြားလှသည်။ တိုင်းရင်းသားလက်နက်ကိုင်များနှင့်ပတ်သက်လာလျှင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအလေးအနက်ထားကာ နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် ဖိတ်ခေါ်ထားပြီးဖြစ်သည်။ သို့သော် အချို့သောလက်နက်ကိုင်အဖွဲ့အစည်းများမှာ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ဥစ္စာပျက်စီးရေးကို တစိုက်မတ်မတ်လုပ်ဆောင်နေသည့်အတွက် တပ်မတော်အနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးစစ်ဆင်ရေးများကိုဆင်နွှဲကာ သုတ်သင်ချေမှုန်းလျက်ရှိသည်။

တပ်မတော်သားဆိုသည်မှာ နိုင်ငံတော်နှင့်မိဘပြည်သူများအတွက် အသက်ကိုပင်စွန့်လွှတ်နိုင်သူများဖြစ်သည်။ နေ့စဉ်ရွတ်ဆိုနေကြသောသစ္စာလေးချက်သည် တပ်မတော်သားတို့ယုံကြည်ချက်၊ ခံယူချက်အစစ်အမှန်ဖြစ်သည်။ ပြည်သူအပေါ်ရေလိုကျင့်သုံးနေသော်လည်း ရန်သူနှင့်ပတ်သက်လာလျှင် နေလိုမီးလိုကျင့်သုံးရသည်မှာ ပြည်သူတို့၏လူမှုစီးပွားဘဝလုံခြုံစိတ်ချပြီး အေးချမ်းသာယာပျော်ရွှင်စွာနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်နေခြင်းဖြစ်သည်။

တပ်မတော်သားတို့သည် နိုင်ငံတော်အတွက်ကျရာတာဝန်များကိုထမ်းဆောင်လျက်ရှိရာတွင် ရှေ့တန်းစစ်မြေပြင်တွင်လည်း ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်ကြရသည်။ တပ်မတော်သားတို့သည် ကြံ့ခိုင်သည့်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ်၊ ကျည်တစ်တောင့်လူတစ်ယောက်ကျန်သည်အထိ တိုက်ရဲသည့်စိတ်ဓာတ်၊ တပ်မတော်၏ဂုဏ်ကို အသက်စွန့်ပြီးမြှင့်တင်လိုသည့်စိတ်ဓာတ်၊ အချင်းချင်းရိုင်းပင်းကူညီလိုသည့်စိတ်ဓာတ်၊ ရဲဘော်ရဲဘက်စိတ်ဟူသောတိုက်ပွဲဝင်စိတ်ဓာတ်ကောင်းရှိသူများဖြစ်ကြသည်။

ထို့ကြောင့်ရှေ့တန်းစစ်မျက်နှာများတွင် ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူလျက်ရှိကြသည်။ ၂၀၂၅ ခုနှစ်အတွင်း လက်ရှိအချိန်အထိ မိုးဖြဲမြို့နှင့် မိုးဖြဲ-ဖယ်ခုံ-ပင်လောင်းဆက်သွယ်ရေးလမ်းကြောင်းများ၊ နောင်ချိုမြို့၊ သပိတ်ကျင်းမြို့၊ ကျုံဒိုး-ကော့ကရိတ်ပြည်ထောင်စုကားလမ်းမကြီး၊ အယ်လ်ဖာဘိလပ်မြေစက်ရုံနှင့်ဖယောင်းတောင်သတ္တုတွင်းဒေသ၊ ဂုတ်တွင်းတံတားနှင့် ဂုတ်ထိပ်မီးရထားလမ်းနေရာများ၊ နောင်ချို- အုမ္မသီး-ဟိုခို-မိုးကုတ်လမ်းပိုင်းနှင့် ပြင်ဦးလွင်-ကျောက်မဲလေး-သံဘို၊ ဟိုခိုလမ်းပိုင်းနေရာများ၊ ကော့ကရိတ်- သဃ်န်းညီနောင်-မြဝတီအာရှလမ်းမကြီး၊ ဗန်းမော်မြို့အနီးရှိ တပ်ဌာနချုပ်များ၊ တပ်စခန်းများနှင့်ရပ်ကွက်/ကျေးရွာများ၊ ကျောက်မဲမြို့၊ သီပေါမြို့နှင့် လေးကေ့ကော်ရှိရှုခင်းသာနှင့်စွယ်တော်ကုန်းများ စသည်ဖြင့် များပြားလှစွာသောမြို့ရွာဒေသများအား တပ်မတော်ကပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ ဤသည်မှာ ထင်ရှားသောအောင်ပွဲများမှ အချို့ကိုဖော်ပြခြင်းဖြစ်သည်။ စွန့်လွှတ်စွန့်စားအားမာန်သတ္တိအပြည့်ဖြင့် တိုက်ပွဲဝင်လျက်ရှိကြသော တပ်မတော်သားတို့ကို ပြည်သူလူထုက တစ်ခဲနက်အားပေးလျက်ရှိကြသည်။

ရှေ့တန်းစစ်မျက်နှာများတွင် ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့သော အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ကြိုဆိုဂုဏ်ပြုခြင်းကို နိုဝင်ဘာလ ၃ ရက်တွင် လှည်းကူးမြို့နယ်အင်းတိုင်၌လည်းကောင်း၊ နိုဝင်ဘာလ ၄ ရက်တွင် ဘားအံမြို့ရှိ နယ်မြေခံတပ်နှင့် မိုင်းပွန်မြို့ရှိ နယ်မြေခံတပ်၌လည်းကောင်း၊ နိုဝင်ဘာလ ၅ ရက်ညနေပိုင်းတွင် သီပေါမြို့နယ် မန်လီကျေးရွာရှိ နယ်မြေခံတပ်၌လည်းကောင်းပြုလုပ်ခဲ့ကြသည်။ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများ၊ အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ဆရာ၊ ဆရာမများ ပါဝင်ကြိုဆိုကြသည်။ ထိုသို့ကြိုဆိုရာတွင် အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အောင်သပြေခက်ကမ်း၍ဂုဏ်ပြုပန်းကုံးများစွပ်ပြီး အိုးစည်၊ ဒိုးပတ်၊ အဆို၊ အတီးအမှုတ်အကအခုန်များဖြင့်သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြခြင်းဖြစ်သည်။

တပ်မတော်သည်နိုင်ငံတော်အတွက် အားကိုးရသောအကြီးမားဆုံးအင်အားဖြစ်သည်။ ပြည်သူလူထုသည် တပ်မတော်၏စိတ်ရင်းစေတနာနှင့်ဆောင်ရွက်ချက်များကို ယခင်ကထက် ပိုမိုသိမြင်လာကြသည်။ တပ်မတော်ကြောင့် ပြည်သူလူထုဘဝလုံခြုံစိတ်ချစွာနေထိုင်ခြင်း၊ ကျောင်းနေအရွယ်ကလေးများကျောင်းပညာများကို စိတ်အေးချမ်းသာစွာသင်ကြားနိုင်ခြင်း၊ ဒေသအတွင်းကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်လာခြင်း၊ သက်ကြီးရွယ်အိုများအတွက် ဘုရားစေတီကျောင်းကန်များတွင် စိတ်အေးချမ်းသာစွာ တရားဘာဝနာပွားများနိုင်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုကိုအပြည့်အဝခံယူနိုင်ခြင်းတို့မှာ တပ်မတော်မှပြန်လည်ထိန်းချုပ်ထားသည့် နေရာဒေသတိုင်း၏ကောင်းကျိုးရလဒ်များဖြစ်သည်။ တပ်မတော်သည် စစ်ရေး၊ အုပ်ချုပ်ရေး၊ စည်းရုံးရေးဟူသောစွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့်အပြင် သမိုင်းကြောင်းအစဉ်အလာကောင်းများရှိနေသည့်အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထု၏လူမှုစီးပွားဘဝအေးချမ်းသာယာစွာရှိနေရေးတို့ကို အောင်မြင်စွာစွမ်းဆောင်လျက်ရှိနေခြင်းဖြစ်သည်။ ထို့ကြောင့် ရှေ့တန်းစစ်မျက်နှာများတွင် ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်ပြီး အောင်ပွဲအလီလီရယူနိုင်ခဲ့ခြင်းကိုဂုဏ်ပြုပါကြောင်း ရေးသားလိုက်ရပေသည်။ ။


## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

ရက်ပေါင်း

၅၀

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်


## မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

မုံရွာ နိုဝင်ဘာ ၇

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင်မြေပဲဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

၂၀၂၅-၂၀၂၆ ခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မုံရွာမြို့နယ်၌ မြေပဲဧက ၆၈၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှစတင်၍ စိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ဧက ၁၁၁၀ စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"မုံရွာမြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြေပဲသီးနှံဧက ၆၀၀၀ ကျော်စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးကပြောသည်။

မုံရွာမြို့နယ်၌ မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်းကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့် စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများစိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

### သဇင်(FM) အသံလွှင့်အစီအစဉ်

၈-၁၁-၂၀၂၅(စနေနေ့)

| | |
|---|---|
| ၁။ ၀၈:၀၀ ယဉ်ကျေးလိမ္မာဖို့ နားဆင်စို့ | ၄။ ၁၄:၅၀ Business Tips |
| ၂။ ၀၈:၂၀ Morning Songs | ၅။ ၁၆:၀၀ Holiday Vibes |
| ၃။ ၁၁:၅၀ စိုက်မွေးသုတ | ၆။ ၂၁:၄၀ ဇာတ်လမ်းအသွင် တေးသံစဉ် |

### မြဝတီရုပ်မြင်သံကြားအစီအစဉ်

၈-၁၁-၂၀၂၅(စနေနေ့)

| | | | | |
|---|---|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် | ၈။ ၁၈:၃၀ | ရုပ်မြင်သံကြားဇာတ်လမ်း အလုပ်နှင့်တာဝန် သရုပ်ဆောင် သုတဦး၊ ထွန်းမြင့်အောင်၊ နွေးထက်လှိုင် ဒါရိုက်တာ-အေးရူပါအောင် |
| ၂။ | ၀၈:၂၀ | မောင်မယ်လေးများသိစေချင် | | |
| ၃။ | ၀၉:၃၀ | အမှတ်တရနေ့ရက်များ | | |
| ၄။ | ၁၀:၄၅ | လူသားတို့နှင့် ဆိုက်ဘာအန္တရာယ် | | |
| ၅။ | ၁၆:၀၀ | ကိုယ်လက်လှုပ်ရှားအားကစား | ၉။ ၁၉:၀၀ | ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ဟောပြောချက်အစီအစဉ် |
| ၆။ | ၁၇:၀၀ | အင်္ဂလိပ်စာသုတ | | |
| ၇။ | ၁၈:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း | | |


မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၆၇-၇၃၉၄၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၁၃-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၈၇၊
ကြော်ငြာ ၀၁၃-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအားဂုဏ်ပြု



နေပြည်တော် နိုဝင်ဘာ ၇

၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမျိုးသားစာကြည့်တိုက် ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်ဒေါ်နုမြဲ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော် ကျင်းပခဲ့သည်မှာ ယခုနှစ်တွင် သုံးကြိမ်တိုင်ရှိခဲ့ပြီဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် မာရဝိဇယတန်ဆောင်တိုင်ပွဲတော်ကြီးကို နိုဝင်ဘာလ ၂ ရက်မှ ၄ ရက် (တန်ဆောင်မုန်းလပြည့်နေ့)အထိ သုံးရက်တိုင်တိုင် အခမ်းအနားကြီး ၁၀ ခုဖြင့် ကျင်းပခဲ့ကြောင်း၊ ယင်းအခမ်းအနားကြီးများမှာ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ မာရဝိဇယကျောင်းတော် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ ဆီမီးကပ်လှူပူဇော်ပွဲ၊ LED မီးများဖြင့် အလှဆင်ပူဇော်ပွဲ၊ ဝတ်အသင်းများဖြင့် ရွတ်ဖတ်ပူဇော်ပွဲ၊ မသိုးရွှေကြာသင်္ကန်း ရက်လုပ်ပူဇော်ပြိုင်ပွဲ၊ မသိုးရွှေကြာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ၊ မီးပုံးပျံ လွှတ်တင်ပူဇော်ပြိုင်ပွဲ၊ မီးရှူးမီးပန်းများ ပစ်လွှတ်ပူဇော်ပွဲ၊ ဈေးရောင်းပွဲတော်နှင့် အများပြည်သူဖျော်ဖြေပွဲစသည့် ပွဲတော်များပါဝင်ကြောင်း။

အဆိုပါပွဲများကို သက်ဆိုင်ရာ ဦးစီးဌာနများနှင့်တက္ကသိုလ်တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ ကြီးကြပ်မှုဖြင့် အရာထမ်း၊ အမှုထမ်းများ၏ကိုယ်ရောစိတ်ပါ ကြိုးစားအားထုတ်မှုကြောင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တန်ဆောင်တိုင်ပွဲတော်ကို လာရောက်လည်ပတ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသ အုပ်ချုပ်ရေးမှူး H.E.Mr. Andrey Aleksandrovich Travnikov ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ခရီးစဉ်ကိုလည်း အဆင်ပြေချောမွေ့အောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ယခုကဲ့သို့ဆောင်ရွက်နိုင်ခဲ့ခြင်းသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း ဆောင်ရွက်ခဲ့၍ အောင်မြင်ခဲ့ခြင်းမဟုတ်ကြောင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနတွင်ရှိသည့် အရာထမ်း၊ အမှုထမ်းအားလုံး ကဏ္ဍအလိုက် ကျရာနေရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ပူးပေါင်းညှိနှိုင်း ပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်သည်ကို ပြည်ထောင်စုဝန်ကြီးအနေဖြင့် ချီးကျူးဂုဏ်ပြု၍ အသိအမှတ်လည်းပြုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၅ ခုနှစ် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတန်ဆောင်တိုင်ပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဦးစီးဌာနများနှင့်တက္ကသိုလ်တို့ရှိအရာထမ်း၊ အမှုထမ်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိ ပုဂ္ဂိုလ်များက လက်ခံရယူကာ ဝန်ထမ်းများကို ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။ မြဝတီ

# ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုဆိုင်ရာ ကောင်စီအစည်းအဝေးနှင့် ဝန်ကြီးများအဆင့်ညီလာခံ ၂၀၂၅ သို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်ဆွေးနွေး






နေပြည်တော် နိုဝင်ဘာ ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်မြို့၌ ကျင်းပလျက်ရှိသည့် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာ ကောင်စီအစည်းအဝေးနှင့် ဝန်ကြီးများအဆင့်ညီလာခံ ၂၀၂၅ သို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဆက်လက်တက်ရောက်သည်။

နိုဝင်ဘာလ ၆ ရက်မွန်းလွဲပိုင်းတွင်ဝန်ကြီးများအဆင့်ညီလာခံဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Zhang Guoqing က ညီလာခံတက်ရောက်လာကြသည့် ဝန်ကြီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက်ရပ်ဝန်းနှင့်ပိုးလမ်းမနိုင်ငံများမှ ဝန်ကြီးများက နိုင်ငံအလိုက်ဘေးအန္တရာယ်ကြောင့်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာ မိန့်ခွန်းများ ပြောကြားကြသည်။ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင်ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနှင့် အရေးပေါ်အခြေအနေစီမံခန့်ခွဲမှုဆိုင်ရာပဋိညာဉ်ကိုကမ္ဘာလုံးဆိုင်ရာမူဘောင်များဖြစ်သည့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (Sustainable Development Goals– SDGs) နှင့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးဆိုင်ရာ ဆန်ဒိုင်းမူဘောင်တို့နှင့်အညီ ရေးဆွဲထားပြီးဖြစ်သည့်အတွက် မြန်မာနိုင်ငံသည်လည်း အခြားသောအဖွဲ့ဝင်နိုင်ငံများနည်းတူ လိုက်ပါဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင်ဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီး တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင်နိုင်ငံပေါင်း ၂၅ နိုင်ငံမှရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့များ လာရောက်ကူညီဆောင်ရွက်ပေးသကဲ့သို့ လက်ရှိအချိန်တွင် မိမိတို့နိုင်ငံအနေဖြင့် အိမ်ရာများ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အဦများအပါအဝင် ဘက်စုံပြန်လည်ထူထောင်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဦးဆောင်ဦးရွက်ပြု၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်ရေး၊ ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆောင်ရွက်ရာတွင် ခေတ်မီနည်းပညာရပ်များ၊ AI နည်းပညာများပိုမိုအသုံးချဆောင်ရွက်နိုင်ရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။ အစည်းအဝေးအပြီးတွင် ဝန်ကြီးများအဆင့်ညီလာခံ၏ ပူးတွဲထုတ်ပြန်ချက်ကို အတည်ပြုထုတ်ပြန်ခဲ့ကြသည်။

ယနေ့ နံနက်ပိုင်းတွင် ဘေးအန္တရာယ်ဆိုင်ရာစီခန့်ခွဲမှု (Disaster management)၊ လုပ်ငန်းခွင်ဘေးကင်းလုံခြုံရေး (Work Safety)နှင့် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး (Emergency Rescue) ဟူသည့် ခေါင်းစဉ်သုံးခုဖြင့် ဆွေးနွေးပွဲများကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးသည် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး (Emergency Rescue) ခေါင်းစဉ်ဖြင့် ကျင်းပသည့် အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အရေးပေါ်စီမံခန့်ခွဲမှု ဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ တက်ရောက်မိန့်ခွန်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အရေးပေါ်ရှာဖွေကယ်ဆယ်ရေး(Emergency Rescue) သည် ရပ်ဝန်းနှင့် ပိုးလမ်းမနိုင်ငံများ၏ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနှင့် အရေးပေါ်အခြေအနေ စီမံခန့်ခွဲမှုတွင် အဓိကကျသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီး၏ အတွေ့အကြုံများကို မျှဝေခွင့်ရရှိသည့်အတွက် များစွာကျေးဇူးတင်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စနစ်ကျသောဖွဲ့စည်းမှုတို့ ရှိပြီးဖြစ်၍ မန္တလေးငလျင်ကြီးတွင် ငလျင်လှုပ်ခတ်ပြီး အချိန်တိုအတွင်း နိုင်ငံတော်အကြီးအကဲ၏ ဖိတ်ခေါ်မှုအရ တရုတ်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ လာရောက်၍ ငလျင်ဘေးသင့်ဒေသများတွင် အရေးပေါ် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ခဲ့မှု အပါအဝင် ငလျင်ဘေးတုံ့ပြန်ရေးဆောင်ရွက်ချက်များ၊ အာဆီယံဒေသတွင်းသဘာဝဘေးအန္တရာယ် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး လေ့ကျင့်ခန်းများတွင် ပါဝင်လေ့ကျင့်ဆောင်ရွက်ခြင်းနှင့် အဆင့်မြင့်နည်းပညာများအသုံးပြု၍ လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ထည့်သွင်းပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော ဝန်ကြီးများက စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြပြီး ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ခေါင်းစဉ်များအလိုက် ဆက်လက်ဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ညီ။ "ဥဒါဟရုဏ်တစ်ခု ပြပါခင်ဗျာ"

နုပ်။ "ခင်ဗျားတို့ ဟိုဘက် ဒီဘက် အဏုမြူဗုံးတွေ စမ်းကြတာဟာ ဘာကြောင့်လဲ။ တစ်ဖက်ကိုတစ်ဖက်ကြောက်နေကြလို့မဟုတ်ဘူးလား။ ကြောက်နေကြတော့ စိတ်ချယုံကြည်မှုမရှိနိုင်ကြတော့ဘူး။ ခုခံကာကွယ်ရေးအတွက် လက်နက်ဆန်းရှာကြရော။ သူက စမ်း၊ ငါကစမ်းနဲ့ အတောမသတ်နိုင်အောင် ဖြစ်ကုန်ကြရော။ တစ်ဖက်နဲ့တစ်ဖက် အကြောက်ပြေအောင်လုပ်ဖို့လိုတဲ့နေရာမှာ ခင်ဗျားတို့တစ်တွေက တခြောက်တည်း ခြောက်နေကြတယ်မဟုတ်လား"

ညီ။ "အစ်ကိုကြီးပြောတာ ဟုတ်သလိုလိုတော့မြင်သာပြီခင်ဗျာ။ ဒါဖြင့် ဘယ့်နှယ်လုပ်ရမလဲ"

နုပ်။ "တစ်ဖက်က မယုံ၊ မယုံတော့ ကြောက်၊ ကြောက်တော့ လက်နက်လုပ်၊ လက်နက်လုပ်တော့ တစ်ဖက်ကတိုးပြီး မယုံ၊ တိုးပြီးမယုံတော့ တိုးပြီးကြောက်၊ တိုးပြီးကြောက်တော့ တိုးပြီးလက်နက်လုပ်။ ခင်ဗျားတို့ဟာက သံသရာစက်ရဟတ် ( Vicious Circle) လို ဖြစ်နေပြီကောဗျ။ ဒီအတိုင်းဆိုရင် ငြိမ်းချမ်းရေးနဲ့ ဝေးသေးဗျာ။ တိုးပြီးဆိုးဖို့သာ ကျွန်တော်မြင်တာပဲ"

ညီ။ "ဒီလိုဆို ဘယ့်နှယ်လုပ်မလဲ ဘရားသား"

နုပ်။ "ဒီရဟတ်ကို တစ်ယောက်ယောက်က စပြီးရပ်မှဖြစ်မယ်။ ကျွန်တော်က မစ္စတာခရုရှေ့ကို အားကိုးတယ်။ သူဟာ မစ္စတာကနေဒီတို့လူစုထက် သတ္တိရှိတယ်လို့ ကျွန်တော်ယုံကြည်တယ်"

ညီ။ "ဘာ့ကြောင့်လဲ ခင်ဗျာ"

နုပ်။ "မစ္စတာကနေဒီတို့လူစုက ပိုပြီးကြောက်လို့ ပိုပြီးမယုံနေရှာကြတယ်ဗျ။ ဒီပြင်ဟာမကြည့်နဲ့လေ။ ကောင်းကင်မှာ လေယာဉ်ပျံတွေနဲ့ ၂၄ နာရီလုံး မလပ်အောင် အစောင့်ချထားတာကို ကြည့်မှပေါ့။ ဘယ်လောက်ကြောက်၊ ဘယ်လောက်မယုံနေလိုက်သလဲလို့"

ညီ။ "ဒီတော့ ဘယ့်နှယ်လုပ်ရမလဲ"

နုပ်။ "ဒီတော့ကာ သူတို့ဘက်က ဘယ်လိုခြောက်ခြောက် မစ္စတာခရုရှေ့က သတ္တိကောင်းတဲ့ လူတစ်ယောက်ပီပီ တုံ့ပြန်ပြီး မခြောက်စေချင်ဘူး။ ဒီလိုမှသာ သံသရာစက်ရဟတ်ကြီး (Vicious Circle) အရှိန်နှေးသွားဖို့ ကျွန်တော်မြင်တယ်။ အရှိန်နှေးသည်ထက် နှေးသွားတယ်ဆိုရင် အဏုမြူဗုံးစမ်းတာတွေ ဘာတွေ စွန့်လွှတ်ပြီး ငြိမ်းချမ်းမှု၊ စိတ်ချမှုရလို့ လက်နက်လုပ်ငန်းနောက်ကို မလိုက်ကြတော့ဘဲ ကမ္ဘာသူ၊ ကမ္ဘာသား ချောင်ချိသက်သာမှုရရှိကြမယ် မဟုတ်ဘူးလားဗျ။ ဒီအကြောင်းတွေကို ကျွန်တော်က မစ္စတာခရုရှေ့ကို ပြောပြခဲ့ချင်တာဗျာ။ အကြောင်းမညီညွတ်ခဲ့ဘူး။ ခင်ဗျားက ကျွန်တော်ပြောတာတွေကို သဘောကျဦးတော့ ပြောဝံ့မှာမဟုတ်ဘူး။ ကျွန်တော်ကတော့ မောင်းထုတ်ရုံအပြင် မရှိနိုင်ဘူးဆိုပြီး ပြောခဲ့စမ်းချင်တာဗျာ"

ညီ။ "ဒီတော့ လိုရင်းအချုပ်ပြောစမ်းပါဦးခင်ဗျာ"

နုပ်။ "အချုပ်ကတော့ သူတို့ဘက်က ဘယ်လိုခြောက်ခြောက်၊ ဘယ်လိုပဲ ကြုံးဝါးကြုံးဝါး မစ္စတာခရုရှေ့က တုံ့ပြန်ပြီး မကြုံးဝါးစေချင်ဘူး၊ မခြောက်လှန့်စေချင်ဘူးဗျာ။ အမေရိကန်ပြည်မှာ မစ္စတာဒါလဲ့စ်ကွယ်လွန်သွားတဲ့နောက် မစ္စတာခရုရှေ့နဲ့ယှဉ်ပြိုင်ပြီး ထိအောင်ပြောတတ်တဲ့လူ၊ နာအောင်ပြောတတ်တဲ့လူ မပေါ်လာသေးဘူးဗျ။ ဟိုတုန်းကတော့ အချီအချပြောနိုင်ကြလို့ တော်သေးတယ်။ အခုတော့ ဒီဘက်ကတစ်ချက်တွယ်လိုက်ရင် သူတို့ခမျာမှာ နာနာသွားတယ်။ တစ်ဖက်ကို နာအောင်ပြောတတ်ခြင်းဟာ ကိုယ့်လူတွေအဖို့တော့ ပွဲကျပါရဲ့။ သို့သော် ကမ္ဘာ့ငြိမ်းချမ်းရေးအတွက်တော့ ဆိုးဆိုးသွားတယ်ဗျ။ ကျွန်တော်တို့က ကြားလူတွေဖြစ်လေတော့ လက်ခုပ်တီးရတာကို အရသာမခံတတ်ဘူး။ ကမ္ဘာစစ်နီးနီးသွားမလားလို့ ကျောချမ်းချမ်းသွားတယ်ဗျာ။ ကျွန်တော် တောင်းပန်ချင်တာကတော့ စကားရည်လုပွဲမှာလို တစ်ဖက်ကိုထိပြီး ပွဲကျအောင်ပြောတဲ့ဘက်မှာ မစ္စတာခရုရှေ့ရဲ့အစွမ်းကို ကမ္ဘာကသိပြီးလို့မို့ တုဏှိဘော ဆိတ်ဆိတ်နေတဲ့နည်းကို တစ်လှည့်လောက် စမ်းကြည့်စေချင်ပါသေးတယ်"

ညီ။ "ပြောခွင့်ရှိလည်း ပြောရမယ် မဟုတ်လား ဘရားသား"

နုပ်။ "ပြောခွင့်ရှိတော့လည်း ပြောပေါ့ဗျာ။ သို့သော် တစ်ဖက်သားကို ဒေါသဖြစ်အောင် ပြောတဲ့နည်းမျိုးကတော့ အပျင်းပြေစကားရည်လုပွဲမျိုးနဲ့ တရားခွင်မှာ ရှေ့နေချင်းငြင်းရာမှာ လောကီသာ သင့်လျော်ပါတယ်။ တစ်ပြည်နဲ့တစ်ပြည် နားလည်မှုရအောင် ဆောင်ရွက်ကြတဲ့ကိစ္စမျိုးမှာ အသုံးမပြုသင့်ဘူးထင်ပါတယ်"

ညီ။ "ဘာလင်ပြဿနာကို အစ်ကိုကြီးက ဘယ်လိုမြင်လို့လဲ"

နုပ်။ "မစ္စတာခရုရှေ့က ကိစ္စတစ်ခုမှာ နိုင်ငံရေးအမြင်နဲ့စဉ်းစားတယ်။ ကျွန်တော်က စိတ်သဘာဝအမြင်နဲ့စဉ်းစားတယ်ဗျ"

ညီ။ "စိတ်သဘာဝအမြင်ဆိုတာက ဘယ်လိုလဲ ဘရားသား"

နုပ်။ "စိတ်သဘာဝအမြင်ဆိုတာက တစ်ဖက်သားရဲ့ လောဘတို့၊ ဒေါသတို့ မာနတို့ကိုပါထည့်ပြီးကြည့်တယ်။ အထူးသဖြင့် မာနကိုထည့်ပြီး စဉ်းစားတယ်"

ညီ။ "ရှင်းပါဦး ဘရားသား"

နုပ်။ "နိုင်ငံရေးခေါင်းဆောင်တွေဟာ ငါက ဘယ်လိုခြေလှမ်းလိုက်ရင် တစ်ဖက်က ဘယ်လိုတုံ့ပြန်လိမ့်မယ်ဆိုတာကို ကြိုတင်ခန့်မှန်းပြီး တစ်ယောက်ဆီက တစ်ယောက် တတ်နိုင်သမျှညှစ်ယူနေကြတာပဲမဟုတ်လား။ ဒါကို Brinkmanship စစ်နှုတ်ခမ်းလျှောက် လုပ်နည်းလို့ခေါ်တယ် မဟုတ်လား"

ညီ။ "ဒါက ဒါလဲ့စ်ရဲ့နည်းပါ ဘရားသား"

နုပ်။ "နှစ်ဖက်စလုံးပါပဲဗျာ။ ခင်ဗျားတို့ကလည်း လုပ်နေတာပါပဲ"

ညီ။ "ကျွန်တော်တို့က ဘယ်မှာလုပ်သလဲ ခင်ဗျာ"

နုပ်။ "ကောင်းပြီ ကျွန်တော်ပြမယ်။ ကျူးဘားကိစ္စရယ်၊ စူးအက်တူးမြောင်းကိစ္စရယ်၊ ဘာလင်ကိစ္စရယ်ပေါ့ဗျာ။ စစ်နှုတ်ခမ်းလျှောက်လမ်းစဉ်ကျင့်သုံးခြင်းဟာ မှားတယ်လို့ ကျွန်တော်ကမဆိုလိုပါဘူး။ နိုင်ငံရေးဆိုတာ ဒီလိုလုပ်ကြတာပါပဲ။ သို့သော် တစ်ဖက်သားရဲ့စိတ်ကို မှန်ကန်အောင် ကြိုတင်ခန့်မှန်းတတ်ဖို့က အရေးကြီးတယ်ဗျ။ ကြိုတင်ခန့်မှန်းတဲ့အခါမှာ တစ်ဖက်သားရဲ့ မာနကိုပါထည့်ပြီးစဉ်းစားတတ်ဖို့က သိပ်အရေးကြီးတယ်"

ညီ ။ "ရှင်းပြပါဦး ဘရားသား"

နုပ်။"စူးအက်တူးမြောင်း ကိစ္စမှာ အင်္ဂလန်၊ ပြင်သစ်နဲ့အိစရေးယလ်တို့က အီဂျစ်ကိုဝိုင်းတိုက်ကြတော့ ခရုရှေ့က ဟန့်လိုက်တယ်မဟုတ်လား။ တန်ရင် တန်ကြ၊ မတန်ရင် ဆော်လိုက်မယ်ဆိုတဲ့ စကားမျိုးသုံးလိုက်တယ်။ တိုက်တဲ့အထဲမှာ အမေရိကန်မပါဘူးဗျ။ ခရုရှေ့က ဒီပြည်သုံးပြည်ဟာ အမေရိကန်မပါဘဲ ဘယ်နည်းနဲ့မှ ဗွတ်မလုပ်ဝံ့ဘူးလို့ ကြိုတင်ခန့်မှန်းလိုက်တာဟာ မှန်သွားတယ်မဟုတ်လား။ ဟိုလူစု ချက်ချင်းနောက်ဆုတ်သွားကြရတယ်လေ။ ဒီကိစ္စမှာ ခရုရှေ့ရဲ့ခန့်မှန်းချက်ကို ချီးကျူးထိုက်ပါပေတယ်"

ညီ။ "ဘယ်လိုခန့်မှန်းချက်လဲ ခင်ဗျာ"

နုပ်။ "ခရုရှေ့က ကြိမ်းလိုက်တဲ့အခါ အမေရိကန်က ငါ့လူတွေကို ကြိမ်းရမလားဆိုပြီး သူပါဝင်တိုက်ရင် ကမ္ဘာစစ်ကြီးဖြစ်မသွားပေဘူးလား။ ကမ္ဘာစစ်ကြီးဖြစ်ဖို့ကိုလည်း ခရုရှေ့က ဘယ်နည်းနဲ့မှ မလိုလားဘူး။ သူကြိမ်းလိုက်ရင် ဟိုလူတွေ တွန့်သွားလိမ့်မယ်လို့တွက်ပြီး လုပ်လိုက်တာပဲ။ သူ့တွက်ကိန်းမှန်သွားတဲ့အတွက် အီဂျစ်လည်း ချမ်းသာရာရတယ်။ ကမ္ဘာစစ်လည်းမဖြစ်လိုက်ရဘူး။ ဒီဟာ ခရုရှေ့ရဲ့အစွမ်းပဲ။"

ညီ။ "ကျူးဘားကိစ္စကော ဘရားသား"

နုပ်။"ကျူးဘားကိစ္စကတော့ အမေရိကန်နဲ့ ခေါင်းချင်းဆိုင်တိုက်ရတာမို့ ပိုပြီးလန့်စရာကောင်းတယ်။ သို့သော် ခရုရှေ့တွက်ကိန်းက စူးအက်ကိစ္စမှာ အမေရိကန်က ဝင်မကူလေတော့ ကျူးဘားကိစ္စမှာလည်း အင်္ဂလန်နဲ့ ပြင်သစ်တို့က ဝင်မကူပေဘူး။ သူ့လူတွေကမကူရင် အမေရိကန်တစ်ဦးတည်း မလုပ်ဝံ့ဘူးလို့မြင်ထားတယ်ထင်ပါရဲ့။ တစ်ချက်တည်း ဟောက်လိုက်ရတယ်။ အမေရိကန်ကြီး လက်ရုပ်သွားရတာပဲ။ တွက်ပုံချက်ပုံလည်း တော်ပါပေတယ်ဗျာ။ ကျွန်တော်တို့တော့ ဟိုတုန်းက တော်တော်လန့်သွားတယ်။ သို့သော် နောက်ပိုင်းတော့ ကျွန်တော်စဉ်းစားမိပါတယ်။ ဒါကြောင့် ခရုရှေ့နဲ့တွေ့ရရင် ဟိုတုန်းက ကျူးဘားကို အမေရိကန်ဝင်စီးရင် ခင်ဗျားတကယ်ပစ်မှာလားလို့ မေးစမ်းချင်တယ်။ သူက ဖြေမှာတော့ မဟုတ်ပါဘူး"

**ဆက်လက်ဖော်ပြပါမည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၈-၁၁-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၁၀ | ၂၇၂၀ | ၂၆၉၀ | ၂၆၂၀ | ၂၇၃၀ | ၂၇၄၅ | ၂၇၆၀ | ၂၆၈၀ | ၄၅၀၅ | ၂၉၇၀ | ၂၆၉၅ | ၂၈၂၅ | ၂၇၆၅ | ၂၇၃၀ | ၂၇၅၅ | ၃၀၁၀ |
| 95 Ron | ၂၆၈၅ | ၂၈၀၀ | ၂၇၆၅ | ၂၇၀၀ | ၂၈၀၅ | ၂၈၂၀ | ၂၈၄၀ | ၂၇၅၅ | ၄၅၆၀ | ၃၀၅၀ | ၂၇၇၅ | ၃၀၁၀ | ၂၈၄၅ | ၂၈၁၀ | ၂၈၃၅ | ၃၀၉၀ |
| HSD (500 ppm) | ၂၅၁၀ | ၂၆၂၀ | ၂၅၉၀ | ၂၅၂၅ | ၂၆၃၀ | ၂၆၄၅ | ၂၆၆၀ | ၂၅၈၀ | - | ၂၈၇၅ | ၂၅၉၅ | ၃၂၆၅ | ၂၆၇၀ | ၂၆၃၅ | ၂၆၅၅ | ၂၉၁၀ |
| HSD (50 ppm) | ၃၀၄၅ | ၃၁၆၀ | ၃၁၂၅ | ၃၀၆၀ | ၃၁၆၅ | ၃၁၈၀ | ၃၂၀၀ | ၃၁၁၅ | ၄၈၃၀ | ၃၄၁၀ | ၃၁၃၅ | ၃၃၁၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၃၀၄၅ | ၃၁၆၀ | ၃၁၂၅ | ၃၀၆၀ | ၃၁၆၅ | ၃၁၈၀ | ၃၂၀၀ | ၃၁၁၅ | - | ၃၄၁၀ | ၃၁၃၅ | ၃၃၁၅ | ၃၂၀၅ | ၃၁၇၀ | ၃၁၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၅၀ | ၂၅၃၃ |
| 95 Ron | ၂၅၂၆ | ၂၆၁၁ |
| HSD (500 ppm) | ၂၃၅၄ | ၂၄၃၁ |
| HSD (50 ppm) | ၂၈၇၅ | ၂၉၆၂ |
| HSD (10 ppm) | ၂၈၇၅ | ၂၉၆၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီးနှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## ၈-၁၁-၂၀၂၅(စနေနေ့) MWD Variety Channel

| | | |
|---|---|---|
| ၁။ | ၀၉:၂၅ | သိမှတ်ဖွယ်ရာသုတကမ္ဘာ |
| ၂။ | ၁၀:၄၅ | Knowledge For Everyone |
| ၃။ | ၁၁:၄၅ | မြတ်နိုးစေချင်သဘာဝပတ်ဝန်းကျင် |
| ၄။ | ၁၄:၃၀ | သိလိုသမျှ ကျန်းမာရေးကဏ္ဍ |
| ၅။ | ၁၇:၄၀ | စကားလက်ဆုံ |

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ






နေပြည်တော် နိုဝင်ဘာ ၇

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်ကျော်ကျော်၊ အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးသမိုင်းတစ်လျှောက်၌ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ နိုင်ငံတော်၏ အုပ်ချုပ်ရေးယန္တရားပြောင်းလဲမှုဖြစ်စဉ်များနှင့်အတူ အသွင်အမျိုးမျိုးဖြင့် ပြုပြင်ပြောင်းလဲပြီး ယနေ့ခေတ်ကာလတိုင်အောင် နိုင်ငံတော်၏အုပ်ချုပ်ရေးကို အထောက်အကူပြုသည့် ဌာနကြီးတစ်ခုအနေဖြင့် ဆက်လက်ရပ်တည်နိုင်ခဲ့ခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် ဌာန၏ရည်မှန်းချက်များဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေး၊ ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ဌာန၏မူဝါဒများဖြစ်သည့် နိုင်ငံတော်မူဝါဒလိုက်နာရေး၊ အခြေခံသဘောတရားနှင့် ကိုက်ညီရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီဖြစ်စေရေးနှင့် ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရကြောင်း။

မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် မန္တလေး ငလျင်ကြီးတွင်လည်း ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများသည် သက်ဆိုင်ရာခရိုင်၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များနှင့်အတူ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထိခိုက်ပျက်စီးမှုစာရင်း ကောက်ယူခြင်းလုပ်ငန်းများ၊ ယာယီနေထိုင်နိုင်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများတွင် ထဲထဲဝင်ဝင် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းများအပေါ် ဌာနအနေဖြင့် များစွာဂုဏ်ယူရကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အရာထမ်း၊ အမှုထမ်းများအနေဖြင့် လိုအပ်သည့်အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် နိုင်ငံ့အကျိုးကို အစဉ်သယ်ပိုးနိုင်ပြီး အရည်အသွေးပြည့်ဝသည့် အုပ်ချုပ်ရေးဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဝန်ထမ်းများအတွက် ဌာနတူညီဝတ်စုံများနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်များနှင့် အုပ်ချုပ်ရေးပညာဖွံ့ဖြိုးမှုသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည့် သင်တန်းများတွင် စံပြဆု၊ ပထမဆုရရှိသူများကို ဆုများချီးမြှင့်ခြင်း၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏ သားသမီးများအား ဆုချီးမြှင့်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြဝတီ

## ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Ms. Noriko Takagi အား ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး လက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Noriko Takagi ဦးဆောင်သောအဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး၏ မြန်မာနိုင်ငံခရီးစဉ်နောက်ပိုင်းဖြစ်ပေါ်တိုးတက်မှုများ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ခွင့်ဗီဇာနှင့် ပြည်တွင်းနေထိုင်ခွင့် သက်တမ်းတိုးရေးကိစ္စများ၊ UNHCR နှင့် ဝန်ကြီးဌာနတို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

## ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ(ဒုတိယအကြိမ်)ချီးမြှင့်ပေးအပ်

နေပြည်တော် နိုဝင်ဘာ ၇

မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ (ဒုတိယအကြိမ်) ချီးမြှင့်ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ ဗလမင်းထင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေး ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့်စာရေးကိရိယာများ ပေးအပ်စဉ်။

ဦးစွာတိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားနေသော အောင်စိုးမိုး(၁)စစ်မှုထမ်းဟောင်းအိမ်ရာရှိ ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းစစ်ဌာနချုပ် (စခန်းမှူးရုံး)မှ ကျောင်းသား၊ ကျောင်းသူများနှင့် ပညာပါရမီဘော်ဒါဆောင်မှ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်များနှင့်စာရေးကိရိယာများ ချီးမြှင့်ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းစစ်ဌာနချုပ်ရှိ တပ်တွင်းကျောင်းများမှ ဆရာ၊ ဆရာမများအား ကျောင်းဝတ်စုံပိတ်စ အဖြူ/အစိမ်းများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

**၇-၁၁-၂၀၂၅**

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**

| | | | | | | | |
|---|---|---|---|---|---|---|---|
| ကော့သောင်း | ၂ | ဒသမ | ၂၄ လက်မ | ဒေးဒရဲ | ၁ | ဒသမ | ၃၆ လက်မ |
| ကျိုက္ခမီ | ၂ | ဒသမ | ၁၇ လက်မ | ကျိုက်လတ် | ၁ | ဒသမ | ၀၀ လက်မ |
| ဖျာပုံ | ၁ | ဒသမ | ၈၁ လက်မ | ဇလွန် | သုည | ဒသမ | ၅၉ လက်မ |
| မော်ဘီ | ၁ | ဒသမ | ၅၀ လက်မ | မိုးညှင်း | သုည | ဒသမ | ၅၉ လက်မ |

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi နှင့် ဆော်ဒီအာရေဗျသံအမတ်ကြီး Mr. Saud bin Abdullah Al Subaie တို့ကို ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ သီးခြားစီလက်ခံတွေ့ဆုံ



နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi နှင့် ဆော်ဒီအာရေဗျသံအမတ်ကြီး Mr. Saud bin Abdullah Al Subaie တို့ကို ယနေ့တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ် Ms. Noriko Takagi နှင့်တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ UNHCR က လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ မြန်မာနိုင်ငံနှင့် UNHCR အကြား အနာဂတ်တွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

ဆော်ဒီအာရေဗျသံအမတ်ကြီးနှင့် တွေ့ဆုံစဉ်မြန်မာ-ဆော်ဒီအာရေဗျ နှစ်နိုင်ငံအကြားဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးနှင့် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများတွင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြဝတီ

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့သင်တန်းအမှတ်စဉ် (၁၈) နှင့် A.G.T.I ဒီပလိုမာသင်တန်းအမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇




စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ သင်တန်းအမှတ်စဉ် (၁၈) နှင့် A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ် (၁၉) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ ဒီဂရီကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဌာနဆိုင်ရာများနှင့် ဧည့်သည်တော်များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အလုပ်ခန့်အပ်လွှာပေးအပ်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)မှ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့်ငင်းတို့၏မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များအား နယ်စပ်ဒေသများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)တို့ကို တည်ထောင်ဖွင့်လှစ်ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (စစ်ကိုင်း) ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၆၁၄ ဦး၊ သိပ္ပံဘွဲ့ ၁ဂ၆၄ ဦး၊ B.Tech ဘွဲ့ ၁၃၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၉၉၀ စုစုပေါင်း ၂၈၀၇ ဦးတို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက်မှ မဟာဝိဇ္ဇာဘွဲ့ ၁၁၁ ဦး၊ မဟာသိပ္ပံဘွဲ့ ၂၁၆ ဦး၊ မဟာသုတေသနဘွဲ့ ၂၇ ဦး၊ Ph.D ဘွဲ့ ၃၂ ဦး၊ B.E ဘွဲ့ ၆၂၅ ဦး၊ M.E ဘွဲ့ ၃၄ ဦး၊ B.Tech ဘွဲ့ ၂၀၇ ဦး အောင်မြင်မှုရရှိခဲ့သည့်အပြင် ဘာသာရပ်အလိုက် ဆက်လက်ကြိုးပမ်းသင်ယူဆဲ ကျောင်းသား၊ ကျောင်းသူများလည်းရှိနေကြောင်း သိရှိရသည့်အတွက် အားရဂုဏ်ယူဖွယ်ဖြစ်ကြောင်းနှင့်ကျောင်းဆင်း ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အတုယူကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သင်တန်းဆင်းမောင်မယ်တို့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ တည်ငြိမ်အေးချမ်းရေးသည် များစွာအရေးကြီးကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၌ တိုင်းရင်းသားပြည်သူများနှင့် အတူတကွ ပူးပေါင်း၍ ညီညီညွတ်ညွတ်စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် လွတ်လပ်ပြီးတရားမျှတမှုရှိသည့် ရွေးကောက်ပွဲကို ဂုဏ်သိက္ခာရှိစွာဖြင့် သတ်မှတ်ကာလအတွင်း အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်များတွင် ကျရာအခန်းကဏ္ဍအသီးသီးမှ တစ်တပ်တစ်အားအားကြိုးမာန်တက် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း၊ မောင်တို့မယ်တို့အနေဖြင့် ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ကြသည့်အခါ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများအတိုင်း ကျင့်ဝတ်စည်းကမ်းတန်ဖိုးများကို သိရှိလိုက်နာပြီး လုပ်ငန်းစွမ်းဆောင်ရည်အပြည့်ဖြင့် မြင့်မားသောစိတ်ဓာတ်၊ မှန်ကန်သောခံယူချက်၊ မြင့်မြတ်သောအကျင့်စာရိတ္တကောင်းများကို လက်ကိုင်ပြု၍ အဂတိတရားကင်းရှင်းစွာဖြင့် နိုင်ငံတော်၏တာဝန်များကို ကြိုးစားထမ်းဆောင်သွားကြရန် အထူးတိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဝိဇ္ဇာဘာသာရပ်နှင့်သိပ္ပံဘာသာထူးချွန်ဆုရရှိသူ ၂ ဦးကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ်က အင်ဂျင်နီယာထူးချွန်ဆုရရှိသူ ၁ ဦးကိုလည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက အလုပ်တာဝန်ခန့်အပ်လွှာများ ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအားပေးစကားပြောကြားကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား၊ ကျောင်းသူများနှင့် ၎င်းတို့၏မိသားစုဝင်များကို ခင်မင်ရင်းနှီးစွာနှုတ်ဆက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒီဂရီကောလိပ်အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက ဒီဂရီကောလိပ်၏ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေး၊ လေ့ကျင့်ရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် ရေ၊ မီးရရှိမှု၊ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ခွင့်ပြုငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေးပြီး ဒီဂရီကောလိပ်ရှိ ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ချီးမြှင့်ငွေများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒီဂရီကောလိပ်အတွင်းရှိ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်း၊ ဘာသာရပ်အလိုက်လေ့ကျင့်သင်ကြားနေမှုများ၊ သင်ကြားမှုအထောက်အကူပစ္စည်းဖြစ်သည့် Computer Numerical Control (CNC) Lathe Machine လုပ်ငန်းဆောင်ရွက်နိုင်မှု၊ အိပ်ဆောင်များ၊ စားရိပ်သာများ၊ ငါးခူမွေးမြူရေးဆောင်ရွက်ထားရှိမှု၊ ပွဲကြည့်စင်နှင့် ဘောလုံးအားကစားကွင်း အဆင့်မြှင့်တင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများ၏ ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေး၍ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်းသိရသည်။

မြဝတီ

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# (၁၇)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် စီးပွားရေးဝန်ကြီးများ အစည်းအဝေး ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနကကြီးမှူး၍ မြန်မာနိုင်ငံတွင် အောင်မြင်စွာကျင်းပ

ရန်ကုန် နိုဝင်ဘာ ၇

(၁၇)ကြိမ်မြောက် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) စီးပွားရေးဝန်ကြီးများအစည်းအဝေးကို ယနေ့တွင် ရန်ကုန်မြို့ရှိ Novotel Yangon Max Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က သဘာပတိအဖြစ် ဦးဆောင်ကျင်းပပြီး ပြည်ထောင်စုဝန်ကြီးက စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ကုန်သွယ်မှုသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၈၃ ဒသမ ၄ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး၊ အာဆီယံစုစုပေါင်းကုန်သွယ်မှု၏ ၂၃ ဒသမ သုညရာခိုင်နှုန်းခန့်ရှိကြောင်း၊ ၂၀၂၃ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်း စီအယ်လ်အမ်ဗွီနိုင်ငံများ၏ ရင်းနှီးမြှုပ်နှံမှုသည် ၃ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးကိုရည်ရွယ်သည့် စီအယ်လ်အမ်ဗွီ လုပ်ငန်းအစီအစဉ်အရ လုပ်ငန်းစီမံချက် အကောင်အထည်ဖော်မှုများသည် စီးပွားရေးတိုးတက်မှုနှင့် စွမ်းဆောင်ရည်မြှင့်တင်မှုများအတွက် အထောက်အပံ့ဖြစ်စေကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် စီးပွားရေး အလယ်အလတ်ရှိသော အဆင့်သို့ရောက်ရှိစေရန် ရည်မှန်းရေးဆွဲထားသည့် စီအယ်လ်အမ်ဗွီဖွံ့ဖြိုးတိုးတက်မှု မူဘောင်အကောင်အထည်ဖော်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ကမ္ဘောဒီးယား၊ လာအို၊



မြန်မာ၊ ဗီယက်နမ်နိုင်ငံတို့မှကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့သည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် စီအယ်လ်အမ်ဗွီ အဆင့်မြင့်စီးပွားရေးအရာရှိများ အစည်းအဝေး၏ သဘာပတိ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် စီအယ်လ်အမ်ဗွီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများနှင့်စပ်လျဉ်း၍ တင်ပြသည်။

ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက စီအယ်လ်အမ်ဗွီလုပ်ငန်းအစီအစဉ် ၂၀၂၃-၂၀၂၄ အကောင်အထည်ဖော်မှုတွင် ရရှိခဲ့သည့် အတွေ့အကြုံများကို အခြေခံ၍ စီအယ်လ်အမ်ဗွီ လုပ်ငန်းအစီအစဉ် ၂၀၂၅-၂၀၂၆ အကောင်အထည်ဖော်မှုကို ပိုမိုကောင်းမွန်အောင်ပူးပေါင်းဆောင်ရွက်ရန်နှင့် လုပ်ငန်းများအကောင်အထည်ဖော်ရန်အတွက် ရန်ပုံငွေရရှိစေရန် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် ပူးပေါင်းဆောင်ရွက်ရန် တို့ကို စီအယ်လ်အမ်ဗွီအဆင့်မြင့်စီးပွားရေးအရာရှိများအား လမ်းညွှန်သည်။

စီအယ်လ်အမ်ဗွီနိုင်ငံများအကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာချိတ်ဆက်မှု တိုးတက်ကောင်းမွန်စေရန် ဗီယက်နမ်နိုင်ငံက ကမ္ဘောဒီးယား၊ လာအိုနှင့်မြန်မာနိုင်ငံတို့နှင့်ပူးပေါင်းကျင်းပသည့် ကုန်စည်ပြပွဲများ၏ အရေးပါမှုကို အလေးပေးပြောကြားပြီး၊ ထိုကုန်စည်ပြပွဲများမှတစ်ဆင့် ဒေသတွင်းစီးပွားရေးမိတ်ဖက်ဆက်ဆံရေးများနှင့် ဈေးကွက် အခွင့်အလမ်းများကို ပိုမိုမြှင့်တင်ဆောင်ရွက်ရန် အဖွဲ့ဝင်နိုင်ငံများအကြား ဆွေးနွေးကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်စင်လွင်က စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင်အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ်နှင့်စပ်လျဉ်း၍ လွယ်ကူထိရောက်မှုရှိသည့်လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်သွားရန်နှင့် လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အဓိကစိန်ခေါ်မှုဖြစ်သည့် ရန်ပုံငွေရရှိရေးနည်းလမ်းများကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ပံ့ပိုးမှုဖြင့် ရှာဖွေသွားရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့ပြင် စီအယ်လ်အမ်ဗွီနိုင်ငံများအား စီးပွားရေး အလယ်အလတ်ရှိသောအဆင့်သို့ ရောက်ရှိစေရန် ရည်မှန်းရေးဆွဲထားသည့် စီအယ်လ်အမ်ဗွီ ဖွံ့ဖြိုးတိုးတက်မှု မူဘောင် အကောင်အထည်ဖော်ရေးလုပ်ငန်းအစီအစဉ်အတွက် ပေါင်းစပ်ညှိနှိုင်းရေးနည်းလမ်းများနှင့် လမ်းညွှန်ချက်များကို ဆွေးနွေး၍ အစည်းအဝေးတွင် အတည်ပြုကြသည်။

ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက စီအယ်လ်အမ်ဗွီစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖွံ့ဖြိုးမှုကွာဟချက် ကျဉ်းမြောင်းစေရေးကိုရည်မှန်း၍ အကောင်အထည်ဖော်လျက်ရှိသည့်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ပံ့ပိုးပါဝင်ဆောင်ရွက်မှုများသည် အရေးကြီးကြောင်းမှတ်တမ်းတင်ခဲ့သည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များသည် (၁၇)ကြိမ်မြောက်စီအယ်လ်အမ်ဗွီစီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့သည်။ စီအယ်လ်အမ်ဗွီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအနေဖြင့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) နိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်ခြင်း၊ ဒေသခွဲနှင့် ဒေသတွင်းဆိုင်ရာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များကိုဆောင်ရွက်ခြင်း၊ ဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းရေး လုပ်ငန်းစဉ်များနှင့် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး၏ သဘောတူညီချက်များကိုအကောင်အထည်ဖော်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၆ခုနှစ်အတွက် အလှည့်ကျ စီအယ်လ်အမ်ဗွီ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘာပတိတာဝန်ကို ဗီယက်နမ်နိုင်ငံသို့ လွှဲပြောင်းပေးအပ်သည်။

မွန်းလွဲပိုင်းတွင် (၁၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီစီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ဆက်စပ်အစီအစဉ်အနေဖြင့်မြန်မာနိုင်ငံနှင့်ဗီယက်နမ်နိုင်ငံတို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရန် ရည်ရွယ်သည့် "ဗီယက်နမ်-မြန်မာ စီးပွားရေးချိတ်ဆက်မှုကွန်ဖရင့်" ကို Melia Hotel ၌ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါမောင်က အဖွင့်အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံဘက်မှ အစိုးရပုဂ္ဂလိက ကိုယ်စားလှယ်များ၊ အထူးသဖြင့်ဆက်သွယ်ရေး၊ အိမ်ခြံမြေ၊ စက်မှုကုန်ထုတ်လုပ်ငန်း၊ တိရစ္ဆာန်အစာ၊ ကြက်သားပေါက်မွေးမြူရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍတို့မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ထို့နောက်ဗီယက်နမ်နှင့်မြန်မာစီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုစာချုပ်များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဆက်လက်ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် မြန်မာ-ဗီယက်နမ်နှစ်နိုင်ငံအကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အလားအလာ၊ အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များက အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။

မြဝတီ

# ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၇

ဒေသတွင်းစားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများက ခိုလမ်တပ်နယ်ရှိ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးခြံများအတွင်း ရာသီသီးနှံ စိုက်ပျိုးထားရှိမှု၊ တစ်ရှူးငှက်ပျောစိုက်ပျိုးထားရှိမှု၊ စင်တင်သီးနှံစိုက်ပျိုးထားရှိမှု၊ ဝက်မွေးမြူရေး၊ ငါးမွေးမြူရေး၊ ဥစားကြက်နှင့်အသားတိုးကြက်မွေးမြူရေး၊ နွားမွေးမြူရေးလုပ်ငန်းများ၊ အစာစပ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှု လုပ်ငန်းများ ရာနှုန်းပြည့်အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် ခိုလမ်တပ်နယ်ရှိဘက်စုံစိုက်ပျိုးမွေးမြူရေးခြံနှင့် တပ်ပိုင်နှင့်တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှ ထွက်ရှိသော အသား၊ ငါး၊ ကြက်ဥနှင့် ဟင်းသီးဟင်းရွက်များကို မိသားစုဝင်များအား တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်းနှင့်ခိုလမ်မြို့ရှိ အခြေခံပညာ အထက်တန်းကျောင်းမှ ပညာရေးဝန်ထမ်းများကိုလည်း သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ခိုလမ်တပ်နယ်ရှိ တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးခြံများအတွင်း ရာသီသီးနှံ စိုက်ပျိုးထားရှိမှုနှင့် တစ်ရှူးငှက်ပျောစိုက်ပျိုးထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Accountများအားမသက်ဆိုင်သူထံသို့အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အမျိုးသားနိုင်ငံရေး မဟာမိတ်များအဖွဲ့ချုပ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၇

**အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီဥက္ကဋ္ဌ ဦးသိန်းကြည်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာလ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ဦးသိန်းကြည် (ဥက္ကဋ္ဌ၊ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ)**

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများ ခင်ဗျာ**

မိမိတို့ အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီကို ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်အရကျင်းပတဲ့ ၂၀၁၀ ခုနှစ် အထွေထွေရွေးကောက်ပွဲကို ပါဝင်ဆင်နွှဲဖို့ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ စတင်တည်ထောင်ခဲ့သူများကတော့ ဦးတင်ထွန်းမောင်(ရုပ်ရှင်မင်းသားဒွေးဖခင်) မင်္ဂလာဒုံမဲဆန္ဒနယ်၊ ဦးကြည်ဝင်း (မင်္ဂလာဒုံမဲဆန္ဒနယ်)၊ ဦးမြလှိုင်(တွံတေးမဲဆန္ဒနယ်)၊ ဦးလှစိုး(မင်းဘူးမဲဆန္ဒနယ်)၊ ဦးတင်ဝင်း (ကျိုက်လတ်မဲဆန္ဒနယ်)၊ ဦးသိန်းကြည်(တောင်တွင်းကြီးမဲဆန္ဒနယ်) နှင့် ငြိမ်းချမ်းရေးနှင့် တိုးတက်ရေးအဖွဲ့အပါအဝင် နိုင်ငံရေးအင်အားစု (၉) စု ပူးပေါင်းဖွဲ့စည်းတည်ထောင်ခဲ့ပါတယ်။ ယခုအခါမှာ မိမိတို့အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ၏ ဥက္ကဋ္ဌတာဝန်ကို ဦးသိန်းကြည်က ဆက်လက်ထမ်းဆောင်လျက်ရှိပါတယ်။

မိမိတို့ပါတီဟာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၂၀ ခုနှစ် ရွေးကောက်ပွဲများတွင် အစဉ်အဆက်ပါဝင်ခဲ့ခြင်းဖြင့် ရွေးကောက်ပွဲလမ်းစဉ်နှင့် ဒီမိုကရေစီစနစ်အပေါ် မသွေဖည်ဘဲ ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ရန် ကျရာနေရာမှ တိုင်းပြည်အတွက် ဆောင်ရွက်ခဲ့ပါတယ်။

ယခုကျင်းပမည့် ၂၀၂၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း ပါဝင်ယှဉ်ပြိုင်မည့်နေရာများကတော့ တိုက်ကြီးမြို့နယ်မှ ဦးကျော်ကျော်ဟန်၊ တောင်ဥက္ကလာပမြို့နယ်မှ ဦးညဏ်လင်းအောင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဦးအောင်မျိုးမင်းနှင့် တာမွေမြို့နယ်မှ ဦးသိန်းကြည်တို့က ပြည်သူ့လွှတ်တော် (၄) နေရာအား ကိုယ်စားပြုပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို ရှင်သန်အောင်မြင်စေရန်အတွက် မိမိတို့ပါတီအနေနဲ့ ပါဝင်ဆင်နွှဲရခြင်းဖြစ်ပါတယ်။

မိမိတို့ပါတီရဲ့ ဆောင်ပုဒ်(Motto) ကတော့

ငြိမ်းချမ်းရေးသည် ပထမ

ဒီမိုကရေစီရေးသည် အဓိက

ပြည်သူ့ဘဝတိုးတက်ပြောင်းလဲရေးသည် ပဓာန ဖြစ်ပါတယ်။

ငြိမ်းချမ်းရေးမရှိရင် ဒီမိုကရေစီမရှိဘူး။

ဒီမိုကရေစီမရှိရင် ပြည်သူ့ဘဝလုံခြုံရေး၊ စားဝတ်နေရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ ပျက်စီးခြင်းနှင့် ကြုံတွေ့ခံစားနေရသည်ကို ယခုတိုင်းပြည်ကြုံတွေ့နေရသော အခြေအနေများက သက်သေခံလျက်မြင်တွေ့နေရပါတယ်။

ဒါကြောင့် မိမိတို့ ပါတီအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ် (Peace Process) တွင် သမ္မတကြီး ဦးသိန်းစိန် လက်ထက်ကစ၍ ယနေ့တည်ဆဲအစိုးရလက်ထက်တိုင်အောင် အစဉ်အဆက်ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါတယ်။

"လူသက်တမ်းက တိုပြီး သမိုင်းဖြစ်စဉ်က ရှည်လျားတယ်"ဆိုတဲ့ ဆိုရိုးတစ်ခုရှိခဲ့ပါတယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်ရာမှ အစိုးရတစ်ရပ်၊ လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ရပ်ကသာ ဆောင်ရွက်ရမှာမဟုတ်ဘဲ ငြိမ်းချမ်းရေးရဲ့အနှစ်သာရတန်ဖိုးကို သိရှိဖော်ဆောင်နိုင်ရန် (Generation By Generation) မျိုးဆက်တစ်ဆက်မှ မျိုးဆက်တစ်ဆက်သို့ ကောင်းမွန်တဲ့ အစဉ်အလာအမွေများ ချန်ထားခဲ့ရမှာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတစ်ခုတွင် တည်ဆောက်ရေးအင်အား (Constructive Element) နှင့် အဖျက်အင်အား (Destructive Element) ဆိုပြီး အင်အားစု နှစ်စုခွဲခြားနိုင်ပါတယ်။

ယခုအချိန်မှာ မိမိတို့နိုင်ငံ ကြုံတွေ့ခံစားနေရသော လက်နက်ကိုင်ပဋိပက္ခများ၊ အရှေ့အနောက် ကျူးကျော်မှုများ၊ အကြမ်းဖက်မှုများဟာ အဖျက်အင်အားစုများက အားကောင်းနေသယောင်ဖြစ်နေပါတယ်။ အကြမ်းဖက်ဝါဒက မိမိတို့ရဲ့ ရန်သူတင်မကဘဲ ကမ္ဘာကြီးရဲ့ ဘုံရန်သူဖြစ်ပါတယ်။

နိုင်ငံတိုင်းမှာ နိုင်ငံတော်ကို မပြိုဖျက်အောင် ထိန်းသိမ်းခဲ့ရတဲ့ သမိုင်းအစဉ်အလာအဖွဲ့အစည်းများရှိကြပါတယ်။ ဥပမာ- တရုတ်နိုင်ငံမှာ ကွန်မြူနစ်ပါတီဖြစ်ပြီးတော့ အိန္ဒိယနိုင်ငံမှာ ပါလီမန်စနစ်ဖြစ်ပါတယ်။ မြန်မာပြည်မှာတော့ တိုင်းပြည်မပြိုကွဲအောင် ထိန်းသိမ်းခဲ့ရတာ တစ်ခုတည်းသော (institution) ဖြစ်တဲ့ သမိုင်းဆိုင်ရာအဖွဲ့အစည်းကတော့ မြန်မာ့တပ်မတော်ပဲဖြစ်ပါတယ်။

မိမိတို့ နိုင်ငံရဲ့ နိုင်ငံရေးအရှိတရားကို နားလည်လက်ခံပြီး တပ်မတော်နှင့် လက်တွဲပြီး နိုင်ငံရဲ့ တည်ဆောက်ရေးအင်အားစုများက အရပ်ဘက်စစ်ဘက် မခွဲခြားဘဲ နိုင်ငံတည်ဆောက်ရေးကို အတူတကွပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

တည်ဆောက်ရေးအင်အားစုများက အားကောင်းမောင်းသန်မဖြစ်ပါက အဖျက်အင်အားစုများက တစ်ကျော့ပြန် ခေါင်းထောင်လာပြီး အဆိုးကျော့သံသရာကို နိုင်ငံတော်အနေဖြင့် ခံစားရမှာဖြစ်တယ်ဆိုတာ ပြည်သူလူထုတစ်ရပ်လုံးက သတိချပ်ဖို့ လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရရှိရေးအတွက် ရွေးကောက်ပွဲလမ်းကြောင်းကို ပြည်သူလူထုကြီးတစ်ရပ်လုံးက ပါဝင်လျှောက်လှမ်းဖို့ လိုအပ်လှပါတယ်။

**မဲဆန္ဒရှင်ပြည်သူများ ခင်ဗျာ**

အများသိတဲ့အတိုင်း ဒီမိုကရေစီဆိုတဲ့ စကားလုံးက ဂရိစကားမှဆင်းသက်လာပြီး ပြည်သူ့အုပ်ချုပ်ရေးလို့ အဓိပ္ပာယ်ရပါတယ်။ ပြည်သူလူထုရဲ့ (Political Right) နိုင်ငံရေးဆိုင်ရာ အခွင့်အရေးကတော့ မိမိတို့ အုပ်ချုပ်မယ့်သူတွေကို မဲပေးရွေးချယ်ခွင့်နှင့် မိမိတို့ကိုယ်တိုင် ရွေးကောက်ပွဲဝင်ခွင့်တို့ဖြစ်ပါတယ်။ ဤအခြေခံအခွင့်အရေးများကို မဆုံးရှုံးစေဖို့ ရွေးကောက်ပွဲများ အစဉ်အမြဲရှိနေဖို့ လိုအပ်ပါတယ်။ ဒီနေရာမှာ ပြည်သူလူထုရဲ့ အတွေးအခေါ်၊ အယူအဆများကို တူရာစုဖွဲ့ပြီး ဖော်ထုတ်နိုင်ဖို့ နိုင်ငံရေးပါတီများရဲ့ အခန်းကဏ္ဍက အရေးကြီးလှပါတယ်။ နိုင်ငံရေးပါတီများမရှိရင် ရွေးကောက်ပွဲများမရှိနိုင်ဘဲ အနိမ့်ဆုံးအဆင့်ဖြစ်တဲ့ ( Electoral Democracy) ရွေးကောက်ပွဲကပေးတဲ့ ဒီမိုကရေစီပင်လျှင် ပြည်သူလူထု ကြုံတွေ့ကြရမှာမဟုတ်ပါဘူး။ ဒါကြောင့် ရွေးကောက်ပွဲမှတစ်ဆင့်တက်လာတဲ့ ပြည်သူ့အာဏာအပ်နှင်းခြင်းခံရတဲ့ ပြည်သူကို ကိုယ်စားပြုတဲ့ အစိုးရတစ်ရပ်ပေါ်ပေါက်လာပြီး ပြည်သူလူထုပါဝင်တဲ့၊ အားကောင်းတဲ့ ပြည်ထောင်စုအစိုးရအားကောင်းမှသာလျှင် တိုင်းရင်းသားပြည်သူများလိုချင်တဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ် ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။ အာဏာခွဲဝေရေး၊ အခွန်ဘဏ္ဍာခွဲဝေရေး၊ သယံဇာတခွဲဝေရေး စတဲ့ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရကြား ဖွဲ့စည်းပုံအခြေခံဥပဒေအရခွဲဝေနိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့် ပါတီစုံဒီမိုကရေစီစနစ်အားကောင်းအောင် ပြည်သူတစ်ရပ်လုံးက ပါဝင်ပြီး ဆောင်ရွက်ရမှသာလျှင် ရွေးကောက်ပွဲများ အစဉ်အတည်ရှိနေပြီး ဒီမိုကရေစီအခွင့်အရေးများလည်း ရရှိလာမှာဖြစ်ပါတယ်။ ဒါကြောင့် ပြည်ထောင်စုအစိုးရ ခိုင်မာတောင့်တင်းဖို့အတွက် ပြည်သူလူထုသည် (qualified citizens) အရည်အသွေးရှိသော နိုင်ငံသားကောင်းဖြစ်ဖို့ လိုအပ်ပါတယ်။ အပြန်အလှန်အားဖြင့် အရည်အသွေးရှိသော နိုင်ငံသားနှင့် ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုအစိုးရအားကောင်းမှသာလျှင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုစနစ်ကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများ ခင်ဗျာ**

အထက်ပါတင်ပြခဲ့တဲ့ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရေးသာ ရှင်သန်ခိုင်မာခဲ့မည်ဆိုလျှင် လူမှုလူ့ဘဝဆိုတာ လူပီသစွာ နေနိုင်တဲ့အပြင် ယခုထက်သာလွန်ကောင်းမွန်သော အခြေအနေကောင်းများ ဖြစ်လာဖို့အတွက်

- ( ၁ ) ပညာရေး
- ( ၂ ) ကျန်းမာရေး
- ( ၃ ) လူမှုရေး
- ( ၄ ) စီးပွားရေး စတဲ့ အခန်းကဏ္ဍများ ပိုမို၍ တိုးတက်ဖွံ့ဖြိုးလာမည်ဖြစ်ကြောင်း ယုံကြည်မိပါကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်ပါ၍ လူမှုဘဝတိုးတက်စေရန် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးရရှိစေရန် အရေးကြီးဆုံးအချက်တစ်ခုမှာ (Rule of the Law) တရားဥပဒေစိုးမိုးရေး ဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးဖို့ဆိုသည်မှာ (Arms of the Law) ဥပဒေ၏ လက်တံများဖြစ်သည့် ရဲတပ်ဖွဲ့များ၊ တရားရေးများ၏ စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်ပါတယ်။

ဒါကြောင့် နိုင်ငံသားများကို ငယ်စဉ်ကတည်းက ပညာသင်ရာတွင် နိုင်ငံချစ်စိတ်၊ ဘာသာသာသနာကို မြတ်နိုးစိတ်၊ ဥပဒေကို လေးစားလိုက်နာစိတ်များ၊ ပြည်သူ့နီတိများအစရှိသဖြင့် သင်ကြားပေးရန် လိုအပ်လှပါတယ်။



ကျန်းမာရေးအခန်းကဏ္ဍနှင့် ပတ်သက်လျှင်လည်း နိုင်ငံသားများကို အမှန်တကယ်ထိရောက်စွာ စောင့်ရှောက်ပေးနိုင်ရန် ဂရုပြုဖို့လိုအပ်ပါတယ်။ တိုင်းပြည်ရဲ့ အမျိုးသားဝင်ငွေအရ နိုင်ငံအလိုက်ကျန်းမာရေးအသုံးစရိတ်များဟာ အနည်းအများ မတူကွဲပြားနိုင်ပါတယ်။ သို့သော် အစိုးရတစ်ရပ်က နိုင်ငံသားများရဲ့ ကျန်းမာအသက်ရှည်ဖို့ ဥပဒေကြောင်းအရ ကာကွယ်နိုင်တဲ့အရာများလည်းရှိပါတယ်။ ဥပမာဆိုရင် အစားအစာနဲ့ ဆေးဝါးများကိုစွမျိုးပဲ ဖြစ်ပါတယ်။ မိမိတို့ နိုင်ငံသားများကိုချစ်ရင် နိုင်ငံတော်ကိုချစ်ရင် ကိုယ့်လူမျိုးတွေ နေ့စဉ်စားသောက်နေတဲ့ အစားအစာများနှင့် သောက်သုံးနေတဲ့ ဆေးဝါးများကို ကြပ်မတ်စစ်ဆေးဖို့ အင်မတန်မှ အရေးကြီးပါတယ်။ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်များနှင့် သံဃာတော်များ၊ သက်ကြီးရွယ်အိုများ စသည့် မိမိလူမျိုးများဟာ အစာအဆိပ်ရှိသော၊ ရေရှည်လက်ဝါးကြီးအုပ်ထားတဲ့ ဆေးဈေးကွက်ကို တားဆီးရန် လိုအပ်ပါတယ်။ သို့မှသာ ကိုယ့်လူမျိုးကို အမှန်တကယ်ချစ်ရာရောက်ပါလိမ့်မယ်။ တစ်ဖက်ကလည်း နိုင်ငံရပ်ခြားမှာ ဆေးကုသွားရတဲ့ စရိတ်ငွေလျော့ကျလာပြီး နိုင်ငံတွင်း ဆေးလောက၊ ဆေးဝါးသုတေသနလောကကို ပိုမိုအားပေးနိုင်မှာဖြစ်ပါတယ်။ အသေးစိတ်မူဝါဒများကိုတော့ မိမိတို့ပါတီ(သို့မဟုတ်)လွှတ်တော်ထဲရောက်သည့် ပါတီဝင်များ ဆက်လက်အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။

လူမှုရေးနဲ့ပတ်သက်ရင်လည်း ပထမမြန်မာနိုင်ငံတော်တည်ထောင်ခဲ့တဲ့ အနော်ရထာမင်းမြတ်မှစ၍ ဗုဒ္ဓသာသနာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုအပ်ပါတယ်၊ မိမိတို့ရဲ့ လူ့အဖွဲ့အစည်းကို အဲဒီယဉ်ကျေးမှုအစဉ်အလာ တရားနဲ့ပဲ စုစည်းထားခြင်းဖြစ်ပါတယ်။ ဤအစဉ်အလာတရားတွေကို ဖြိုဖျက်ပြီး ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရမည်ဟု ပြောဆိုဆောင်ရွက်ခြင်းဟာ မုသားသက်သက်သာဖြစ်ပြီး မြန်မာ့လူ့အဖွဲ့အစည်းကို မသိမသာ ဆိုးဝါးစွာ ဖျက်ဆီးဖြိုဖျက်ခြင်းပဲ ဖြစ်ပါတယ်။ ဥပမာ - ၂၀၁၅-၂၀၂၀ အတွင်း အစိုးရရဲ့ လုပ်ဆောင်ချက်များကို ကြည့်ပြီး သင်ခန်းစာထုတ်ယူနိုင်ပါတယ်။ ဒါကြောင့် နောက်တက်လာမယ့် အစိုးရများအနေနဲ့ မြန်မာ့လူ့အဖွဲ့အစည်းကို စုစည်းထားတဲ့ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုများကို စည်ပင်တိုးတက်အောင် လုပ်ဆောင်ရင်း တစ်ဖက်မှာလည်း ဒီမိုကရေစီစနစ်ကို မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် ဖော်ဆောင်ဖို့ ကြိုးပမ်းသင့်ပါတယ်လို့ မိမိတို့ပါတီအနေနဲ့ ယုံကြည်ပါတယ်။

တိုင်းပြည်စီးပွားရေးနဲ့ ပတ်သက်လျှင်လည်း ကမ္ဘာကြီးမှာ စိုက်ပျိုးရေးလိုင်း၊ စက်မှုလိုင်း၊ နည်းပညာလိုင်း စသည်ဖြင့်ရှိပါတယ်။ သို့သော် မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးကိုအခြေခံတဲ့ လူမှုအဖွဲ့အစည်းအနေနဲ့ ရှိနေပြီးသားပါ။ ဒါကြောင့် စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် လက်တွေ့ကျကျဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ စက်မှုထုထောင်ရေးနဲ့ နည်းပညာနဲ့ ပတ်သက်လာလျှင်တော့ အရေးကြီးဆုံးအချက်မှာ လျှပ်စစ်မီးကို ဘယ်နည်းနဲ့ဖြစ်ဖြစ်ရရှိအောင် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ လျှပ်စစ်မရှိလျှင် ဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတစ်ခုကို အိပ်မက်ပင် မက်ရနိုင်မှာ မဟုတ်ပါဘူး။ မြစ်ဆုံလား၊ နျူကလီးယားလား စသည့် နည်းလမ်းများကို နောင်အစိုးရအနေဖြင့် တိုင်းပြည်မျက်နှာကို ထောက်ထားပြီး ဆုံးဖြတ်ဆောင်ရွက်ကြရမှာပဲ ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူများ ခင်ဗျာ**

နိုင်ငံတစ်ခုဟာ ကမ္ဘာ့အလယ်မှာ တစ်နိုင်ငံတည်း အထီးကျန်စွာ တံခါးပိတ်ပြီး နေလို့မရပါဘူး။ ဒါကြောင့် နိုင်ငံတကာနဲ့ ထိတွေ့ဆက်ဆံနေရပါတယ်။ ပကတိအရှိတရားပါ။ အထူးသဖြင့် မိမိတို့နိုင်ငံဟာ အင်အားကြီးနှစ်နိုင်ငံဖြစ်တဲ့ အိန္ဒိယနှင့် တရုတ်အကြားမှာ မဟာဗျူဟာမြောက်တည်ရှိပြီး အိန္ဒိယသမုဒ္ဒရာရဲ့ ထွက်ပေါက်လည်း ဖြစ်ပါတယ်။ မြန်မာနိုင်ငံ တည်ငြိမ်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဒီမိုကရေစီရရှိဖို့ဆိုရင် အရှေ့အနောက်အားပြိုင်မှုများနှင့် အိမ်နီးချင်းအင်အားကြီးနိုင်ငံများနဲ့ (Balance of power) အင်အားချိန်ခွင်လျှာညှိပြီး မိမိတို့ရဲ့ လွတ်လပ်၍တက်ကြွသော ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကိုင်စွဲကာ ပါးပါးနပ်နပ်ကစားနိုင်ဖို့လိုအပ်ပါတယ်လို့ မြင်ပါတယ်။

အဓိကနဲ့ နောက်ဆုံးအချက်ကတော့ မိမိတို့နိုင်ငံရဲ့ ရှေ့က အုပ်ချုပ်ခဲ့သော အစိုးရများက ချမှတ်ခဲ့တဲ့ မူဝါဒ၊ လမ်းစဉ်များကို နောက်တက်လာတဲ့ အစိုးရများအနေဖြင့် အားလုံးကိုဖျက်သုညက ပြန်စတဲ့လုပ်ရပ်မျိုးမလုပ်ဘဲ ကောင်းမွန်တဲ့ မူဝါဒ၊ လမ်းစဉ်၊ စီမံကိန်း စသည်တို့ကို ဆက်လက်ထိန်းသိမ်းအကောင်အထည်ဖော်တဲ့ (Political Culture) နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ် ပျိုးထောင်ဖို့ လိုအပ်ကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများ ကျန်းမာချမ်းသာကြပါစေ။

"နိုင်ငံတော်ကြီးလည်း ပန်းတိုင်ရောက် နိုင်ငံသားများလည်း ပန်းတိုင်ရောက်နိုင်ကြပါစေ"

# ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၇

**ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဒေါ်ချိုချိုကျော်ငြိမ်းက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို နိုဝင်ဘာလ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



ဒေါ်ချိုချိုကျော်ငြိမ်း (ဥက္ကဋ္ဌ၊ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ)

**လေးစားအပ်ပါသော မိဘပြည်သူများရှင့်**

ကျွန်မကတော့ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌ ဒေါ်ချိုချိုကျော်ငြိမ်း ဖြစ်ပါတယ်။ ကျွန်မ၏ မိဘများမှာ ဦးကျော်ငြိမ်း (နိုင်ငံတော်ဒုတိယဝန်ကြီးချုပ်ဟောင်း) နှင့် ဒေါ်နွဲ့နွဲ့ရီတို့ဖြစ်ကြပါတယ်။ ကျွန်မ၏ ဖခင်ဦးကျော်ငြိမ်းဟာ မြန်မာပြည် လွတ်လပ်ရေးရအောင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ရှေ့တန်းမှလက်တွဲပြီး ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါတယ်။ မြန်မာပြည်လွတ်လပ်ရေးရပြီး နိုင်ငံတော်ထူထောင်သည့်အခါမှာလည်း မြန်မာပြည်ဟာ အရှေ့တောင်အာရှနိုင်ငံများမှာ နိုင်ငံအများစုက အားကျခဲ့ရပါတယ်။

ကျွန်မ၏ မိခင် ဒေါ်နွဲ့နွဲ့ရီဟာလည်း နေ့စဉ် သံဃာတော် (၁၀၀၀) အား ဆွမ်းကွမ်း ဆက်ကပ်လှူဒါန်းခဲ့သော ဆွမ်းဒါယိကာမကြီးဖြစ်ပါတယ်။ ဆဋ္ဌသင်္ဂါယနာတင်ပွဲ ပြုလုပ်သည့်အခါ ဆွမ်းကွမ်းဒကာမအဖြစ် ရန်ကုန်မြို့ရှိ ကမ္ဘာအေးလိုဏ်ဂူဘုရားမှာ သံဃာတော်များအား ဆွမ်းဒကာမအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်မ၏မိခင်ဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရရန် ဆောင်ရွက်ခဲ့စဉ် ဖခင်ကြီးနှင့်အတူ လက်တွဲ၍ တိုက်ပွဲဝင်ခဲ့သောသူဖြစ်ပါတယ်။

နိုင်ငံတော်ကို ဘယ်လိုပြန်တည်ဆောက်မလဲဆိုတာ မိမိ၏ဖခင် အမြဲပြောနေတဲ့ စကားဖြစ်ပါတယ်။ ကျွန်မတို့ မြန်မာပြည်ဟာ လွတ်လပ်ရေးရကတည်းက ပြည်တွင်း မငြိမ်သက်မှုများသည် ယနေ့ထက်တိုင် ဖြစ်ပေါ်လျက်ရှိပါတယ်။ ပြည်တွင်းတိုင်းရင်းသား များကလည်း ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုထူထောင်ရန် အမြဲတောင်းဆိုလျက်ရှိပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင့်**

ဖက်ဒရယ်ဆိုသည်မှာ ယေဘုယျအားဖြင့် ဗဟိုချုပ်ကိုင်မှုလျှော့ချရေးပင် ဖြစ်ပါတယ်။ မိမိအနေဖြင့် လေ့လာမှုတွေရှိခဲ့သည်မှာ ဖက်ဒရယ်ဟာ စနစ်အမျိုးမျိုးရှိပါတယ်။ ကျွန်မတို့ တိုင်းပြည်နဲ့ လိုက်ဖက်သောစနစ်ဖြစ်ရမည်ဟု ယုံကြည်ပါတယ်။ ဖက်ဒရယ်မှာ လူမျိုးရေး ကို အခြေခံသောဖက်ဒရယ်နဲ့ တိုင်းဒေသကြီး/ ပြည်နယ်ကိုအခြေခံသော ဖက်ဒရယ် စနစ်ကို အနီးစပ်ဆုံးတွေ့ရမှာပါ။ ကျွန်မအနေနဲ့ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုး (၁၃၅) မျိုးနှင့် ဖွဲ့စည်းထားတဲ့ နိုင်ငံဖြစ်တာကြောင့် လူမျိုးအခြေခံသည့် ဖက်ဒရယ်စနစ် တည်ဆောက်မည်ဆိုပါက အင်မတန်ရှုပ်ထွေးမှုများ ရှိလာနိုင်ပါတယ်။ ဒါကြောင့် တိုင်းဒေသကြီး/ ပြည်နယ်ကိုအခြေခံသော ဖက်ဒရယ်စနစ်ကိုသာ တည်ဆောက်ဖို့ ကျွန်မတို့ပါတီမှ သက်ဝင်ယုံကြည်တာကြောင့် ပဲခူးတိုင်းဒေသကြီးမှာ ဖက်ဒရယ် ဒီမိုကရက်တစ်ပါတီကို ထူထောင်ခဲ့ခြင်းဖြစ်ပါတယ်။

ယနေ့အချိန်ဟာ ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပရန် လအနည်းငယ်သာ လိုပါတော့တယ်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရင် လွှတ်တော်တစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပါတယ်။ လွှတ်တော်ပေါ်ပေါက်လာပါက ပြည်သူများ ရင်ဆိုင်နေရ သော ပြဿနာများကို လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လွှတ်တော်တွင် ဆွေးနွေးနိုင်မှာဖြစ်ပါတယ်။ လွှတ်တော်ဆိုတာဟာ တိုင်းပြည်၏ ဦးနှောက်ဟုပင် တင်စားခေါ်ရမှာ ဖြစ်ပါတယ်။ လွှတ်တော်ကသာ ရွေးကောက်ပွဲအပြီး ပေါ်ပေါက်လာ သော အစိုးရကို ထိန်းကျောင်းရမည်ဖြစ်ပါတယ်။ အစိုးရကို ထိန်းကျောင်းဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များကလည်း အရည်အချင်းရှိရမည့်အပြင် လွှတ်တော် ထဲမှာ ပြောတတ်၊ ဆိုတတ်၊ ပြောရဲဆိုရဲရှိသော လွှတ်တော်ကိုယ်စားလှယ်များ ပါရှိရမှာ ဖြစ်ပါတယ်။ ကျွန်မတို့ပါတီဟာ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ပညာတတ်များ ဖြင့် ရွေးချယ်ထားသည့်အပြင် တရားလွှတ်တော်ရှေ့နေအများစုကိုလည်း လွှတ်တော် ကိုယ်စားလှယ်လောင်းများအဖြစ် စုစည်းထားပါတယ်။ ရွေးကောက်ပွဲအပြီး ပေါ်လာမယ့် အစိုးရဟာ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံတာကြောင့် ပါတီအများစုပါဝင်သော အစိုးရဖြစ်မည်ဟု ကျွန်မအနေဖြင့် ယုံကြည်ပါတယ်။ ပါတီအများစုပါဝင်သော အစိုးရဖြစ်တာကြောင့် တစ်ဦးနှင့်တစ်ဦး ထိန်းကျောင်းပြီး နိုင်ငံတော်ပြန်လည် တည်ဆောက်ရေးလုပ်ငန်းများ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါတယ်။

**လေးစားအပ်ပါသော မိဘပြည်သူများရှင့်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သူ နိုင်ငံသားအားလုံးတို့ဟာ ဒီမိုကရေစီ ပြည်ထောင်စုကြီး၌ ပျော်ပျော်ရွှင်ရွှင်၊ ချစ်ချစ်ခင်ခင် ငြိမ်းချမ်းသာယာစွာ နေထိုင်နိုင်ကြရန် အလို့ငှာလည်းကောင်း၊ လူမျိုးမရွေး၊ ကျားမ မရွေး၊ ဘာသာမရွေး၊ အသက်ကြီးငယ် မရွေး၊ နေထိုင်ရာဒေသ၊ ငွေကြေးဆင်းရဲချမ်းသာမရွေး ပြည်ထောင်စုသားတိုင်းဟာ –

(က) နိုင်ငံရေးလွတ်လပ်ခွင့် အပြည့်အဝရရှိစေရန်
( ခ ) စီးပွားရေးလွတ်လပ်ခွင့်များရရှိစေရန်
( ဂ ) လူမှုရေးလွတ်လပ်ခွင့်များရရှိစေရန်

၎င်းအခွင့်အရေးများကို အပြည့်အဝရရှိစေရန် “ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ” ကို ဖွဲ့စည်းတည်ထောင်ထားခြင်းဖြစ်ပါတယ်။ ပါတီအမည်မှာ “ဖက်ဒရယ်ဒီမိုကရက် တစ်ပါတီ” ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဟာ မိမိတို့ ပြည်ထောင်စု သားအားလုံး ပိုင်ဆိုင်ကြောင်း၊ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်ရေးဟာလည်း မိမိတို့တွင် တာဝန်ရှိကြောင်း၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်မည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ပါတီရဲ့အလံ – ရွှေဝါရောင်နောက်ခံ၏ အလယ်ဗဟို၌ အစိမ်းရောင်ကဒေါင်းထား ရှိပါတယ်။ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီအလံ၏ အောက်ခံအဝါရောင်ဟာ နိုင်ငံတော်၏ မြေပေါ်မြေအောက်သယံဇာတနှင့်ပြည့်စုံ၍ ချမ်းသာကြွယ်ဝခြင်းကို ဖော်ညွှန်းပါတယ်။ အစိမ်းရောင်ကဒေါင်းကတော့ ပြည်ထောင်စုသားများအားလုံး စိတ်ချမ်းမြေ့စွာနှင့် ပျော်ရွှင်ကြည်နူးမှုရရှိကြောင်းကို ဆိုလိုပါတယ်။

**မူဝါဒသဘောထား**

ကျွန်မတို့ပါတီဟာ ပြည်ထောင်စုသူ၊ ပြည်ထောင်စုသားများအား ဒီမိုကရေစီ အခွင့်အရေးအပြည့်အဝခံစားရရှိနိုင်ရန်နှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံ သော ပြည်ထောင်စုကြီး ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ပေးပါမယ်။

ကျွန်မတို့ပါတီက ယုံကြည်သော ဒီမိုကရေစီစနစ်တွင် လွတ်လပ်ခြင်း၊ တရားမျှတခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ထွန်းကားကျင့်သုံးနိုင်ရေး၊ နိုင်ငံရေး လွတ်လပ်မှု၊ စီးပွားရေးလွတ်လပ်မှု၊ တရားစီရင်ရေး လွတ်လပ်မှု၊ လွတ်လပ်စွာ တွေးတောကြံဆနိုင်မှု၊ လွတ်လပ်စွာဟောပြောစည်းရုံးနိုင်မှုစသည့် လွတ်လပ်မှုအခြေခံ အခွင့်အရေးများကို ပြည်သူတို့ အပြည့်အဝခံစားနိုင်ကြရန်ဖြစ်ပါတယ်။

**အမျိုးသားအချင်းချင်းပြန်လည်ရင်ကြားစေ့ရေး**

အမျိုးသားအချင်းချင်း ပြန်လည်ရင်ကြားစေ့ရေးမှုဟာ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အချက်အချာကျပါတယ်။ ထိုမှုကို “ဖက်ဒရယ်ဒီမိုကရက်တစ် ပါတီ” က အလေးအနက်ထားပြီး အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

တစ်မျိုးသားလုံး အေးအတူပူအမျှ အတူတကွ လက်တွဲဆောင်ရွက်နိုင်ကြရေး အတွက် မိမိတို့ဟာ တစ်နိုင်ငံတည်းသားများဖြစ်ကြသည်ဟူသော မိသားစုစိတ်ဓာတ် များထားရှိရန် လိုအပ်ပါတယ်။

**တိုင်းရင်းသားလူနည်းစုများအရေး**

ပင်လုံညီလာခံအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်ပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်မှုကို တည်ဆောက်ခဲ့ပါတယ်။

(၁၉၄၇) ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လွှတ်တော်မှ ရေးဆွဲခဲ့ပါသည်။ ထိုစဉ်က နိုင်ငံခေါင်းဆောင်များရွေးချယ်ခဲ့လိုက်သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ မှာ လူနည်းစုများလည်း ကျေနပ်စေ၊ ထိရောက်သော နိုင်ငံအုပ်ချုပ်ရေးလည်းဖြစ်စေ သည့် အသွင်သဏ္ဌာန်အားဖြင့် ပြည်ထောင်စု၊ အနှစ်သာရအားဖြင့် တစ်ပြည်ထောင် စနစ်ဖြစ်ပါတယ်။

သို့သော်လည်း လွတ်လပ်ရေးနှင့်အတူ ပါတီဂိုဏ်းဂဏဝါဒ၊ လူမျိုးရေးဂိုဏ်းဂဏဝါဒ အစွဲများကြောင့် အချင်းချင်း စိတ်ဝမ်းများကွဲခဲ့ကြရပါတယ်။ ပြည်ထောင်စုနိုင်ငံကြီး ဟာလည်း ကမ္ဘာ့အဆင့်အတန်းမီဖြစ်မလာဘဲ ..ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရပါတယ်။ ထိုအကျိုးဆက်များကြောင့် ပြည်ထောင်စုကြီးကို ချစ်သည့်စိတ်၊ တိုင်းရင်းသား အချင်းချင်း ညီညွတ်သောစိတ်များ ပျက်ပြယ်ခဲ့ရပါတယ်။

**စီးပွားရေးကဏ္ဍ**

စီးပွားရေးကဏ္ဍတွင် လွတ်လပ်သော ဈေးကွက်စီးပွားရေး၊ ပုဂ္ဂလိက ကုန်ပစ္စည်း ထုတ်လုပ်ရေး၊ ပုဂ္ဂလိကနှင့် နိုင်ငံခြားဖက်စပ်လုပ်ငန်းများ၊ ပုဂ္ဂလိက – အစိုးရ ဖက်စပ် လုပ်ငန်းများ၊ ပုဂ္ဂလိက – အစိုးရနှင့် နိုင်ငံခြားဖက်စပ်လုပ်ငန်းများ၊ အစိုးရအချင်းချင်း ဖက်စပ်လုပ်ငန်း၊ သမဝါယမလုပ်ငန်း၊ အစိုးရမှတာဝန်ယူရသော စီးပွားရေးကဏ္ဍ ဟူ၍ အသီးသီးရှိပါတယ်။

**ပညာရေးမူဝါဒ**

“ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ” ဟာ ရေရှည်တည်တံ့ခိုင်မြဲခြင်းရှိတဲ့ ပညာရေး စနစ်ကိုဦးတည်ပြီး စီမံကိန်းများ ချမှတ်ဆောင်ရွက်ပါမယ်။ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ ပညာရေးစနစ်ကို ခေတ်နှင့်အမီ ရင်ပေါင်တန်း ရပ်တည်နိုင်ရေးအတွက် နိုင်ငံခြား ပညာသင်များ ပိုမိုစေလွှတ်ခြင်း၊ နိုင်ငံတကာမှကျွမ်းကျင်သည့် ပညာရှင်များကိုလည်း ဖိတ်ခေါ်လေ့ကျင့်စေခြင်းတို့ကိုပြုလုပ်မည်ဖြစ်ပါတယ်။

နိုင်ငံတကာပညာရေးစနစ်နှင့် ရင်ပေါင်တန်းနိုင်အောင် တက္ကသိုလ်၊ ကောလိပ် နှင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုကျောင်းများကို ပြုပြင်မွမ်းမံတိုးချဲ့ဆောင်ရွက်ပါမယ်။ တိုးတက်ပြောင်းလဲနေသော ကမ္ဘာ့အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြည်ထောင်စုမြန်မာနိုင်ငံသားများကို နိုင်ငံတကာလုပ်ငန်းခွင်တွင် ဝင်ရောက် ယှဉ်ပြိုင်သင်ကြားလေ့ကျင့်စေပါမယ်။ ကျွမ်းကျင်လုပ်သားများကို မွေးထုတ်ပေးပြီး နိုင်ငံတကာလူသားအရင်းအမြစ်ဈေးကွက်မှာ မြန်မာလုပ်သားများ ဝင်ရောက် ထိုးဖောက်နိုင်စေရန်အတွက် နည်းပညာနှင့်အတတ်ပညာများ သင်ကြားပေးခြင်း အားဖြင့် အစဉ်သဖြင့် မွမ်းမံပေးမည်ဖြစ်ပါတယ်။

**ကျန်းမာရေးမူဝါဒ**

ပြည်ထောင်စုမြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်ကို ခေတ်နှင့်လျော်ညီစွာ နိုင်ငံတကာ အဆင့်သို့ရောက်အောင် တည်ဆောက်မည်။ လူတိုင်းအခမဲ့ဆေးဝါးကုသခွင့်ကို ရှေးရှုဦးတည်ပြီး စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်မည်။ ပြည်သူ့ကျန်းမာရေး ကို အနောက်တိုင်းဆေးပညာနည်း၊ တိုင်းရင်းဆေးပညာနည်းတို့ဖြင့် ပေါင်းစပ် အကောင်အထည်ဖော်မည်ဖြစ်ပါတယ်။

ဆေးကုသရေး၊ ကာကွယ်ရေးနှင့် ပညာပေးလုပ်ငန်းများကို ဟန်ချက်ညီစေရန် အမျိုးသားကျန်းမာရေးမူများချမှတ်ပြီး ပြည်သူ့ကျန်းမာရေးစနစ်ဖြင့် ကျေးလက် ဒေသ၊ နယ်စပ်ဒေသနှင့် တောင်တန်းဒေသများပါမကျန် ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရန် ဆောင်ရွက်ပါမည်။

**လူမှုစောင့်ရှောက်ရေးမူဝါဒ**

ပြည်ထောင်စုမြန်မာနိုင်ငံသားအားလုံးသည် နိုင်ငံတော်အစိုးရနှင့် မြန်မာ့လူမှု အသိုက်အဝန်း၏ ကာကွယ်စောင့်ရှောက် ခွင့်ကို တစ်ပြေးညီရရှိခံစားသင့်တယ်လို့ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီက လက်ခံ ယုံကြည်ထားပါတယ်။ အထူးသဖြင့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အို များဟာ နိုင်ငံတော်နှင့် ပြည်သူလူထု၏




အထူးကာကွယ်စောင့်ရှောက်ခွင့်ကို ရရှိခံစားထိုက်သူများဖြစ်ပါတယ်။ မသန်စွမ်းသူ များ၊ ဒုက္ခိတများ၊ မမာမကျန်းဖြစ်နေသူများ၊ ရောဂါသည်လူနာများကို အနည်းဆုံးအခမဲ့ ကုသကာကွယ်စောင့်ရှောက်မှု ခံစားခွင့်များရရှိစေရန် စီမံဆောင်ရွက်မှာဖြစ်ပါ တယ်။ ခိုကိုးရာမဲ့၊ အိုးအိမ်မဲ့ ဒုက္ခသည်များကိုလည်း ယာယီအစားအသောက်နှင့် နေထိုင်တည်းခိုစရာအိမ်ရာများကို ဈေးနှုန်းသက်သာစွာ နေထိုင်နိုင်ရေးအတွက် အမျိုးသားလူမှုစောင့်ရှောက်ရေးစီမံချက်အောက်မှာ အိမ်ရာများကို ဖန်တီးပေး မည်ဖြစ်ပါတယ်။ စစ်မှုထမ်းဟောင်းများနှင့် ပင်စင်စားသက်ကြီးရွယ်အိုများအတွက် လူမှုအာမခံချက်များရရှိစေရန်နှင့် သက်သောင့်သက်သာဖြင့် အနားယူနေထိုင် နိုင်ရန် စီမံဆောင်ရွက်ပေးမှာပါ။

**တောင်သူလယ်သမားအရေး**

ကိုယ်တိုင်လယ်လုပ်သူများအပါအဝင် အခြားမြေဖြင့် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူများအတွက် လယ်ယာမြေလွှဲပြောင်းခွင့်၊ အမွေပေးခွင့်၊ ရောင်းချ ပေါင်နှံခွင့်စသည့် အခွင့်အရေးတို့ကိုလည်း ရရှိစေရပါမည်။

လယ်ယာမြေလုပ်ငန်းအတွက် လိုအပ်သော မျိုးကောင်းမျိုးသန့်နှင့် အထွက်တိုး မျိုးစပါးရရှိရေး၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ကြိတ်ခွဲရေးအပါအဝင် လယ်ယာမြေ ပြုပြင်ထိန်းသိမ်းရေးအတွက် လိုအပ်သောပံ့ပိုးမှုများကို စိုက်ပျိုးရေးဘဏ်များ တိုးတက် ဖွင့်လှစ်၍ စိုက်ပျိုးစရိတ်ငွေ ထုတ်ချေးခြင်းနည်းအရသော်လည်းကောင်း၊ နိုင်ငံတော်မှ လည်းကောင်း၊ နိုင်ငံတော်၏ ငွေကြေးအခြေအနေအရသော်လည်းကောင်းပံ့ပိုးကူညီ မှာဖြစ်ပါတယ်။ လယ်ယာမြေနှင့် စိုက်ပျိုးရေးတွင် ဆန်စပါးနှင့် စက်မှုကုန်ကြမ်း ထုတ်လုပ်မှုအတွက် စီမံကိန်းချနည်းဖြင့် အဓမ္မကျင့်သုံးခြင်းမပြုဘဲ ပြည်တွင်းပြည်ပ ဈေးနှုန်းအတက်အကျနှင့် နိုင်ငံခြားဝင်ငွေလည်း ပိုမိုရရှိနိုင်မည့်သီးနှံများကို စိတ်ကြိုက် စိုက်ပျိုးနိုင်ရန် အားပေးကူညီပါမယ်။

ပုဂ္ဂလိကစက်မှုလယ်ယာနှင့် နှစ်ရှည်သီးပင်စားပင်များ စိုက်ပျိုးထုတ်လုပ်နိုင်ရေး အတွက် မြေလွတ်မြေရိုင်းများ တိုးချဲ့ဖော်ထုတ်ခြင်းများကို ခွင့်ပြုပါမယ်။

လယ်ယာမြေမှ စိုက်ပျိုးထုတ်လုပ်သော ဆန်စပါးနှင့် အခြားသီးနှံမျိုးစုံတို့ကို လွတ်လပ်စွာစိုက်ပျိုးခွင့်၊ သိုလှောင်ကြိတ်ခွဲခွင့်၊ သယ်ယူပို့ဆောင်ခွင့်၊ ရောင်းချခွင့်များ ရရှိစေရမှာဖြစ်ပါတယ်။

ခေတ်မီစိုက်ပျိုးရေး၊ လယ်ယာမြေထုတ်ကုန်တိုးတက်ရေးတို့အတွက် ခေတ်မီ နည်းပညာတိုးတက်စေရန်နှင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းလိုက်နိုင်စေရန် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို ရယူမည်။ ကမ္ဘာ့ကုလသမဂ္ဂအထူးအေဂျင်စီများ အကူအညီဖြင့်သော်လည်းကောင်း၊ အခြားနည်းအားဖြင့်သော်လည်းကောင်း တောင်သူလယ်သမားများအား ပံ့ပိုးကူညီမည်ဖြစ်ပါတယ်။

တောင်သူလယ်သမားများအနေနှင့် ဒီမိုကရေစီကျင့်စဉ်အရ မိမိတို့အခွင့်အရေးကို ကာကွယ်ပိုင်ခွင့်၊ မိမိတို့လူနေမှုဘဝ တိုးတက်မြင့်မားရေး၊ အကျိုးတူလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် “တောင်သူလယ်သမားအစည်းအရုံး” ကို လွတ်လပ်စွာဖွဲ့စည်းနိုင်ခွင့် ရှိစေရပါမယ်။

**နိုင်ငံတော်ကာကွယ်ရေးနှင့်တပ်မတော်ကဏ္ဍ**

နိုင်ငံတော်ဟု တည်ထောင်ဖွဲ့စည်းသည်နှင့်တစ်ပြိုင်နက် နိုင်ငံတော်ကာကွယ်ရေး အတွက် တပ်မတော်ထူထောင်ဖွဲ့စည်းတည်ရှိရေးဟာ မရှိမဖြစ် လိုအပ်ချက်တစ်ရပ် ဖြစ်ပါတယ်။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖြစ်ပေါ်တိုးတက်မှုသမိုင်းအစဉ်အလာအရ တပ်မတော်ကဏ္ဍဟာ ထူးခြားစွာ ပါဝင်ခဲ့ပါတယ်။ ထိုထူးခြားသော သမိုင်းအစဉ်အလာ ကို ဆက်လက်ထိန်းသိမ်းရန် အထူးလိုအပ်ပါတယ်။

ပြည်သူတို့၏ သားသမီးများဖြင့် ပါဝင်ဖွဲ့စည်းထားသော တပ်မတော်သည် နိုင်ငံတော်နှင့် ပြည်သူတို့အတွက် အန္တရာယ်အသွယ်သွယ်တို့ကို ကာကွယ်သော ပြည်သူ့တပ်မတော်၊ မျိုးချစ်တပ်မတော်အဖြစ် အစဉ်အလာကောင်းများကို ဆက်လက် ထိန်းသိမ်းသော တပ်မတော်ဖြစ်စေရပါမယ်။

မြန်မာနိုင်ငံတော်၏ လိုအပ်ချက်၊ နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေနှင့်အညီ ကျစ်လျစ်ခိုင်မာ၍ ခေတ်မီတိုးတက်သော စစ်စွမ်းရည်၊ တိုက်ခိုက်ရေးစွမ်းရည် မြင့်မားသော ခေတ်မီတိုးတက်သည့် တပ်မတော်ဖြစ်စေရပါမယ်။

**နိုင်ငံခြားရေး**

နိုင်ငံတိုင်းဟာ မိမိနိုင်ငံအကျိုးရှိရေး ရည်မှန်းချက်များနှင့်အညီ နိုင်ငံတကာနှင့် မိတ်ဝတ်မပျက် ဆက်ဆံပေါင်းသင်းရမြဲဖြစ်ပါတယ်။ ထိုအခြေခံဖြင့် နိုင်ငံခြားရေး မူဝါဒများ ချမှတ်လိုက်နာဆောင်ရွက်ကြရမြဲ ဖြစ်ပါတယ်။

**ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ၏ မျှော်မှန်းချက်**

ပြည်ထောင်စုမြန်မာနိုင်ငံတော်သစ်ကြီး တည်ဆောက်ရေးအတွက် ကြိုးပမ်းရာမှာ မိမိတို့၏ “ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ” သည် –

( က ) ပြည်ထောင်စုသားတိုင်း ဒီမိုကရေစီ လူ့အခြေခံလွတ်လပ်မှုအခွင့်အရေး များကို စည်းကမ်းတကျ ခံစားခွင့်အညီအမျှရရှိစေလိုသည်၊
( ခ ) ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာသောအခြေအနေကို ဖန်တီးလိုသည်၊
( ဂ ) အမျိုးသားညီညွတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးကို လိုလားသည်၊
( ဃ ) ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး ပေါ်ပေါက် လာစေရန် လိုလားသည်။

ထိုအခြေအနေ (၄) ရပ်အပေါ်မူတည်၍ တည်တံ့ခိုင်မြဲသော နိုင်ငံတော်ကို တွေ့မြင်လိုသည်။ ထိုမှတစ်ဆင့် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံးနှင့်အတူ ညီညာဖြဖြ လက်တွဲဆောင်ရွက်လိုသည်။ ယင်းသို့သော မွန်မြတ်သည့် ရည်ရွယ်ချက်များဖြင့် “ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ” ကို တည်ထောင်ဖွဲ့စည်းခဲ့ပါတယ်။

**မိဘပြည်သူများရှင့်**

နိဂုံးချုပ်အနေနှင့် ကျွန်မတို့ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီသည် ပဲခူးတိုင်း ဒေသကြီးအခြေစိုက် ပါတီဖြစ်သည့်အတွက်ကြောင့် ပဲခူးတိုင်းဒေသကြီးရှိ မိဘ ပြည်သူများ မိမိတို့ပါတီနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါလို့ ဖိတ်ခေါ်ပါတယ်။ ရဲရဲသာလက်တွဲလိုက်ပါ။ ကျွန်မတို့ ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီမှ ပြည်သူများ၏ လိုအပ်ချက်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်သွားပါမည်ဟု ဝန်ခံကတိပြုရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

# ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏(၁၇)ကြိမ်မြောက် အစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

ဥပဒေဘာသာပြန်ကော်မရှင်၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များ၏(၁၇)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဥပဒေဘာသာပြန်ကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာသီတာဦးက ယခုအစည်းအဝေးသည် မိမိကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စဉ်ကာလ၌ (၁၀)ကြိမ်မြောက် ကျင်းပသည့် အစည်းအဝေးဖြစ်ကြောင်း၊ ယင်းကာလတွင် ယခင်အင်္ဂလိပ်ကိုလိုနီခေတ်၌ အင်္ဂလိပ်ဘာသာဖြင့်ပြဋ္ဌာန်းခဲ့သည့် ဥပဒေ ၂၈ ရပ်ကို မြန်မာဘာသာပြန်ဆို အတည်ပြုခဲ့ပြီး ဥပဒေဘာသာပြန်စာအုပ်အမှတ် (၉)မှ (၁၆)ထိ စာအုပ်ရှစ်အုပ် ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြောင်း၊ စာအုပ် အမှတ်(၁၆)တွင် The Bills of Lading Act၊ The District Cesses Act၊ The Fatal Accidents Act၊ The Myanmar Passport Act၊ The Poisons Act နှင့် The Religious Societies Act တို့ကို ပုံနှိပ်ထုတ်ဝေနိုင်ခဲ့ကြောင်း။

ယခုအစည်းအဝေးတွင် ဥပဒေ ၆ ရပ်ဖြစ်သည့် The Judicial Officers Protection Act ၊ The Treasure Trove Act၊ The Obstructions in Fairways Act၊ The Myanmar Territorial Force Act၊ The Water Power Act နှင့် The Evidence Act တို့ကို ဆွေးနွေးအတည်ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းအဖွဲ့ငယ်များမှအဖွဲ့ဝင်များက တက်ရောက်ဆွေးနွေးကြပြီး အစည်းအဝေးကို နိုဝင်ဘာလ ၇ ရက်မှ ၈ ရက်အထိ နှစ်ရက်ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ



# ၂၀၂၅ ခုနှစ် (၁၄)ကြိမ်မြောက် အာဆီယံ ကျောင်းသား အားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာကျောင်းသား အားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်း

နေပြည်တော် နိုဝင်ဘာ ၇

၂၀၂၅ ခုနှစ် (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာကျောင်းသားအားကစားအဖွဲ့အား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၁၃) ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ အားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူများ၊ နည်းပြများ၊ အားကစားမောင်မယ်များတက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဘရူနိုင်းဒါရူဆလမ်နိုင်ငံတွင်ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံအနေဖြင့် အခြေခံပညာဦးစီးဌာနက ဦးဆောင်၍ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အဆင့် ကျောင်းသားအားကစားပြိုင်ပွဲများကျင်းပပြီး အဆိုပါပြိုင်ပွဲများမှတစ်ဆင့် ကျောင်းသား၊ ကျောင်းသူများကို စနစ်တကျရွေးချယ်ကာနေပြည်တော်အားကစားလေ့ကျင့်ရေးစခန်း(၂)တွင် အားကစားနည်းအလိုက် ကျွမ်းကျင်သော ကာယပညာဆရာများနှင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များမှ နည်းပြများဖြင့် စနစ်တကျလေ့ကျင့်ပေးသည်ကို တွေ့ရှိရသည့်အတွက် ဆုတံဆိပ်များရရှိမည်ဟု ယုံကြည်ကြောင်းပြောကြားသည်။




ယင်းနောက် ပြည်ထောင်စုဝန်ကြီးက (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာကျောင်းသားအားကစားအဖွဲ့ထံသို့ အောင်နိုင်ရေးအလံပေးအပ်ပြီး ကျောင်းသားအားကစားအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၅၀ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာကျောင်းသားအားကစားအဖွဲ့အား ပံ့ပိုးကူညီပေးသည့် ROYAL-D နှင့် WINNER SPORT တို့ကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် အတွင်းရေးမှူးက ပြိုင်ပွဲဝင် ဖိနပ်များနှင့်လိုအပ်သောပစ္စည်းများကိုပေးအပ်ရာ ဒုတိယဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်၍ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ ပေးအပ်ရာ မြန်မာကျောင်းသားအားကစားအဖွဲ့ တာဝန်ခံက လက်ခံရယူသည်။

ဘရူနိုင်းဒါရူဆလမ်နိုင်ငံတွင် နိုဝင်ဘာလ ၂၀ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် (၁၄)ကြိမ်မြောက် အာဆီယံကျောင်းသားအားကစားပြိုင်ပွဲကြီးတွင် အားကစားနည်းရှစ်မျိုးကျင်းပသွားမည်ဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ကြက်တောင် (အမျိုးသား/အမျိုးသမီး)၊ ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး)၊ ပိုက်ကျော်ခြင်း(အမျိုးသား)နှင့် ဘတ်စကက်ဘော(အမျိုးသား) အားကစားနည်းလေးမျိုး ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

ယနေ့နံနက်ပိုင်းတွင်လည်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း(ခွဲ) အလက(၁)သို့ ရောက်ရှိကာ ကွန်ပျူတာခန်း၊ စက်မှုနည်းပညာတစ်ခန်း၊ စိုက်ပျိုးရေးလက်တွေ့ပြခန်း၊ Drawing ခန်းများရှိ လက်တွေ့ခန်းသုံးပစ္စည်းများအားကြည့်ရှုစစ်ဆေးပြီး ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ


❒ ကျောဖုံးမှအဆက်

ပြိုင်ပွဲ၄၈-၅၁ ကီလိုတန်းတွင် နှင်းသက်ဝေ ရွှေတံဆိပ်၊ Dual Knife From(female)ပြိုင်ပွဲတွင် မမေဟန်နီအောင်လွင်က ရွှေတံဆိပ်၊ Dragon-Tige From (male)ပြိုင်ပွဲတွင် မောင်တင်ထူးဇော်က ငွေတံဆိပ်၊ pair Knife from(male)ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်+မောင်ကျော်သူစိုးအောင်တို့က ငွေတံဆိပ်၊ Four-Element Staff From (male)ပြိုင်ပွဲတွင် မောင်တင်ထူးဇော်က ငွေတံဆိပ်၊pair Sword from (male)ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်+ မောင်တင်ထူးဇော်တို့က ငွေတံဆိပ်၊ Pair Machette From (males)ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်+မောင်တင်ထူးဇော်တို့က ငွေတံဆိပ်များရရှိခဲ့ကြသည်။

ထို့အတူ Ying Yang Sword From (Female)ပြိုင်ပွဲတွင် မမေဟန်နီအောင်လွင်က ကြေးတံဆိပ်၊ Mix Basic Self Dedense Technique(3 females 3 males)ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်+ မောင်ကျော်သူစိုးအောင်+မောင်တင်ထူးဇော်+မချစ်နှိုင်းဒီဆောင်း+မမေဟန်နီအောင်လွင်+မနှင်းသက်ဝေတို့က ကြေးတံဆိပ်၊ Ying Yang Sword From (male)ပြိုင်ပွဲတွင် မောင်ကျော်သူစိုးက ကြေးတံဆိပ်၊ 1females Defense againstmales with weapon ပြိုင်ပွဲတွင် မမေဟန်နီအောင်လွင် မောင်ဟိန်းထက်အောင်+မောင်ကျော်သူစိုးအောင်+ မောင်တင်ထူးဇော်တို့က ကြေးတံဆိပ်၊ Cross - From (male) ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်က ကြေးတံဆိပ်၊ Female Self Defence from ပြိုင်ပွဲတွင် မောင်ဟိန်းထက်အောင်+မချစ်နှိုင်းဒီဆောင်းတို့က ကြေးတံဆိပ်၊ Pair Sword From (male)ပြိုင်ပွဲတွင် မချစ်နှိုင်းဒီဆောင်း+မမေဟန်နီအောင်လွင်တို့က ကြေးတံဆိပ်များ အသီးသီးဆွတ်ခူးရရှိခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

## မိုးလေဝသ သတင်း




| ထူးခြားသည့်ညအပူချိန်များ | |
|---|---|
| ဟားခါး | ၁၂.၆˚C |
| လွိုင်လင် | ၁၅.၄˚C |
| ဟုမ္မလင်း | ၁၅.၅˚C |
| တောင်ကြီး | ၁၇˚C |
| ပင်လောင်း | ၁၇.၂˚C |
| ပြင်ဦးလွင် | ၁၇.၇˚C |
| နမ့်စန်(ရှမ်းပြည်တောင်ပိုင်း) | ၁၇.၈˚C |
| ဟဲဟိုး | ၁၈˚C |

| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကော့သောင်း | (၂. ၂၄)လက်မ |
| ကျိုက္ကမီ | (၂.၁၇)လက်မ |
| ဖျာပုံ | (၁.၈၁)လက်မ |
| မော်ဘီ | (၁.၅၀)လက်မ |
| ဒေးဒရဲ | (၁.၃၆)လက်မ |
| ကျိုက်လတ် | (၁.၀၀)လက်မ |
| ဇလွန် | (၀.၅၉)လက်မ |
| မိုးညှင်း | (၀.၅၉)လက်မ |
| နေပြည်တော် (ဇေယျာသီရိ) | (၀.၅၁)လက်မ |
| ကလော | (၀.၄၉)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၁ | ၂၆ |
| ရှမ်း(မြောက်) | ၁၉ | ၂၈ |
| ရှမ်း(အရှေ့) | ၂၀ | ၃၀ |
| ရှမ်း(တောင်) | ၁၉ | ၂၅ |
| ချင်း | ၁၄ | ၂၂ |
| စစ်ကိုင်း(အထက်) | ၂၀ | ၃၀ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၃ |
| နေပြည်တော် | ၂၄ | ၃၃ |
| မန္တလေး | ၂၃ | ၃၃ |
| မကွေး | ၂၃ | ၃၄ |
| ရခိုင် | ၂၀ | ၃၂ |
| ပဲခူး | ၂၂ | ၃၃ |
| ရန်ကုန် | ၂၄ | ၃၃ |
| ဧရာဝတီ | ၂၄ | ၃၃ |
| ကယား | ၁၉ | ၂၈ |
| ကရင် | ၂၃ | ၃၄ |
| မွန် | ၂၄ | ၃၃ |
| တနင်္သာရီ | ၂၃ | ၃၂ |

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဆောင်ပုဒ်

စည်းလုံးချစ်ကြည်လက်တွဲညီ ရွှေပြည်သစ်ဆီလှမ်းကြမည်။

**၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်**
**(၁၄-၁၁-၂၀၂၅)**

## ၂၀၂၅ ခုနှစ်၊ ၁၀၅ နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ

- ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်ဖြင့် ထိန်းသိမ်းစောင့်ရှောက်ရေး။
- အသိပညာအတတ်ပညာပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံတော်ကိုတည်ဆောက်ရေး။
- အမျိုးသားပညာရေးကိုမြှင့်တင်ခြင်းဖြင့် နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေး။
- အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

# နှစ်(၇၀) ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၇

ကရင်တိုင်းရင်းသားလူမျိုးတို့၏နေ့ထူးနေ့မြတ်ဖြစ်သည့် နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင်ပြည်နယ်အစိုးရအဖွဲ့ရုံးရှေ့ မြက်ခင်းပြင်၌ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန (၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တက်ရောက်သည်။




အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ဗဟိုအကြံပေးအဖွဲ့ဝင်များဖြစ်ကြသည့် စောဒန်နီယယ်၊ ဒေါက်တာဗညားအောင်မိုး၊ မန်းငြိမ်းမောင်နှင့် ပိုးရယ်အောင်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ တိုင်းရင်းသားလက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများ၊ ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ သဘာပတိအဖွဲ့ဝင်များ နေရာယူပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအားအလေးပြု၍ ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများနှင့်ရဲဘော်အပေါင်းတို့အား အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၅ ခုနှစ် နှစ် (၇၀) ပြည့် ကရင်ပြည်နယ်နေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက ဖတ်ကြားပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ကရင်ပြည်နယ်နေ့အထိမ်းအမှတ် နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်၊ မွန်ပြည်နယ်ဝန်ကြီးချုပ်၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဗဟိုအကြံပေးအဖွဲ့ အဖွဲ့ခေါင်းဆောင်နှင့်အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ပြည်နယ်ဝန်ကြီးများနှင့်တိုင်းရင်းသားလက်နက်ကိုင်ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်တို့က နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးနှင့်ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက နှစ် (၇၀) ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်မုခ်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ငြိမ်းချမ်းရေးချိုးဖြူငှက် အကောင် ၇၀ ကို လွှတ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဘင်ခရာ၊ ပန်းဖွားနှင့် ဒုံးအဖွဲ့များကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကာ နှစ်(၇၀) ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာပြခန်းများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုပြခန်းများ၊ ဒေသထွက်ကုန်အရောင်းပြခန်းများ၊ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) စက်မှုလက်မှုထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနပြခန်း၌ကျင်းပသည့် နှစ်(၇၀) ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြပြီး ဆုရရှိသည့်တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ရှိကန်သာယာရေပြင်၌ကျင်းပသည့် ရိုးရာလှေလှော်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့တက်ရောက်ကြပြီး ကျန်းမာရေးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့၊ ရေပြင်အသက်ကယ်အဖွဲ့၊ လူမှုကယ်ဆယ်ရေးအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများနှင့် ရိုးရာလှေလှော်ပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြကာ သီရိသံလွင်ကွင်း၌ ကျင်းပသည့် နှစ်(၇၀) ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ရိုးရာလက်ဝှေ့ပြိုင်ပွဲကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ညပိုင်းတွင်ဘားအံမြို့သီရိကွင်း၌ကျင်းပသည့် နှစ် (၇၀) ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲတွင်ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင်ဒုံးအကအဖွဲ့များ၏ ယှဉ်ပြိုင်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

ယမန်နေ့ မွန်းလွဲပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ရှိ ဇွဲကပင်ခန်းမ၌ကျင်းပသည့် နှစ်(၇၀) ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် ကရင်ပြည်နယ် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများချီးမြှင့်ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီး စီမံခန့်ခွဲရေး ၊ စိုက်ပျိုးရေး ၊ မွေးမြူရေး၊ ပညာရေး၊ သုတေသန၊ လူမှုရေးနှင့် အမျိုးဘာသာ၊ သာသနာဆိုင်ရာထူးချွန်ဆုစသည့် စုစုပေါင်း ဂုဏ်ထူးဆောင်ဆု ၈၆ ဆုကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည်ကရင်ပြည်နယ်ဘားအံမြို့ အမှတ် (၅) ရပ်ကွက်ရှိ စိုက်ပျိုးရေးဝင်း၌ ကျင်းပသည့်နှစ် (၇၀) ပြည့် ကရင်ပြည်နယ်နေ့အထိမ်းအမှတ် Avenue Park ပန်းခြံဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ပြီး ပန်းခြံကို ဖဲကြိုးဖြတ်၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းက Avenue Park ပန်းခြံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့ကို စက်ခလုတ်နှိပ်၍လည်းကောင်း ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်များပက်ဖျန်းပေးကြကာ ပန်းခြံကို လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် အဆိုပါရပ်ကွက်အတွင်း ဖွင့်လှစ်ထားသည့် လူငယ်စင်တာအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ညပိုင်းတွင် ဘားအံမြို့ သီရိကွင်း၌ နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကပြိုင်ပွဲ ယှဉ်ပြိုင်လျက်ရှိသော ပြိုင်ပွဲဝင်ဒုံးအဖွဲ့များ၏ရွှင်မြူးတက်ကြွဖွယ် ကရင်ဒုံးအကယှဉ်ပြိုင်ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **မြဝတီ**

# မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် (၃၆)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာနှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇

မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ (၃၆)ကြိမ်မြောက် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အထွေထွေအစည်းအဝေးအား မြဝတီဘဏ်၊ အစည်းအဝေးခန်းမ၊ နေပြည်တော်၌ ယနေ့နံနက် ၉ နာရီတွင်ကျင်းပရာ မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌနှင့်ဒါရိုက်တာအဖွဲ့ဝင်များ၊ အစုရှယ်ယာရှင်ကိုယ်စားလှယ်များ စုံလင်စွာ တက်ရောက်ကြသည်။

ဦးစွာ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်၏ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကို ဒါရိုက်တာဦးယုလွင်ကလည်းကောင်း၊ ကုမ္ပဏီ၏နှစ်ချုပ်စာရင်းရှင်းတမ်းနှင့် စာရင်းစစ်အစီရင်ခံစာကို မြန်မာနိုင်ငံစာရင်းကောင်စီမှ အသိအမှတ်ပြုထားသော ဦးလှထွန်းနှင့်အဖွဲ့ လီမိတက် (ပြင်ပစာရင်းစစ်အဖွဲ့)မှဦးမောင်မောင်အောင်ကလည်းကောင်း၊ အမြတ်ဝေစုခွဲဝေပေးမှုအခြေအနေကို ဒါရိုက်တာ ဦးသန်းဝင်းကလည်းကောင်း ရှင်းလင်းတင်ပြခြင်းနှင့်အတည်ပြုခြင်းတို့ကို မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **ဇော်မျိုး(မြဝတီ)**



# ဘရာဇီးနိုင်ငံ ဘဲလ်လမ်မြို့၌ ဘဲလ်လမ်ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး (Belem Climate Summit) ဖွင့်ပွဲအခမ်းအနားနှင့် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲများကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇




ဘရာဇီးနိုင်ငံ သမ္မတ လူးဝစ်အင်နာစီယို လူလာဒါဆေးလ်ဗား၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်(ကိုယ်စား) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရာဇီးနိုင်ငံ ဘဲလ်လမ်မြို့၌ နိုဝင်ဘာလ ၆ ရက်မှ ၇ ရက်အထိကျင်းပသည့် ဘဲလ်လမ်ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး (Belem Climate Summit)သို့ တက်ရောက်သည်။

နိုဝင်ဘာလ ၆ ရက် ဖွင့်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာအန်တိုနီယိုဂူတာရက်စ်က ရာသီဥတုပြောင်းလဲမှုလျော့ချရေးဆိုင်ရာ ကတိကဝတ်များဖြည့်ဆည်းရေးနှင့်အပူချိန် ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်လျော့ချရေး ဆက်လက်ကြိုးပမ်းရမည်ဖြစ်ကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင်သစ်တောပြုန်းတီးမှုများ ရပ်တန့်စေရန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ၂၀၃၅ ခုနှစ်အရောက်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ရာသီဥတုဆိုင်ရာ ရန်ပုံငွေနှစ်စဉ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ထရီလီယံ ရရှိရေးနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအနေဖြင့် နှစ်စဉ် အမေရိကန်ဒေါ်လာဘီလီယံ ၃၀၀ ရရှိရေး ဦးဆောင်ကြရမည်ဖြစ်ကြောင်း၊ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍနှင့်အစိမ်းရောင် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးအောင်အကောင်အထည်ဖော်ရမည့် အချိန်ဖြစ်ကြောင်း ပြောကြားသည်။

ဘရာဇီးနိုင်ငံသမ္မတ မစ္စတာလူးဝစ်အင်နာစီယိုလူလာဒါဆေးလ်ဗားက စွမ်းအင်အသွင်ကူးပြောင်းမှုကို အရှိန်မြှင့်တင်ခြင်းနှင့်သဘာဝကို ကာကွယ်ခြင်းသည် ကမ္ဘာကြီးပူနွေးလာမှုကိုထိန်းချုပ်ရန်အထိရောက်ဆုံးနည်းလမ်းနှစ်ခုဖြစ်ကြောင်း၊ အခက်အခဲများ၊ စိန်ခေါ်မှုများရှိနေသော်လည်း သစ်တောပြုန်းတီးမှုကို ရပ်တန့်ရန် ရပ်ကွင်းလောင်စာများအပေါ် မှီခိုမှုကို ကျော်လွှားရန်နှင့်အဆိုပါရည်မှန်းချက်များအတွက် လိုအပ်သောအရင်းအမြစ်များကို စုစည်းရန် တရားမျှတပြီး စနစ်တကျရေးဆွဲထားသော လမ်းပြမြေပုံများလိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စုံညီအစည်းအဝေးအား ဆက်လက်ကျင်းပပြီး နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် သစ်တောနှင့်ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများမှ အကြီးအကဲများက မိန့်ခွန်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် "ရာသီဥတုနှင့်သဘာဝ၊ သစ်တောများနှင့်သမုဒ္ဒရာများ" ခေါင်းစဉ်ဖြင့် ဘာသာရပ်ဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ဘရာဇီးနိုင်ငံ သမ္မတက သဘာပတိအဖြစ်ဆောင်ရွက်ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နိုင်ငံ့ခေါင်းဆောင်များကပါဝင်ဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီကဆွေးနွေးရာတွင် သစ်တောများနှင့် သမုဒ္ဒရာများ၏ဂေဟစနစ်များ ရေရှည်တည်တံ့စေခြင်းသည်ရာသီဥတုဒဏ် ကြံ့ကြံ့ခံနိုင်မှုရှိစေရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပင်လယ်ပြင် အခြေပြုအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ရေရှည်တည်တံ့စေရေးတို့အတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာကအသိအမှတ်ပြုထားသည့် ဇီဝမျိုးစုံမျိုးကွဲများစုံလင်သည့် အချက်အချာကျသည့် ဒေသတစ်ခုဖြစ်ပြီး နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းသည် သစ်တောဖုံးလွှမ်းလျက်ရှိကြောင်း၊ နိုင်ငံဧရိယာ၏ ၅၀ ရာခိုင်နှုန်းကို သစ်တောဖုံးလွှမ်းမှုတိုးမြှင့်လာစေရေးရည်မှန်းချက်ထား၍ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မူဝါဒများချမှတ်၍ ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း။

ပါရီသဘောတူညီချက်အရ မြန်မာနိုင်ငံ၏ "အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contributions–NDC)" တွင် သစ်တောကဏ္ဍသည် အဓိကမဟာဗျူဟာကျသည့် မဏ္ဍိုင်တစ်ခုဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ၏ ၃၀ ရာခိုင်နှုန်းအား ကြိုးဝိုင်း/ ကြိုးပြင် ကာကွယ်တောများအဖြစ်လည်းကောင်း၊ ၁၀ ရာခိုင်နှုန်းကို သဘာဝထိန်းသိမ်းရေးနယ်မြေများအဖြစ်လည်းကောင်း ဖွဲ့စည်းသတ်မှတ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကမ်းရိုးတန်းနှင့် အဏ္ဏဝါပင်လယ်ပြင်ဆိုင်ရာ ကတိကဝတ်များအနေဖြင့် ဒီရေတောဧရိယာဟက်တာငါးသိန်းကျော်ကိုထိန်းသိမ်းကာကွယ်ထားလျက်ရှိကြောင်းနှင့်ရေရှည်တည်တံ့သော "အပြာရောင်စီးပွားရေး" (Blue Economy) ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး ပင်လယ်ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်ခြင်းအစီအစဉ်ဖြင့် ကမ်းရိုးတန်းသယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အပူပိုင်းသစ်တောများ ထာဝရရန်ပုံငွေ "Tropical Forests Forever Facility– TFFF" ကြေညာချက်အား လက်မှတ်ရေးထိုးနိုင်ရေး အတည်ပြုထားပြီးဖြစ်ကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုဆိုင်ရာ အစီအစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လက်ရှိမျိုးဆက်နှင့်အနာဂတ်မျိုးဆက်များအတွက် ကမ္ဘာမြေအား ထိန်းသိမ်းကာကွယ်ရန် နိုင်ငံတကာအသိုက်အဝန်းနှင့် ပူးပေါင်းဆောင်ရွက်ရန်အသင့်ရှိကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဘရာဇီးနိုင်ငံ သမ္မတ လူးဝစ်အင်နာစီယို လူလာဒါဆေးလ်ဗား တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်သည်။

ဘရာဇီးနိုင်ငံ အစိုးရက ကမကထပြုတည်ထောင်သော အပူပိုင်းသစ်တောများ ထာဝရရန်ပုံငွေဆိုင်ရာကြေညာချက် "TFFF" တွင် ယခင်ကလက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံ ၂၂ နိုင်ငံရှိရာမှ ယခုအခါ ၅၃ နိုင်ငံက လက်မှတ်ရေးထိုးရန် သဘောတူညီမှုရရှိပြီးဖြစ်သည်။ ဘဲလ်လမ်ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေးသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များ၊ အဆင့်မြင့်ကိုယ်စားလှယ်များနှင့်နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကျင်းပ

နေပြည်တော် နိုဝင်ဘာ ၇



မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းမှဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်သည်။

ဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ၂၀၂၅ ခုနှစ် (၆၀)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသရောင်းချမည့် ကျောက်စိမ်းအတွဲများနှင့် ကျောက်မျက်အတွဲများ၊ ပုလဲအတွဲများ အတွဲဖွဲ့စည်းထားမှုနှင့် ရောင်းချမည့်အခြေအနေများကိုလည်းကောင်း၊ ပြပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ကော်မတီများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာသူများက ပေါင်းစပ်ညှိနှိုင်းဆွေးနွေးကြသည်။

မြဝတီ

## ၇-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၉၇၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)**
**ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# သစ်တောသစ်ပင် ကမ္ဘာမြေကိုအလှဆင် (နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့)

**သစ်တောမောင်**

**ဘက်စုံအကျိုးစီးပွား သစ်တောသစ်ပင်များ**

သစ်တောသစ်ပင်များသည် ကမ္ဘာမြေနှင့်သက်ရှိလောကအတွက် အကျိုးကျေးဇူးမျိုးစုံ ပံ့ပိုးထောက်ပံ့လျက်ရှိသည်။ ငွေကြေးဖြင့် တန်ဖိုးဖြတ်နိုင်သော ဝယ်ယူရရှိနိုင်သော သစ်နှင့်သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများသာမက ငွေကြေးဖြင့် တန်ဖိုးမဖြတ်နိုင်သော ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုးကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ "ဥတုရာသီ၊ တောကိုမှီ" ဆိုသကဲ့သို့ သစ်ပင်သစ်တောများသည် လေထုအတွင်းမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ စုပ်ယူသိုလှောင်ဖယ်ရှားပေးခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကိုထိန်းညှိပေးပြီး မျှတစေရန်ပံ့ပိုးခြင်း၊ အစာချက်လုပ်ခြင်း(Photo-synthesis)ဖြစ်စဉ်နှင့်အတူ သက်ရှိတို့အတွက် မရှိမဖြစ်လိုအပ်သော အောက်ဆီဂျင်ကိုပြန်လည်ထုတ်ပေးခြင်းဖြင့် "သက်ရှိလောကတည်မြဲရေး" အတွက် အရေးကြီးသောဝန်ဆောင်မှုများပေးလျက်ရှိသည်။



သစ်တောများသည် မြေအောက်ရေကို ထိန်းသိမ်းပေးသကဲ့သို့ သဘာဝရေသန့်စက်ကြီးများသဖွယ် ရေသန့်စင်အောင်စစ်ထုတ်ပေးခြင်းဖြင့် ရေတိမ်ဒေသများ၊ ကန်များ၊ မြစ်များ၊ ချောင်းများနှင့်အင်းများအတွင်း အနည်ကျမှုများ၊ ညစ်ညမ်းမှုများကို စစ်ထုတ်လျှော့ချပေးကာ လူနှင့်သက်ရှိများကို အကျိုးပြုလျက်ရှိသည်။ သစ်တောများဖုံးလွှမ်းလျက်ရှိသော ရေဝေရေလဲဒေသများနှင့် ရေတိမ်ဒေသများသည် ရေအရင်းအမြစ်များ ထိန်းသိမ်းပေးလျက်ရှိပြီး ကမ္ဘာ့ရေချိုပမာဏ၏ ၇၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးလျက်ရှိသည်။ ထို့ကြောင့် "ရေကြည်ချမ်းမြသစ်တောမှရ"ဟု ဆိုခြင်းဖြစ်သည်။

သစ်တောသစ်ပင်များ၊ စားပင်သီးပင်များ စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် အရိပ်ရပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ကာ အပန်းဖြေနိုင်သကဲ့သို့ စိုက်ပျိုးသောသစ်မျိုးပေါ်မူတည်ပြီး သစ်၊ တိုင်၊ မျော၊ ထင်းနှင့် ရာသီအလိုက်သီးပွင့်လာသည့် အသီး၊ အရွက်၊ အညွန့်တို့ကို ရရှိနိုင်မည်ဖြစ်သည်။ ရာသီဥတုမျှတကောင်းမွန်ခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး စားရေရိက္ခာဖူလုံဖို့ အထောက်အပံ့ကောင်းများဖြစ်စေသည်။

သစ်ပင်သစ်တောများသည် လေပြင်းမုန်တိုင်းများ၊ ရေကြီးရေလျှံမှုများ၊ မြေပြိုမှု၊ မြေတိုက်စားမှုများ အစရှိသည့်သဘာဝဘေးအန္တရာယ်များကို အကာအကွယ်ပေးနိုင်သည်။ မိုးသီးမိုးပေါက်များ မြေဆီလွှာသို့ တိုက်ရိုက်ထိတွေ့မှုမရှိစေရန် သစ်ပင်ရွက်အုပ်များကတစ်ဆင့် ကြားခံပေးထားသဖြင့် မြေဆီလွှာကိုကာကွယ်ပေးသည်။ သည်းထန်သည့် မိုးရေများကို သစ်မြစ်များက စုပ်ယူထိန်းသိမ်းထားပြီး ရေကိုတဖြည်းဖြည်းချင်းလွှတ်ထုတ်သဖြင့် ရေကြီးရေလျှံမှုကိုလျော့နည်းစေသည်။ သစ်မြစ်များက မြေစိုင်မြေခဲမြေသားများကို ရစ်ပတ်တုပ်နှောင်ထားသောကြောင့် မြေပြိုခြင်း၊ ကမ်းပါးပြိုခြင်း၊ မြေဆီတိုက်စားခြင်းကိုကာကွယ်ပေးသည်။ လေတိုက်မှုအရှိန်အဟုန်ကို လျှော့ချပေးခြင်းဖြင့် လေပြင်းမုန်တိုင်းဒဏ်မှ အကာအကွယ်ပေးနိုင်သည်။

"သစ်တောသစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ" ဆိုသကဲ့သို့ ကြီးမြန်သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် အရိပ်အာဝါသကောင်းစေရုံသာမက ထင်း၊ မီးသွေး၊ ဇီဝဒြပ်ထု လောင်စာစွမ်းအင်များရရှိနိုင်ပြီး မိသားစုတိုင်းအတွက် နေ့စဉ်လိုအပ်သော အစားအစာများချက်ပြုတ်မှုနှင့် စွမ်းအင်လိုအပ်ချက်များအတွက် ဖြည့်ဆည်းပေးနိုင်သည်။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ဒေသနှင့်ကိုက်ညီသည့် သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းဖြင့် ထင်း၊ မီးသွေး၊ လောင်စာများရရှိနိုင်သည့်အပြင် မြေဆီလွှာများ ပြန်လည်ကောင်းမွန်လာပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ကာ သဲကန္တာရဖြစ်ထွန်းမှုများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်သည့် အကျိုးကျေးဇူးများရရှိနိုင်သည်။

သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်ပြုခြင်းလည်းမည်သည်။ ပန်းဥယျာဉ်၊ သစ်သီးဥယျာဉ်များ စိုက်ပျိုးလှူဒါန်းခြင်း၊ အရိပ်ရအပင်၊ စားသုံးပင် စသော သစ်ပင်ကြီးငယ်တို့ကို စိုက်ပျိုးလှူဒါန်းခြင်း၊ တံတားခင်းလမ်းဖောက်လှူဒါန်းခြင်း၊ ရေချမ်းစင်တည်၍ လှူဒါန်းခြင်း၊ ရေတွင်း ရေကန် ရေမြောင်းများတူး၍ လှူဒါန်းခြင်း၊ ဇရပ်တန်ဆောင်း ဂူကျောင်းပြာသာဒ်နားနေရိပ်သာ ဆေးရုံဆေးခန်း စသောအဆောက်အအုံများ ဆောက်လုပ်လှူဒါန်းခြင်းဟူသည့် ထာဝရကုသိုလ်ခြောက်ပါးရှိရာ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် ထာဝရကုသိုလ်တစ်ပါးအဖြစ်ပါဝင်သည်။ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း ဂူကျောင်းပြာသာဒ် တည်ဆောက်လှူဒါန်းသကဲ့သို့ တူညီသောကုသိုလ်ကိုရရှိခံစားနိုင်ပြီး အသက်ရှည်ကျန်းမာကုသိုလ်အကျိုးထူးတို့ကိုလည်းရရှိနိုင်မည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းသည် ပတ်ဝန်းကျင်စိမ်းစိုသာယာပြီး အလှအပမျက်စိပသာဒကောင်းမွန်စေသည်။ "သစ်ပင်စိုက်လျှင် တို့ဝန်းကျင်၊ စိမ်းစိုလှပကြည်နူးရ၏"ဆိုသည်နှင့်အညီ လမ်းဘေးဝဲ/ယာ၊ ကျေးရွာမြို့ပြများတွင် အစိမ်းရောင်ဧရိယာ (Green Space)အဖြစ် စိုက်ပျိုးခြင်းဖြင့် စိမ်းစိမ်းစိုစိုအပင်များတွင်ဖြူ၊ နီ၊ ဝါ၊ ပြာ၊ ခရမ်း အရောင်မျိုးစုံ ပန်းမျိုးစုံတို့ ဖူးပွင့်ဝေဆာပြီး မျက်စိပသာဒဖြစ်စေသည်။ သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်ရရှိစေနိုင်ပြီး အရိပ်နှင့် အပန်းဖြေနားစရာများကိုရရှိနိုင်သည်။ "သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ"၊ "သစ်တောတွေစိမ်း၊ ရေမြေထိန်း၊ ဖွံ့ဖြိုးကမ္ဘာ၊ လွှမ်းရှည်ကြာ"ဟုလည်း ဆိုကြသည်။ သစ်ပင်စိုက်ပျိုးပြီး ကမ္ဘာမြေကိုအလှဆင်နိုင်သည်။ စစ်မှန်သော ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် သစ်ပင်စိုက်ပျိုးရေး၊ သစ်တောများထိန်းသိမ်းရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။

**ကမ္ဘာလုံးဆိုင်ရာ သစ်တောထိန်းသိမ်းရေးရည်မှန်းချက်များ**

ယနေ့အချိန်အခါသည် ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်ပေါ်လာသော နောက်ဆက်တွဲအကျိုးဆက်များ၊ သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြရလျက်ရှိရာ သစ်ပင်သစ်တောများ စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို သဘာဝအခြေခံဖြေရှင်းသည့်နည်းလမ်း(Nature-based Solutions)အဖြစ် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်ရန် ၂၀၁၄ ခုနှစ်တွင်ကျင်းပခဲ့သည့် ကုလသမဂ္ဂရာသီဥတုဆိုင်ရာထိပ်သီးအစည်းအဝေး (UN Climate Summit 2014)တွင် နယူးယောက်သစ်တောများဆိုင်ရာကြေညာစာတမ်း(New York Declaration on Forests)ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါကြေညာချက်၏ အဓိကရည်မှန်းချက်မှာ ၂၀၃၀ ပြည့်နှစ်တွင် သစ်တောပြုန်းတီးမှုများ လုံးဝရပ်တန့်နိုင်ရေးနှင့် တောနိမ့်တောပျက်များတွင် သစ်တောဧရိယာဟက်တာ သန်း ၃၅၀ တည်ထောင်ခြင်းလုပ်ငန်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရေးဖြစ်သည်။ ၂၀၂၁ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ကာလကို ကုလသမဂ္ဂဂေဟစနစ်ပြန်လည်ထူထောင်ရေးဆယ်စုနှစ်(UN Decade of Ecosystem Restoration 2021- 2030)ဟု ကုလသမဂ္ဂအထွေထွေညီလာခံ ၂၀၁၉ ခုနှစ် မတ်လ ၁ ရက်တွင် ဆုံးဖြတ်ချက် (၇၄/၂၈၄) ဖြင့်ဆုံးဖြတ်၍ ဂေဟစနစ်အမျိုးမျိုးတွင် သစ်ပင်စိုက်ပျိုးခြင်း၊ ဂေဟစနစ်များ ပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် (၁၅) (SDG 15)တွင်လည်း ကမ္ဘာလုံးဆိုင်ရာဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းပြီး ရေရှည်တည်တံ့အောင်အသုံးပြုရေး၊ သစ်တောများရေရှည်တည်တံ့အောင် စီမံခန့်ခွဲရေးနှင့်သဲကန္တာရများဖြစ်ထွန်းမှုပပျောက်စေရေး၊ မြေယာပြုန်းတီးယိုယွင်းပျက်စီးမှုရပ်တန့်စေရေးနှင့် ဇီဝမျိုးစုံမျိုးကွဲများပြုန်းတီးမှုရပ်တန့်စေရေး စသည်ဖြင့် ရည်မှန်းချက်ချမှတ်ပြီး ဆောင်ရွက်လျက်ရှိသည်။

**မြန်မာ့သစ်တောထိန်းသိမ်းရေး ဆောင်ရွက်မှုများ**

သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများ သားစဉ်မြေးဆက် ထာဝစဉ်တည်တံ့စေရေးဂေဟစနစ်များ ပြန်လည်ပြုပြင်ထိန်းသိမ်းရေးအတွက် မြန်မာ့သစ်တောမူဝါဒ (၁၉၉၅)နှင့် အမျိုးသားသစ်တောကဏ္ဍပင်မစီမံကိန်း (၂၀၀၁-၂၀၀၂ မှ ၂၀၃၀-၂၀၃၁) ရည်မှန်းချက်များနှင့်အညီ ကြိုးဝိုင်းနှင့်ကြိုးပြင်ကာကွယ်တောများကို နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းထိ ဖွဲ့စည်းသွားရန် လျာထားဆောင်ရွက်လျက်ရှိသည်။ ယနေ့အချိန်ထိ ကြိုးဝိုင်း ၈၂၆ ခု ဧရိယာ ၂၉၆၇၈၄၃၈ ဧက၊ ကြိုးပြင်ကာကွယ်တော ၄၉၈ ခု၊ ဧရိယာ ၁၃၆၇၄၁၁၀ ဧက စုစုပေါင်း ၄၃၃၅၂၅၄၈ ဧက နိုင်ငံဧရိယာ၏ ၂၅ ဒသမ ၉၃ ရာခိုင်နှုန်းဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပြီဖြစ်သည်။ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးအတွက် သဘာဝနယ်မြေများကို နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းထိ တိုးချဲ့ဖွဲ့စည်းရန်ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်ထိ သဘာဝနယ်မြေ ၆၂ ခု၊ ဧရိယာ ဧက ၁၀ ဒသမ ၇၅ သန်း ၆ ဒသမ ၄၃ ရာခိုင်နှုန်းဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်သည်။

၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် (မေလအထိ) ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တော ၆၁ ခု စုစုပေါင်း ဧရိယာဧက ၆၆၁၁၈၆၊ သဘာဝထိန်းသိမ်းရေးနယ်မြေ ၁၆ ခု၊ ဧရိယာဧက ၆၁၃၈၁၇ ကိုဖွဲ့စည်းတည်ထောင်နိုင်ခဲ့သည်။

မြန်မာနိုင်ငံသစ်တောများ ပြန်လည်တည်ထောင်ရေး ၁၀ နှစ် စီမံကိန်း (၂၀၁၇-၂၀၁၈ မှ ၂၀၂၆-၂၀၂၇ ထိ)ကိုရေးဆွဲ၍ သဘာဝတောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းများကို စိုက်ပျိုးတည်ထောင်ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းကာလအတွင်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ထိ နိုင်ငံပိုင်သစ်တောစိုက်ခင်း (စီးပွားရေးစိုက်ခင်း၊ စက်မှုကုန်ကြမ်းစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း) ၁၉၀၆၈၅ ဧက၊ ပုဂ္ဂလိကသစ်တောစိုက်ခင်း ၆၈၅၈၉ ဧကနှင့်ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်း ၇၁၅၅၇၇ ဧကတို့ကို တည်ထောင်စိုက်ပျိုးနိုင်ခဲ့သည်။

**အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ**

သစ်တောနယ်မြေများဖြစ်သည့် သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင် သစ်တောစိုက်ခင်းများအရှိန်အဟုန်ဖြင့် စိုက်ပျိုးတည်ထောင်လျက်ရှိသကဲ့သို့ သစ်တောနယ်မြေပြင်ပ(ကြိုးဝိုင်း/ကြိုးပြင်ကာကွယ်တောပြင်ပ)နေရာများတွင်လည်း ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုပြောင်းလဲမှုလျှော့ချရေး၊ အရိပ်အာဝါသရရှိရေးတို့အတွက် စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။ အထူးလုပ်ငန်းတစ်ရပ်အနေဖြင့် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေးအတွက် တစ်ရွာနှစ်ဧကစိုက်ခင်း၊ ဘက်စုံသုံးစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းများတည်ထောင်ခြင်း၊ မကွေး-ရေနံ့ချောင်း- ချောက်-ငွေးချို- ကျောက်ပန်းတောင်း-ညောင်ဦး-မိတ္ထီလာလမ်းဘေးဝဲ/ယာ စိမ်းလန်းစိုပြည်ရေးသစ်ပင်များစိုက်ပျိုးခြင်း၊ အာဆီယံလမ်းမကြီးနှင့် ရထားလမ်းဘေးဝဲ/ယာ သစ်ပင်စိုက်ပျိုးခြင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်း၊ မြစ်ချောင်းများဘေးဝဲ/ယာ တစ်လျှောက် သစ်ပင်များစိုက်ပျိုးထိန်းသိမ်းခြင်း၊ ရာဂီမုန်တိုင်းကြောင့် ရေကြီးရေလျှံဖြစ်ခဲ့သည့် နေရာဒေသများတွင် သစ်ပင်များစိုက်ပျိုးခြင်းတို့ကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ယခုနှစ် မိုးရာသီတွင် အထူးစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်စိုက်ပျိုးခြင်းအနေဖြင့် ရှမ်းပြည်နယ် ဗထူးမြို့၊ ရပ်စောက်မြို့နယ်နှင့် ပင်းတယမြို့နယ်တို့တွင် ဧက ၁၀၀၀ သစ်ပင်ပေါင်း ၂၀၀၀၀၀ နှင့် အင်းလေးကန်ရေဝေရေလဲဒေသ အောင်ပန်း၊ ကလောနှင့် ညောင်ရွှေမြို့နယ်တို့၏ တောင်ထိပ်၊ တောင်ကုန်းများတွင် သစ်ပင်၊ သစ်တောများထိန်းသိမ်းခြင်း၊

**စာမျက်နှာ ၁၄ သို့ ➤**

# မြန်မာ့အကောက်ခွန်နှင့် ဘရူနိုင်း ၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်၊ စင်ကာပူနိုင်ငံတို့မှ အကောက်ခွန် ကိုယ်စားလှယ်များပါဝင်၍ မြေပြင်ကွင်းဆင်းပူးပေါင်းအကဲဖြတ် အတည်ပြုခြင်းဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၇

မြန်မာနိုင်ငံမှ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူ Authorized Economic Operator – AEO အဖြစ် အသိအမှတ်ပြုကုမ္ပဏီများဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာစက်မှုဇုန်ရှိ UPG Paint & Coating Co., Ltd. နှင့် ရန်ကုန်တိုင်းဒေသကြီး သီလဝါဖွံ့ဖြိုးတိုးတက်ရေးဇုန်ရှိ Wilmar Myanmar Riceland Limited တို့ကို မြန်မာ့အကောက်ခွန်နှင့် အာဆီယံနိုင်ငံများ ဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် စင်ကာပူနိုင်ငံတို့မှ အကောက်ခွန်ကိုယ်စားလှယ်များပါဝင်သောအဖွဲ့တို့က မြေပြင်ကွင်းဆင်းပူးပေါင်းအကဲဖြတ် အတည်ပြုခြင်း (Joint Validation)ကို နိုဝင်ဘာလ ၆ ရက်နှင့် ၇ ရက်တို့တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ မြေပြင်ကွင်းဆင်းပူးပေါင်းအကဲဖြတ်အတည်ပြုခြင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံက အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူအဖြစ်အသိအမှတ်ပြုထားသည့် လုပ်ငန်းစဉ်များသည် WCO Guideline များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ၊ AEO အသိအမှတ်ပြုကုမ္ပဏီများအနေဖြင့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာခြင်း ရှိ၊ မရှိနှင့် နိုင်ငံတကာကုန်သွယ်မှုဆိုင်ရာ ကွင်းဆက်လုံခြုံရေးအစီအမံများကို ကျင့်သုံးဆောင်ရွက်ထားခြင်း ရှိ၊ မရှိ စသည့်အစီအမံများကို စိစစ်အကဲဖြတ်ခြင်းဖြစ်သည်။

မြန်မာအကောက်ခွန်အနေဖြင့် မြေပြင်ကွင်းဆင်းပူးပေါင်းအကဲဖြတ် အတည်ပြုခြင်း (Joint Validation)ကို အောင်မြင်စွာဆောင်ရွက်ပြီးဖြစ်သဖြင့် အာဆီယံနိုင်ငံများအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အပြန်အလှန်အသိအမှတ်ပြုခြင်းအစီအစဉ် (AAMRA)ကို လာမည့်ဒီဇင်ဘာလတွင် အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြဝတီ


လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြန်လည်ထူထောင်ရေးဦးစီးဌာန

လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

ရန်ကုန် ☎ ၀၁-၈၆၆၆၆၁၉

မန္တလေး ☎ ၀၂-၂၈၃၀၄၂၂

| ရန်ကုန်လိပ်စာ | လူကုန်ကူးခံရသူများအနေဖြင့် | မန္တလေးလိပ်စာ |
|---|---|---|
| အမှတ်(၆၄)၊ ကမ္ဘာ့အေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ | အကူအညီလိုအပ်ပါက ဆက်သွယ်အကူအညီ တောင်းခံနိုင်ပါသည်။ | ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ |


## MWD Education, Knowledge & Sports Channel

၈-၁၁-၂၀၂၅(စနေနေ့)

| | | | |
|---|---|---|---|
| ၁။ | ၈း၀၀ - ၁၀း၀၀ | Grade – 10 | မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ |
| ၂။ | ၁၂း၀၀ - ၁၃း၅၅ | Grade – 10 | သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ |
| ၃။ | ၁၆း၀၀ - ၁၈း၀၀ | Grade – 10 | ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီဝင် |
| ၄။ | ၁၈း၀၀ - ၂၀း၁၀ | Grade – 10 | ပထဝီဝင်၊ သမိုင်း၊ ဘောဂဗေဒ |

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် | |
|---|---|---|
| နေပြည်တော် | ၂၄°c | ၃၃°c |
| ရန်ကုန် | ၂၄°c | ၃၃°c |
| မန္တလေး | ၂၃°c | ၃၃°c |


လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့


➤ စာမျက်နှာ ၁၃ မှအဆက်

သစ်ပင်စိုက်ပျိုးခြင်းများကို ဒေသခံများစိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။

ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် နှစ်စဉ်ရာတနာတန်းဝင်သစ်မျိုးများ၊ အရိပ်ရကြီးမြန်သစ်မျိုးများ၊ ဒေသမျိုးရင်းပျိုးပင်များ စသည်ဖြင့် ပျိုးပင် ၁၀ သန်းခန့်ကိုလည်း နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပျိုးထောင်ပြီး မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရေး ပျိုးသက်နှစ်နှစ်ခန့်ရှိ အမြင့်နှစ်ပေအထက်ရှိသော ကျန်းမာကြံ့ခိုင်သော ပျိုးပင်များကို တပ်ရင်း/တပ်ဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပြည်သူလူထုသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။ အဆိုပါအပင်များကို အများအားဖြင့် သစ်တောမြေပြင်ပတွင် စိုက်ပျိုးကြပြီး သစ်တောပြင်ပမှ သစ်ပင်များ (Trees Outside Forests–ToF)ဟု ခေါ်ဆိုနိုင်သည်။

**တစ်ပင်စိုက် တစ်ပင်ရှင်သန်စေဖို့**

သစ်ပင်စိုက်ပျိုးခြင်းသည် မခက်ခဲသော်လည်း သတိမမူဘဲ အမှတ်တမဲ့စိုက်ပျိုးသောအခါ ပျိုးပင်များ ပျက်စီးဆုံးရှုံးခြင်း၊ ပျိုးပင်အတွက် စိုက်ထုတ်ခဲ့ရသော အချိန်၊ ငွေ၊ လုပ်အားများ ဆုံးရှုံးခြင်းများ ရှိသဖြင့် ပျိုးအိတ်မှမြေပြင်တွင် သစ်ပင်ချစိုက်သောအခါ အောက်ဖော်ပြပါအချက်များကို အလေးထားဆောင်ရွက်ခြင်းဖြင့် အပင်များရှင်သန်မှုရာခိုင်နှုန်း ပိုမိုကောင်းမွန်စေမည်ဖြစ်သည်–

- ❖ မြေဆီစိုချိန် အချိန်ကိုက် စနစ်တကျသစ်ပင်စိုက်ပျိုးခြင်း၊
- ❖ စိုက်ပျိုးသည့်အခါတွင် ကျင်းအတွင်းသို့ ပျိုးပင်မြေလုံးမကွဲဘဲရောက်ရှိစေရန် ပျိုးအိတ်ကို သေချာစွာခွဲ၍ လက်နှစ်ဖက်ဖြင့် သေချာစွာဆုပ်ညှစ်ဆောင်ရွက်ခြင်း၊
- ❖ ပလတ်စတစ်အိတ်ကို သေချာစွာချွတ်ပြီး မြေလုံးမကွဲစေရန် ဂရုစိုက်ဆောင်ရွက်ခြင်း၊
- ❖ အသင့်တူးထားသော မြေကျင်းထဲသို့ ပလတ်စတစ်ချွတ်ထားသောပျိုးပင်ကို မြေလုံးမကွဲစေဘဲ ကျင်းထဲသို့ထည့်ခြင်း၊
- ❖ စိုက်ပျိုးထားသောအပင်များအား တည့်မတ်နေစေရန် လိုအပ်လျှင် ပန္နက်တိုင်နှင့်ချည်နှောင်ထားခြင်း၊
- ❖ စိုက်ပျိုးထားသောအပင်များအား လေဟာမနေစေရန် စိုက်ပင်ဘေးမှ ပြန်ဖို့သောမြေကို လက်နှစ်ဖက်ဖြင့် သေချာစွာဖိပေးခြင်း၊
- ❖ လေတိုက်သည့်ဒဏ်ခံနိုင်ရန် အပင်တည့်မတ်ရန် အပင်အမြင့်နှင့်လျော်ညီသော ဒေါက်တိုင်ထောက်ပေးခြင်း၊
- ❖ အပင်စိုက်ပျိုးပြီးလျှင် ပေါင်းသင်ခါးဆွခြင်း၊ လိုအပ်ပါကရေလောင်းခြင်း၊ မီးကာကွယ်ခြင်း၊ လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များ၏ဖျက်ဆီးမှုမှ ကာကွယ်နိုင်စေရေး Tree Guard ပြုလုပ်ခြင်း၊ ခြံစည်းရိုးပြုလုပ်ခြင်း စသည့်ပြုစုစောင့်ရှောက်မှုများပုံမှန်ပြုလုပ်ခြင်း၊
- ❖ ရေဝပ်သည့်နေရာများတွင် အပင်ခြေရင်း၌ မြေများများစုပုံ(Mound)ပြုလုပ်ပြီး စိုက်ပျိုးခြင်း၊
- ❖ စိုက်ပျိုးမည့်မြေနေရာရှိ မြေမကောင်းမွန်ပါက အစားထိုးမြေဆွေး၊ နွားချေး၊ သဲများ စသည့်သွင်းအားစုများထည့်ပြီး စိုက်ပျိုးခြင်း၊
- ❖ မစိုက်ပျိုးခင် ပျိုးပင်ကြံ့ခိုင်အောင် Hardening Process (အမြစ်ဖြတ်၊ အပင်ချဲ၊ အရွယ်ညီစီ၊ အမိုးလှပ်၊ ရေဖြတ်ခြင်းများ)ဆောင်ရွက်ခြင်း၊
- ❖ သစ်မျိုးတစ်မျိုးတည်းရွေးချယ်စိုက်ပျိုးခြင်းထက် နေရာ၊ မြေမျက်နှာသွင်ပြင်၊ ရာသီဥတုအခြေအနေအလိုက် သစ်ပင်မျိုးစုံစိုက်ပျိုးခြင်း၊

လမ်းဘေးဝဲ/ယာသစ်ပင်စိုက်ပျိုးရာတွင်အောက်ပါအချက်များကို ကြိုတင်ပြင်ဆင်လိုက်နာဆောင်ရွက်ခြင်းဖြင့် ရှင်သန်အောင်မြင်မှုပိုမိုကောင်းမွန်မည်ဖြစ်ပါသည်–

- ❖ လမ်းနယ်နိမိတ်အတွင်းနှင့် ဓာတ်တိုင်များအောက် စိုက်ပျိုးခြင်းမပြုဘဲ အဆိုပါနေရာများမှလွတ်ကင်းသည့်နေရာတွင်သာ စိုက်ပျိုးခြင်း၊
- ❖ နေရာဒေသအပေါ်မူတည်ပြီး စိုက်ပျိုးမည့်ပျိုးပင်အရွယ်အစားနှင့် ကိုက်ညီသည့် သင့်လျော်သောကျင်းအရွယ်အစား ဥပမာ (၂ပေ x ၂ပေ x ၁ပေ)၊ (၃ပေ x ၃ပေ x ၁ပေ)၊ (၆ပေ x ၃ပေ x ၁ပေ) အစရှိသည့်တူးပြီးစိုက်ပျိုးခြင်း၊ အဆိုပါကျင်းများအတွင်းသို့ရောစပ်ထားသော မြေဆွေးများထည့်ပေးခြင်း၊
- ❖ လမ်းဘေးဝဲ/ယာရှိ အပင်ကြီးများအောက်တွင် အပင်ငယ်များစိုက်ပျိုးခြင်းကို ရှောင်ရှားခြင်း၊
- ❖ လမ်းဘေးဝဲ/ယာရှိ သင့်တော်သည့် မြေကွက်လပ်များရှိပါက နေရာပေါ်မူတည်ပြီး အပင်တန်း ၃ တန်း၊ ၅ တန်း၊ ၁၀ တန်း စသည်ဖြင့် Zigzag ပုံစံ (ဝက်ခေါင်းထိုးပုံစံ)ဖြင့် တစ်အုပ်တစ်မစိုက်ခင်း (Woodlot)အဖြစ် စိုက်ပျိုးခြင်း၊
- ❖ ရွေးချယ်စိုက်ပျိုးသည့်အပင်၏ နောင်တွင်ဖြစ်ပေါ်လာနိုင်သော ရွက်အုပ်အကျယ်အဝန်းအခြေအနေနှင့် လမ်းအမျိုးအစားအပေါ်မူတည်ပြီး ပန္နက်အကွာအဝေး၊ လိုင်းအကွာအဝေး ချိန်ဆစိုက်ပျိုးခြင်း၊

သစ်ပင်များစိုက်ပျိုးရာတွင် လတ်တလောအခြေအနေသာမက ရေရှည်အတွက်လည်းထည့်သွင်းစဉ်းစားကာ ရည်ရွယ်ချက်အလိုက် ဒေသနှင့်ကိုက်ညီသောအပင်မျိုးကို စနစ်တကျ ရွေးချယ်စိုက်ပျိုးခြင်းဖြင့် ပိုမိုထိရောက်နိုင်မည်ဖြစ်ကာ စိုက်ပင်များရှင်သန်အောင်မြင်မှုကောင်းမည်ဖြစ်သည်။ စိုက်ပင်များ ပျက်စီးဆုံးရှုံးမှု၏အဓိကအကြောင်းရင်းမှာ စိုက်ပျိုးပြီးနောက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်မှုနည်းပါးခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် တစ်ပင်စိုက်၊ တစ်ပင်ရှင်သန်စေရေးအတွက် သစ်ပင်စိုက်ပျိုးပြီးနောက် ပြုစုထိန်းသိမ်းရေးလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ကြရမည်ဖြစ်သည်။

**သစ်တောသစ်ပင် ကမ္ဘာ့မြေကိုအလှဆင်**

သစ်တောသစ်ပင်များသည် သဘာဝသယံဇာတသက်သက်သာမက နိုင်ငံ၏ကြွယ်ဝမှု၊ နိုင်ငံ၏ဂုဏ်သိက္ခာကြီးမြင့်မှု၊ နိုင်ငံ၏သဘာဝတရားအပေါ် မြတ်နိုးတန်ဖိုးထားမှုကိုထင်ဟပ်စေသကဲ့သို့ စိမ်းလန်းစိုပြည်စွာ၊ အရောင်အသွေးစုံလင်စွာ၊ ပန်းပေါင်းစုံသင်းရနံ့မွှေးပျံ့စွာ ကမ္ဘာ့မြေကို အလှဆင်ပေးလျက်ရှိသည်။ သစ်ပင်သစ်တောများသည် ရောင်စုံပန်းပွင့်များဖြင့် အဆင်းလှပရုံ မျက်စိပသာဒကြည့်ကောင်းရုံသက်သက်သာမက ရာသီဥတုမျှတကောင်းမွန်ရေး၊ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သန့်ရှင်းသောပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့်ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ဆက်စပ်လုပ်ငန်းကဏ္ဍအသီးသီးကိုပံ့ပိုးပေးပြီး နိုင်ငံတော် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုလျက် အကျိုးကျေးဇူးများစွာကိုလည်း ပံ့ပိုးပေးလျက်ရှိသည်။ ထို့ကြောင့် ဘက်စုံအကျိုးကျေးဇူးများစွာ ပံ့ပိုးပေးသော သစ်ပင်သစ်တောများဖြင့် အိမ်ခြံဝင်းနှင့် ရပ်ကွက်ကျေးရွာများ၊ လမ်းများမှသည် မြို့ပြများအထိ၊ သစ်တောမြေများမှသည် သစ်တောမြေပြင်ပဧရိယာများအထိ စိမ်းလန်းမြေများ၊ သစ်တောဖုံးလွှမ်းမှုများ တိုးပွားလာစေရေး၊ နိုင်ငံတစ်ဝန်း သစ်ပင်သစ်တောအစွမ်းဖြင့် စိမ်းလန်းသာယာလှပစေရေး သစ်ပင်ပန်းမန်များကို အင်တိုက်အားတိုက် အရှိန်အဟုန်ဖြင့်စိုက်ပျိုးကာ ကမ္ဘာ့မြေကိုအလှဆင်ကြရမည်ဖြစ်ပါသည်။ ။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်မတော်(လေ) ၁၅ နှစ်တာကာလ တိုးတက်ပြောင်းလဲမှုပြခန်းအတွင်း ခင်းကျင်းပြသထားသည့်ပြခန်းများကို ပြကွက်တစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုစဉ်။

✮ **စာမျက်နှာ ၁၇ မှအဆက်**

ခေတ္တတာဝန်ယူ ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ အခုအခါတိုးတက်ဖြစ်ပေါ်သည့် အခြေအနေများနှင့်အညီ **အများပြည်သူ လိုလားတောင့်တချက်ဖြစ်သည့် လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပပေးရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိ**ကြောင်း၊ **ရွေးကောက်ပွဲကပေါ်ထွန်းလာမည့် ရွေးကောက်ခံအစိုးရထံ နိုင်ငံတော်တာဝန်များကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ လွှဲအပ်သွားမည်လည်းဖြစ်**ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပအဖွဲ့အစည်းအချို့သည် ၎င်းတို့လိုလားချက်အတိုင်းမဟုတ်သည့်အတွက် ရွေးကောက်ပွဲမဖြစ်မြောက်စေရန်၊ ပျက်ပြားစေရန် နည်းလမ်းပေါင်းစုံဖြင့် စွက်ဖက်လုပ်ဆောင်ဟန့်တားလျက်ရှိကြောင်း၊ တစ်ဖက်မှလည်း အကြမ်းဖက်သောင်းကျန်းသူများသည် တပ်မတော်နှင့် ပြည်သူပူးပေါင်းလုပ်ဆောင်ချေမှုန်းမှုကြောင့် တဖြည်းဖြည်း အရေးနိမ့်လာလျက်ရှိကြောင်း၊ ၎င်းတို့ ခေတ္တစိုးမိုးထားသည့် နယ်မြေများကို ဆက်လက်ဆုပ်ကိုင်ထားနိုင်ရန် နိုင်ငံပိုင်လမ်းတံတားအဆောက်အဦများ၊ ပြည်သူလူထု၏နေအိမ်တိုက်တာနှင့် ပိုင်ဆိုင်မှုများကို သွေးရူးသွေးတန်းတိုက်ခိုက်ဖျက်ဆီးလုယက်ယူဆောင်လျက်ရှိကြောင်း၊ ထိုသို့တိုက်ခိုက်ဖျက်ဆီးမှုများကိုဟန့်တားချေမှုန်းရန် အထူးလိုအပ်ပြီး တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အကူအညီကိုရယူကာ ဆက်လက်တိုးတက်ဆောင်ရွက်သွားမည်ကို အသိပေးပြောကြားလိုကြောင်း။

တပ်မတော်(လေ)ကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး လာမည့်ဒီဇင်ဘာလဆိုပါက သက်တမ်း ၇၈ နှစ်ပြည့်မြောက်တော့မည်ဖြစ်ကြောင်း၊ အဆိုပါကာလအတွင်း၌ တပ်မတော်(လေ)သည် တပ်မတော်၏အဓိကအစိတ်အပိုင်းတစ်ရပ်အနေဖြင့် ပေးအပ်လာသည့်တာဝန်အမျိုးမျိုးကို အစွမ်းကုန်ကျေပွန်ပြီးမြောက်အောင် ကြိုးပမ်းထမ်းဆောင်ခဲ့သည်ကို ဂုဏ်ယူဖွယ်တွေ့ရှိရကြောင်း၊ လက်ရှိတွင်လည်း တပ်မတော်(လေ)သည် မိမိတွင်ရှိပိုင်ဆိုင်ထားသည့်လေကြောင်းစွမ်းအားအရင်းအမြစ်များကို အကျိုးအရှိဆုံး အသုံးချကာ ရည်မှန်းချက်တာဝန်များကို အောင်မြင်ထိရောက်စွာ ထမ်းဆောင်လျက်ရှိသည်ကို အသိအမှတ်ပြုပြောကြားလိုကြောင်း၊ ထိုသို့ထမ်းဆောင်နိုင်ခြင်းသည် တပ်မတော်(လေ)၏ အဓိကမဏ္ဍိုင်ကြီး (၃) ရပ်ဖြစ်သည့် ပျံသန်းရေးကဏ္ဍမှလေသူရဲနှင့် လေယာဉ်သားများ၊ စက်မှုလက်မှုကဏ္ဍမှ အင်ဂျင်နီယာနှင့် ကျွမ်းကျင်ပညာသည်များ၊ အုပ်ချုပ်ရေးကဏ္ဍမှ အုပ်ချုပ်ထောက်ပံ့မှုနှင့် ရုံးလုပ်ငန်းဆိုင်ရာပညာသည်များနှင့်စာရေးများ ဟန်ချက်ညီပူးပေါင်းလုပ်ဆောင်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း၊ လာမည့်အနာဂတ်တွင်လည်း ယနေ့ တပ်တော်ဝင်ပေးမည့် လေယာဉ်/ရဟတ်ယာဉ်များကို စနစ်တကျ ကျွမ်းကျင်ပိုင်နိုင်စွာအသုံးချ၍ ဟန်ချက်ညီပူးပေါင်းကြိုးစားလုပ်ဆောင်ပြီး လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်သွားကြရန်တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့ တပ်တော်ဝင်ပေးလိုက်သည့် လေယာဉ်/ ရဟတ်ယာဉ်များကို မြတ်နိုးတန်ဖိုးထားပြီး ကျွမ်းကျွမ်းကျင်ကျင် ထိထိရောက်ရောက် ပျံသန်းကိုင်တွယ်အသုံးပြုထိန်းသိမ်းပြီး စွမ်းရည်အဆင့်အတန်းမြင့်မားသည့် လေတပ်မတော်တစ်ခုဖြစ်ကြောင်း သက်သေပြကြရန်၊ နိုင်ငံတကာဆက်ဆံရေး၊ ပထဝီနိုင်ငံရေးဆိုင်ရာဖြစ်ပေါ်ပြောင်းလဲလာမှုများနှင့် သိပ္ပံနှင့်နည်းပညာ အဆင့်မြင့်တိုးတက်လာမှုအခြေအနေများကို စဉ်ဆက်မပြတ်လေ့လာသုံးသပ်ဖော်ထုတ်ပြီး တပ်မတော်(လေ)၏ တိုက်စွမ်းအား အစဉ်ထိရောက်မြင့်မားနေအောင် ကြိုးပမ်းတီထွင်လုပ်ဆောင်သွားကြရန်၊ ရှိပိုင်ဆိုင်ထားပြီးဖြစ်သည့် လေကြောင်းစွမ်းအားအရင်းအမြစ်များကို အထိရောက်ဆုံးအသုံးချနိုင်စေရေး စဉ်ဆက်မပြတ်လေ့ကျင့်ခြင်း၊ သုတေသနပြုစမ်းသပ်တီထွင်ထုတ်လုပ်ခြင်း၊ အလဟဿဆုံးရှုံးပျက်စီးထိခိုက်မှုမရှိအောင် အလေးထားလုပ်ဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို ပျံသန်းရေး၊ စက်မှုလက်မှုနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကြီး (၃)ရပ် ပေါင်းစပ်ညှိနှိုင်းကာ တာဝန်ရှိသူအဆင့်ဆင့်က အလေးထားကြပ်မတ်စီမံလုပ်ဆောင်ကြရန်၊ တပ်မတော်၏ကောင်းမြတ်သည့် အစဉ်အလာများကို အသက်နှင့်ထပ်တူ ထိန်းသိမ်းစောင့်ရှောက်ပြီး ကမ္ဘာတည်သရွေ့ မြန်မာတည်အောင် ဝိုင်းဝန်းကြိုးပမ်း လုပ်ဆောင်သွားကြရန်



နိုင်ငံတော်လုံခြုံရေးနှင့်
အေးချမ်းသာယာရေးကော်မရှင်
ဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
၏ဇနီး ဒေါ်ကြူကြူလှ
တပ်မတော်(လေ)
၁၅ နှစ်တာကာလ
တိုးတက်ပြောင်းလဲမှု
ပြခန်းအတွင်း
ခင်းကျင်းပြသထားသည့်
ပြခန်းများကို
ပြကွက်တစ်ခုချင်းစီအလိုက်
လှည့်လည်ကြည့်ရှုစဉ်။

တိုက်တွန်းမှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်/ ရဟတ်ယာဉ်များ တပ်တော်ဝင်အခမ်းအနားနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးဇော်ဝင်းမြင့်က လေယာဉ်/ရဟတ်ယာဉ်များအား တပ်တော်ဝင်အဖြစ် ကြေညာသည်။

၎င်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်များတပ်တော်ဝင် အထိမ်းအမှတ်လေယာဉ်ပုံစံငယ်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် လေယာဉ်/ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် စွမ်းရည်ပြသခြင်းများကို ဆောင်ရွက်ရာ Mi-17 ရဟတ်ယာဉ် ၄ စင်း၊ Eurocopter ရဟတ်ယာဉ် ၂ စင်းတို့က Composite Formation ပုံစံဖြင့်လည်းကောင်း ၊ Bell – 206 ရဟတ်ယာဉ် ၂ စင်း ၊ H-125 ရဟတ်ယာဉ် ၂ စင်းတို့က Composite Box Formation ပုံစံဖြင့်လည်းကောင်း၊ MTX-1B ကင်းထောက်လေယာဉ် ၁ စင်း၊ MTX-A ကင်းထောက်လေယာဉ် ၁ စင်းနှင့် Grob-120 TP အမောင်းသင်လေယာဉ် ၁ စင်းတို့က Trail Formation ပုံစံဖြင့်လည်းကောင်း၊ ATR-72 သယ်ယူပို့ဆောင်ရေးလေယာဉ် ၁ စင်း၊ Beech-1900D သယ်ယူပို့ဆောင်ရေးလေယာဉ် ၂ စင်းတို့က Composite Arrow Head Formation ပုံစံဖြင့်လည်းကောင်း ၊ K-8 ဂျက်တိုက်လေယာဉ် ၄ စင်းတို့က Box Formation ပုံစံဖြင့်လည်းကောင်း၊ MiG-29 ဘက်စုံသုံး ဂျက်တိုက်လေယာဉ် ၅ စင်းက Arrow Head Formation ပုံစံဖြင့်လည်းကောင်း၊ Su-30 SME ဘက်စုံသုံး အကြီးစားဂျက်တိုက်လေယာဉ် ၃ စင်းက Arrow Head Formation ပုံစံဖြင့်လည်းကောင်း အသီးသီးသရုပ်ပြပျံသန်းကြသည်။

ထို့နောက် စတုတ္ထမျိုးဆက်လွန် ဘက်စုံသုံး အကြီးစားတိုက်လေယာဉ်ဖြစ်သည့် Su-30 SME တိုက်လေယာဉ် ၂ စင်းဖြင့် ပျံသန်းအလေးပြုပြီး ၎င်းတိုက်လေယာဉ်၏ အဆင့်မြင့်လှုပ်ရှားစစ်ကစားမှု (High Performance Maneuver)များအား စွမ်းရည်ပြပျံသန်းခြင်းများဆောင်ရွက်သည်။

ထိုသို့စွမ်းရည်ပြသရာတွင် Su-30 SME တိုက်လေယာဉ် ၂ စင်းက Combat Turn Maneuver ဟုခေါ်သည့် မြေပြင်တွင်ရှိသည့် ပစ်မှတ်အား ပစ်ခတ်၍ တန်ပြန်ပစ်ခတ်ခြင်း မခံရစေရေးအတွက် ဦးတည်ရာအရပ်၏ ဆန့်ကျင်ဘက်သို့ ရုတ်ခြည်းပြန်လည်လှည့်ထွက်ပျံသန်းခြင်းဖြင့် ဦးစွာသရုပ်ပြပျံသန်းသည်။

ယင်းနောက် Su-30 SME တိုက်လေယာဉ် ၁ စင်းက ရှေ့မှပျံသန်းနေသည်ကို Su-30 SME တိုက်လေယာဉ် ၁ စင်းက နောက်မှလိုက်၍ Barrel Roll Maneuver ဟုခေါ်သည့် လေယာဉ်၏ မူလဦးတည်ရာ အရပ်မျက်နှာပြောင်းလဲခြင်းမရှိဘဲ ဒုံးများ၊ ကျည်ဆန်များပစ်ခတ်ခံရမှုမှ လျင်မြန်စွာရှောင်ရှားသည့် စစ်ကစားမှုပုံစံဖြင့် ပျံသန်းသရုပ်ပြခြင်းဖြင့် သရုပ်ပြပျံသန်းသည်။

ထို့နောက် Su-30 SME တိုက်လေယာဉ် ၁ စင်းသည် သာမန်ဂျက်တိုက်လေယာဉ်များ မပြုလုပ်နိုင်သည့် ပျံသန်းမှုအမျိုးအစားဖြစ်သော High AOA Loop Maneuver ပုံစံဖြင့်လည်းကောင်း၊ Trail Slide Maneuver ဟုခေါ်သော လေယာဉ်အား အပေါ်သို့ ဒေါင်လိုက်ပျံတက်ပြီး အမြန်နှုန်း Zero သို့ လျှော့ချကာ အောက်သို့ ဒေါင်လိုက်ပြန်လည်လျှောကျသည့် ပျံသန်းမှုပုံစံဖြင့်လည်းကောင်း၊ Vertical Roll Maneuver ဟုခေါ်သည့် ရန်သူ၏ရေဒါခြေရာခံမှုမှ လျင်မြန်စွာရှောင်ရှားနိုင်ရန်နှင့် ရုတ်ခြည်းအမြင့်ပေရရှိလိုသည့် အခြေအနေမျိုးတို့တွင်အသုံးပြုသည့် စစ်ကစားမှုပုံစံဖြင့်လည်းကောင်း သရုပ်ပြပျံသန်းသည်။

ယင်းနောက် MiG-29 ဘက်စုံသုံး ဂျက်တိုက်လေယာဉ် ၅ စင်းက ရှုရပ်၏ ရှေ့တည့်တည့်မှ ပျံသန်းဝင်ရောက်ပြီး Fan Brake ပုံစံဖြင့် ပျံသန်းသရုပ်ပြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် တပ်တော်ဝင်လေယာဉ်/ ရဟတ်ယာဉ်များအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ၎င်းနောက် တပ်တော်ဝင်လေယာဉ်/ရဟတ်ယာဉ်များအား လှည့်လည်ကြည့်ရှုကြပြီး အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် တပ်မတော်(လေ) ၁၅ နှစ်တာကာလ တိုးတက်ပြောင်းလဲမှုပြခန်းအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများကို ပြကွက်တစ်ခုချင်းစီအလိုက် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သရုပ်ပြအုပ်ဖွဲ့ပျံသန်းမှုတွင် ပါဝင်သော လေသူရဲများအား ဂုဏ်ပြုနှုတ်ဆက်စကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် လေယာဉ်/ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ)ဗိုလ်ချုပ်ကြီးထွန်းအောင်က လေယာဉ်များတပ်တော်ဝင်အထိမ်းအမှတ် လေယာဉ်ပုံစံငယ်ကို ဂါရဝပြု ပေးအပ်စဉ်။

⋆ **ရှေ့ဖုံးမှအဆက်**

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ တပ်မတော်(လေ)မှ အရာရှိ စစ်သည်များနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ၁၅ နှစ်တာကာလအတွင်း တပ်မတော်ပိုင် လေယာဉ်/ ရဟတ်ယာဉ်များ တပ်တော်ဝင်ခြင်းအခမ်းအနားများကို ၁၅ ကြိမ်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပြီး လေယာဉ်/ ရဟတ်ယာဉ်များ တပ်မတော်(လေ)သို့ အင်အားဖြည့်တင်းပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ရှိပြီးသား လေယာဉ်/ရဟတ်ယာဉ်များကိုလည်း စွမ်းရည်ပိုမိုတိုးတက်ကောင်းမွန်စေရန် အဆင့်မြှင့်တင်ခြင်းများဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ယခုကဲ့သို့ **လေယာဉ်/ ရဟတ်ယာဉ်များ အသစ်ထပ်မံဖြည့်တင်းခြင်းနှင့် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် တပ်မတော်၏ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နိုင်မှုကို အထောက်အကူများစွာ ဖြစ်စေခဲ့သည့်အပြင် မြန်မာ့ဝေဟင်ပိုင်နက် စိုးမိုးလုံခြုံရေးကိုလည်း ပိုမိုခိုင်မာကောင်းမွန်စေခဲ့**ကြောင်း။

တပ်မတော်(လေ)အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ပြည့်ဝအောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် သယ်ယူပို့ဆောင်ရေးလေယာဉ်/ ရဟတ်ယာဉ်များသည် အရေးပါသည့် လိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝဘေးရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သယ်ယူပို့ဆောင်ရေး လေယာဉ်/ ရဟတ်ယာဉ်များသည် နည်းလမ်းအမျိုးမျိုးဖြင့် အထောက်အကူပြု စွမ်းဆောင်ပေးနိုင်သည်ကို ထင်ရှားစွာတွေ့မြင်နေရကြောင်း။

ယနေ့တပ်တော်ဝင်ပေးမည့် သယ်ယူပို့ဆောင်ရေးလေယာဉ်/ ရဟတ်ယာဉ်များသည် ယခုပြောခဲ့သည့်လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်အောင်မြင်စွာ ထမ်းဆောင်

**❖ နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ သဘာဝဘေး ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သယ်ယူပို့ဆောင်ရေး လေယာဉ်/ ရဟတ်ယာဉ်များသည် နည်းလမ်းအမျိုးမျိုးဖြင့် အထောက်အကူပြုစွမ်းဆောင်ပေးနိုင်သည်ကို ထင်ရှားစွာ တွေ့မြင်နေရ . . .**



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တပ်တော်ဝင် လေယာဉ်/ရဟတ်ယာဉ်များအား လှည့်လည်ကြည့်ရှုစဉ်။

စေနိုင်ရန် စွမ်းဆောင်ပေးနိုင်မည်ဖြစ်သည့်အတွက် တပ်မတော်အတွက်သာမက နိုင်ငံတော်နှင့် ပြည်သူလူထုအတွက်ပါ အကျိုးကျေးဇူးများစွာ ဆောင်ကြဉ်းပေးလာမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ထိုသို့ အကျိုးကျေးဇူးများ ရရှိလာစေရန် တပ်မတော်(လေ)တွင်ရှိသည့် လေသူရဲနှင့် လေယာဉ်သားများ၊ စက်မှုလက်မှုပညာရှင်များ၊ အုပ်ချုပ်ထောက်ပံ့မှုတာဝန်ရှိသူများကလည်း တပ်တော်ဝင်ဖြည့်ဆည်းပေးထားသည့် လေယာဉ်/ရဟတ်ယာဉ်များနှင့် အထောက်အကူပြုစနစ်များကို ကျွမ်းကျင်စနစ်ကျစွာ ပျံသန်းအသုံးပြုကြရန်၊ မိမိကျရာတာဝန်ကို ကျေကျေပွန်ပွန်အောင်အောင်မြင်မြင်ဖြင့် အစွမ်းကုန်ထမ်းဆောင်ကြရန် အလေးအနက်ထား တိုက်တွန်းမှာကြားလိုကြောင်း။

လတ်တလောကာလ နိုင်ငံတကာတွင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခများသာမက ပြည်တွင်းတွင် ဖြစ်ပေါ်ကြုံတွေ့ခဲ့ရသည့် အခြေအနေအရပ်ရပ်များတွင်ပါ လေယာဉ်/ ရဟတ်ယာဉ်များ၊ ဒရုန်းနှင့် ယူအေဗွီများ





ကူးသန်းရန် အကန့်အသတ်များရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ပထဝီနိုင်ငံရေးအရရော နိုင်ငံရေးပထဝီအခြေအနေအရပါ ထူးခြားသည့်အခြေအနေများပိုင်ဆိုင်ထားသည့် မိမိတို့နိုင်ငံအနေဖြင့် ယခုအခြေအနေများထဲက မိမိနိုင်ငံအတွက်ကောင်းကျိုးများ အပြည့်အဝရရှိခံစားအသုံးချနိုင်ရန် လေကြောင်းစွမ်းအားသည် မရှိမဖြစ်လိုအပ်သည့်အပြင် အင်အားကောင်းမွန်စေရန်၊ ခေတ်မီအဆင့်မြင့်စေရန် မဖြစ်မနေကြိုးပမ်းတည်ဆောက်ရေတိုရေရှည် တွက်ဆဆောင်ရွက်ပေးလျက်ရှိကြောင်း။

လေကြောင်းစွမ်းအားအရင်းအမြစ်များသည် နည်းပညာတိုးတက်ပြောင်းလဲမှုအပေါ် အဓိကတည်မှီနေသည်မှာ အထင်အရှားပင်ဖြစ်ကြောင်း၊ တပ်မတော်(လေ)အနေဖြင့် စွမ်းဆောင်ရည်အစဉ်ကောင်းမွန်နေရန် နည်းပညာတိုးတက်ပြောင်းလဲနေမှုကို မျက်ခြည်မပြတ်လေ့လာအကဲခတ်နေရမည်ကို သတိပေးပြောကြားလိုကြောင်း။





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက လေယာဉ်/ရဟတ်ယာဉ်များ သရုပ်ပြအုပ်ဖွဲ့ပျံသန်းအလေးပြုခြင်းနှင့် စွမ်းရည်ပြပျံသန်းခြင်းများဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

အပါအဝင် လေကြောင်းစွမ်းအားအရင်းအမြစ်များသည် မရှိမဖြစ်လိုအပ်လာသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံအသီးသီးသည် လေတပ်အပါအဝင် လေကြောင်းစွမ်းအား ထုတ်လုပ်ဖြန့်ကြက်ပေးနိုင်သည့် တပ်ဖွဲ့အမျိုးမျိုးကို အင်အားတိုးတက်ရုံသာမက ခေတ်မီအဆင့်မြင့်စေရန်အတွက်ပါ တတ်စွမ်းသမျှ ကြိုးပမ်းလုပ်ဆောင်နေကြကြောင်း၊ တစ်ဖက်တွင်လည်း Non-State Actor များဖြစ်သည့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းများ၊ ဝိသမစီးပွားရှာလိုသည့် အဖွဲ့အစည်းများသည်လည်း လေကြောင်းဆိုင်ရာအရင်းအမြစ်များကို ပိုင်ဆိုင်အသုံးပြုလာနိုင်အောင် ကြိုးပမ်းနေကြသည်ကို လေ့လာတွေ့ရှိရကြောင်း။

မိမိတို့မြန်မာနိုင်ငံသည် ပထဝီတည်နေရာအရ အချက်အချာကျသည့်နေရာတွင် တည်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံကြီး ၂ ခုအကြားတွင် တည်ရှိနေသည့်အပြင် တောင်အာရှနှင့် အရှေ့တောင်အာရှကို

**❖ ပထဝီနိုင်ငံရေးအရရော နိုင်ငံရေးပထဝီအခြေအနေအရပါ ထူးခြားသည့်အခြေအနေများပိုင်ဆိုင်ထားသည့် မိမိတို့နိုင်ငံအနေဖြင့် ယခုအခြေအနေများထဲက မိမိနိုင်ငံအတွက်ကောင်းကျိုးများ အပြည့်အဝရရှိခံစားအသုံးချနိုင်ရန် လေကြောင်းစွမ်းအားသည် မရှိမဖြစ်လိုအပ်သည့်အပြင် အင်အားကောင်းမွန်စေရန်၊ ခေတ်မီအဆင့်မြင့်စေရန် မဖြစ်မနေကြိုးပမ်းတည်ဆောက်ရမည်ဖြစ် . . .**

**❖ လေကြောင်းစွမ်းအားအရင်းအမြစ်များသည် နည်းပညာတိုးတက်ပြောင်းလဲမှုအပေါ် အဓိကတည်မှီနေသည်မှာ အထင်အရှားပင်ဖြစ်၊ တပ်မတော်(လေ)အနေဖြင့် စွမ်းဆောင်ရည်အစဉ်ကောင်းမွန်နေရန် နည်းပညာတိုးတက်ပြောင်းလဲနေမှုကို မျက်ခြည်မပြတ်လေ့လာအကဲခတ်နေရမည်. . .**

ဆက်စပ်ပေးထားသည့် နေရာဒေသလည်းဖြစ်ကြောင်း၊ ရေကြောင်းအနေဖြင့်ကြည့်ပါကလည်း ဖြတ်သန်းသွားလာမှုအများဆုံး ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းကြောင်းများနှင့် နီးကပ်စွာတည်ရှိနေကြောင်း၊ မိမိကိုယ်ပိုင်အနေဖြင့်လည်း သဘာဝသယံဇာတ အမျိုးမျိုးပေါကြွယ်ဝသည့် ရေပြင်ပိုင်နက်နှင့် သီးသန့်စီးပွားရေးဇုန်တို့ကို ကျယ်ပြန့်စွာပိုင်ဆိုင်ထားကြောင်း၊ ပြည်တွင်းပထဝီအနေအထားကလည်း တောတောင်ထူထပ်ပြီး မြစ်ချောင်းအင်းအိုင်များပေါများစွာတည်ရှိနေသည့်အတွက် သာမန်သွားလာရမည်ဖြစ်ကြောင်း၊ တပ်မတော်(လေ)သည် မိမိတို့နိုင်ငံ၏ လေကြောင်းစွမ်းအားအရင်းအမြစ်များအနက် အဓိကကျသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် တပ်မတော်(လေ)အင်အားတောင့်တင်းခိုင်မာစေရေးနှင့် ခေတ်မီစေရေးအတွက်

အရည်အသွေးမြင့်မားကောင်းမွန်သည့် လေယာဉ်/ရဟတ်ယာဉ်များ ပိုင်ဆိုင်အသုံးပြုနိုင်ရေးဆောင်ရွက်ရာတွင် အသစ်ဝယ်ယူဖြည့်တင်းခြင်းသာမက လက်ရှိပိုင်ဆိုင်ထားသည့် လေယာဉ်/ ရဟတ်ယာဉ်များကို စွမ်းရည်ပြည့်ပျံသန်းအသုံးချနိုင်ရန် စနစ်တကျထိန်းသိမ်းကိုင်တွယ် ပြင်ဆင်မွမ်းမံခြင်း၊ အခါအားလျော်စွာအဆင့်မြှင့်တင်မွမ်းမံခြင်းတို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ ဒီလိုလုပ်ဆောင်နိုင်ခြင်းဖြင့် ငွေကြေးအကုန်အကျ များစွာသက်သာလျော့နည်းစေနိုင်မည်ဖြစ်ကြောင်း။

လက်ရှိမိမိတို့ မြန်မာနိုင်ငံ၏ဖြစ်ပေါ်တိုးတက်မှုများနှင့်ပတ်သက်ပြီး အနည်းငယ်အသိပေးပြောကြားလိုကြောင်း၊ ပြည်တွင်းပြည်ပ နှောင့်ယှက်စွက်ဖက်မှုအမျိုးမျိုး၊ သပ်လျှိုသွေးခွဲမှုအမျိုးမျိုး၊ ကိုယ်ကျိုးရှာမှုအမျိုးမျိုးတို့ကြောင့် တပ်မတော်အနေဖြင့် မလွှဲသာဘဲ နိုင်ငံတော်တာဝန်များကို **စာမျက်နှာ ၁၅ သို့** ☆



တပ်တော်ဝင် လေယာဉ်/ရဟတ်ယာဉ်များအား တွေ့ရစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing graces ceremony to commission new airplanes and helicopters into service



Senior General Min Aung Hlaing views photos showing the development of Tatmadaw (Air).

NAY PYI TAW November 7

A ceremony to commission new airplanes and helicopters of the Tatmadaw (Air) into service took place at Nay Pyi Taw Air Base this morning, graced by Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing.

Present were Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla, SSPC Vice Chairman Deputy Commander-in-Chief of Defence Services Commander-in-Chief (Army) Vice-Senior General Soe Win and wife, Daw Than Than Nwe, Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife, Commander-in-Chief (Navy) Admiral Htein Win and wife, Commander-in-Chief (Air) General Tun Aung and wife, union level dignitaries and wives, senior military officers from the Office of the Commander-in-Chief and wives, the Nay Pyi Taw Command commander, air base commanders, officers, other ranks and officials of the Tatmadaw (Air) and honoured guests.

In his address, the Senior General said during a 15-year period from 2011 to 2025, Tatmadaw (Air) commissioned its aircraft including helicopters 15 times, thus further reinforcing its air fleet. In addition, power of the existing aircraft of the Air Force were also upgraded. The reinforcement and upgrading programs were very supportive of the Tatmadaw's national defence and security task, further improving and strengthening the ability to ensure airspace security of Myanmar.

As for the Tatmadaw (Air), transport planes and helicopters are also a vital requirement for the complete success of its national defence and security operations. Furthermore, their various means of supportive roles in nation-building and national development, search and rescue missions, environmental protection and conservation are obvious.

Today's commissioned transport aircraft including helicopters will add extra effectiveness to the abovementioned tasks. Hence, they will surely bring benefits not only to the Tatmadaw, but also to the nation and people. Members of the air crews including pilots, technicians, and personnel of the administrative and supporting sector of the Air Force must exert utmost in all seriousness to skillfully and methodically operate the new aircraft and the support systems and serve their assigned duties well and accomplish their missions.

The current international conflicts and internal situation clearly indicate the essential role of all types of aircraft, drones and UAVs. In this regard, nations are strengthening and modernizing their troops capable of releasing and deploying airpower of the Air Force to the best of their ability. On the other hand, insurgent groups that are non-state actors and illegal business organizations are trying to possess and use aviation resources.

It is common knowledge that geographically, Myanmar is located in a hub and between the two most populous countries of the world. In addition, it lies in an area between South Asia and Southeast Asia and that is close to the seas where the maritime traffic is the heaviest. The country is rich in various kinds of natural resources and a large area of territorial waters and an exclusive economic zone. Naturally, the country has many mountain ranges, natural watercourses and lakes, posing as barriers for trade and transport.

Airpower has become an essential force for the country that is unique from the both viewpoints of geopolitics and political geography, to enjoy and exploit benefits fully. Moreover, it is a must to empower and modernize the Air Force as it is the main force of the country's aviation resources. So, short-term and long-term plans are adopted through careful calculations to further strengthen and modernize it.

It is evident that air power resources are critically dependent on technological advancements, and he wished to emphasize that Tatmadaw (Air) must constantly study and assess technological changes to maintain continuous operational capability.

In order to possess and utilize high-quality aircraft and helicopters, it is essential to not only purchase new ones but also continuously carry out systematic maintenance, handling, modification, and timely upgrades of the existing fleet to ensure they can be used to their full capacity, noting that doing so will significantly reduce costs.




Senior General Min Aung Hlaing sprinkles scented water on a newly commissioned helicopter.

The Senior General wished to provide an update on the current developments in Myanmar, stating that Tatmadaw was compelled to temporarily take over State responsibilities due to various interferences, both domestic and foreign, as well as different forms of instigation, division, and self-interest. He added that, in line with the developing situation,


See Page - 21 ■■


# Tatmadaw columns re-occupy Hsedawgyi Dam and surrounding areas temporarily controlled by PDF terrorists



Photo shows a local battalion taken back by Tatmadaw columns.


Photo shows a local battalion taken back by Tatmadaw columns.


Tatmadaw columns liberate villages briefly controlled by PDF terrorist insurgent groups.


Members of security forces clear mines planted by PDF terrorist insurgents at the place near the crest gate opening and closing gear.


Photo shows mines planted by PDF terrorist insurgents to blow up Hsedawgyi Dam.


Members of security forces clear mines planted by PDF terrorist insurgents at the spillway.


NAY PYI TAW November 7


The CRPH and NUG terrorist organizations are persistently working by various ways and means to destroy the State. They are reportedly training PDF terrorists and cooperating with certain ethnic armed groups to sabotage government administrative mechanisms and hinder national development. They have been arresting, torturing, and killing government service personnel, monks, and residents who faithfully carry out State duties, seizing valuable and profit-generating private property, and extorting money from civilians by force for various reasons. They have also been forcibly recruiting youth, using local people as human shields in conflict zones, and attacking homes, government administrative buildings, schools that produce educated youth to serve national responsibilities, factories and workshops supporting development, as well as main roads and large bridges used by the public, including by planting mines and dropping bombs. As a result, the local populations in the areas where these groups operate are experiencing significant declines in their social and economic conditions, education, health, and overall livelihoods.


Furthermore, the CRPH, NUG, and their affiliated PDF terrorist groups are making attempts of a military dream to occupy the Mandalay which has been coordinating in both highland and lowland areas because Mandalay serves as a key hub for the country's trade and transportation network.

Therefore, civilians from Anya region who live honestly and work for their livelihood are being politically mobilized under the guise of "democracy" and "regional welfare," enrolled in violent training programmes, and turned out MDY-PDF-labelled terrorists. These individuals have been carrying out battles in towns and villages, attacking lightly defended military outposts using superior strengths, and targeting factories and workshops that serve the national interest. The security forces fought courageously and resiliently, willing to risk their lives, holding fast even when only a single person remained or when their flags were down. However, the terrorists, using the overwhelming strength gained from forcibly recruiting new members, exploited local civilians as human shields and continued their attacks. To minimize casualties, injuries to security personnel, and damage to civilian homes, factories, and workshops serving national interests, the security forces systematically withdrew in stages according to military strategy. During this time, the terrorists temporarily seized control of areas, including Hsedawgyi Village of Madaya Township in Mandalay Region, local military headquarters, the Hsedawgyi

See Page - 20►►


Members of security forces clear mines planted by PDF terrorist insurgents at the spillway to blow up Hsedawgyi Dam.


Members of security forces clear mines planted by PDF terrorist insurgents to blow up Hsedawgyi Dam.


Tatmadaw columns recontrol Hsedawgyi Dams, power station and the surround area.


Tatmadaw columns restore Hsedawgyi Dam.


PDF terrorist insurgents erected bunkers around Hsedawgyi Dam and at the regulating structure.


PDF terrorist insurgents erected bunkers around Hsedawgyi Dam and at the regulating structure.




Photo shows dead body of PDF terrorist insurgents.


Photo shows dead body of PDF terrorist insurgents.


Photo shows dead body of PDF terrorist insurgents.


PDF terrorist insurgents erected bunkers around Hsedawgyi Dam and at the regulating structure.

►► From Page - 19

dam, and State-run factories such as the Alpha Cement Plant and the Phayaungtaung mine.

Therefore, members of the security forces systematically formulated the plans, aiming to reclaim areas temporarily occupied by terrorists—including Hsedawgyi Village, the Hsedawgyi Dam, and State-run factories and workshops—while minimizing damage. As a result, on 24 August 2025, the Phayaungtaung Mine was successfully recaptured by military columns with military tactics, and the Alpha Cement Plant on 28 August. The terrorists suffered significant casualties and were forced to retreat northward from the Madaya area.

Moreover, Tatmadaw columns prepared necessary groupings with raising momentum of attacks to re-occupy the areas temporarily controlled by terrorists. Starting from 20 October 2025, they launched the terrorism combat operation. Five military columns participated in the operation with the momentum of counterattacks. In this regard, one military column participated in the operation from Thabyaydoe in the east of Hsedawgyi Dam, one more column from Thanbo, another column from the Sakhantha-Kyabin-Thangon near Alpha Cement Plant, south of Hsedawgyi Dam, the nest column from the Sakhantha-Thaphankine-Tadagon and the last one from Kyauktada-Myaungthit-Yonbin, southwest of Hsedawgyi Dam. The terrorists strongly defended the counterattacks of Tatmadaw columns from public buildings, sluice gates of Hsedawgyi Dam, diversion dams and building concrete bankers, fox dens and communication trenches as their covers in order not to lose towns, villages and the dam they temporarily controlled. Thanks to the active morale of combat Tatmadaw members, disciplined planning, and coordinated execution, the Tatmadaw was able to carry out operations carefully to prevent damage to buildings, machinery, and dam gates. As a result, by midday on 7 November, the Hsedawgyi Dam, its sluice gates, the local military headquarters and surrounding areas were successfully recaptured.

During the 19-day period of the operation to retake control, there were 42 major and minor clashes with the terrorists. Fourteen corpses of the terrorists were seized, along with 60 various weapons and related equipment. Some security force members heroically sacrificed their lives for the state.

The Hsedawgyi water reservoir dam is located near Hsedawgyi Village, Salay Village Tract, Madaya Township, Mandalay Region. It is an embankment dam built with the purpose of supplying water to Mandalay City, providing irrigation for the Madaya area and the environs of Mandalay, and generating hydroelectric power. Construction began in 1976 and was successfully completed in 1987. It is an earth-fill, concrete, and rock-fill type dam with a length of 4,120 feet, a height of 133 feet, and a crest width of 20 feet. The full reservoir capacity is 363,000 acre-feet, and the effective water storage capacity is 279,000 acre-feet. Furthermore, it is known that the dam can supply water for irrigation to 127,000 acres of farmland for towns and villages within Mandalay Region. Additionally, the Hsedawgyi reservoir dam has an installed power generation capacity of 25 megawatts and can generate 134 million kilowatt-hours of electricity per year, thereby significantly contributing to the socio-economic development of the local populace.

While the PDF-named terrorist insurgent groups controlled the Hsedawgyi reservoir dam, they showed no consideration for the people's access to electricity, drinking water, or irrigation water. They used the dam solely for their own benefit as they saw fit, operating the water sluice gates by opening and closing them arbitrarily. This caused the reservoir water level to decrease, leading to insufficient drinking water for the residents of Mandalay City and surrounding villages, as well as a lack of adequate irrigation water. For the 2024-2025 monsoon season, although plans were made to provide water for cultivating 74,249 acres of monsoon paddy, only 30,592 acres could actually be cultivated, resulting in a loss of 43,657 acres of cultivable land.


Similarly, for the 2024-2025 summer season, plans were made to provide water for cultivating 73,145 acres of summer paddy and other crops, but only 32,269 acres could be cultivated, resulting in a loss of 40,876 acres.

Likewise, for this year's 2025-2026 monsoon paddy and other crops, plans were made to provide water for 80,111 acres. However, as of 8-10-2025, only a total of 49,048 acres have been cultivated, resulting in a total loss of 31,063 acres of cultivable land.

See Page - 21►►



Tatmadaw columns liberate villages briefly controlled by PDF terrorist insurgent groups.


Tatmadaw columns recontrol Hsedawgyi Dam, power station and local police station.


Tatmadaw columns recontrol Hsedawgyi Dams, power station and the surround area.



Arms, ammunition and accessories captured from PDF terrorist insurgents.


Tatmadaw columns liberate villages briefly controlled by PDF terrorist insurgent groups.


PDF terrorist insurgents erected bunkers around Hsedawgyi Dam and at the regulating structure.


Arms, ammunition and accessories captured from PDF terrorist insurgents.


Arms, ammunition and accessories captured from PDF terrorist insurgents.


PDF terrorist insurgents dug communication canals and erected fortifications in the surrounding areas of Hsedawgyi Dam and at the regulating structure.


Arms, ammunition and accessories captured from PDF terrorist insurgents.

■■ From Page - 18

preparations are currently underway to successfully hold a free and fair multi-party democracy general election, which is the aspiration of the public, and the State responsibilities will be handed over to the elected government emerging from



Senior General Min Aung Hlaing presents honorary cash award to a pilot.

this election in accordance with democratic norms.

He stated that as this process is not aligned with the wishes of certain domestic and foreign organizations, they are interfering and hindering the election through various means to prevent it from being held or to disrupt it. He noted that, on the other hand, terrorist insurgents are gradually losing ground due to the combined efforts of Tatmadaw and the public, and in a frenzy, they are attacking, destroying, and looting state-owned roads, bridges, and buildings, as well as the homes and property of the general public, in a desperate attempt to maintain control over the territories they temporarily dominate. He stressed the vital necessity of stopping and crushing these attacks and destruction, adding that Tatmadaw, with the assistance of the public, will continue to press forward with these efforts.

He wished to acknowledge and state that Tatmadaw (Air) was formed on December 15, 1947, and will mark its 78th Anniversary this coming December. He proudly noted that throughout this period, Tatmadaw (Air), as a key component of Tatmadaw, has striven to fully and successfully carry out various assigned duties. He acknowledged that Tatmadaw (Air) is currently using its air power resources most effectively to successfully and efficiently accomplish its targeted duties. He attributed this success to the balanced cooperation of its three main pillars: the pilots and air crew from the flying sector, the engineers and skilled technicians from the mechanical sector, and the administrators and clerks responsible for command, support, and office work from the administrative sector. He urged them to continue their balanced, cooperative efforts, skillfully and systematically utilizing the aircraft and helicopters entering service today, to fulfill their future operational duties.

Everyone is urged to prove that the MAF is a highly capable one by cherishing and flying aircraft and helicopters commissioned today skillfully and effectively, to enhance fighting capabilities of the MAF and make innovations by consistently studying international relations, geopolitical developments and advancement of science and technology, to carry out training, research and development consistently by utilizing aviation resources already possessed effectively, to supervise the processes of research and innovation and prevention of damage and losses by coordinating flight, engineering and administrative pillars, and to exert concerted efforts to perpetuate Myanmar as long as the world exists by preserving the fine traditions of the Tatmadaw like one's own life.



Chairman of State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing hears a report on commissioned aircraft.

Then, Commander-in-Chief (Air) General Tun Aung reported to the Senior General on the commissioning ceremony of aircraft and helicopters.

Afterward, Chief of Staff (Air) Lt-Gen Zaw Win Myint announced the commissioning of aircraft and helicopters.

Then, the Senior General accepted a miniature aircraft commemorating the commissioning ceremony from Commander-in-Chief (Air) General Tun Aung.

Afterward, an air show of aircraft and helicopter squadrons to salute and display capabilities to the Senior General followed. During the air show fly-pasts were made by four Mi-17 helicopters and two Eurocopters in composite formation, by two Bell-206 helicopters and two H-125 helicopters in Composite Box Formation, by one MTX-1B reconnaissance aircraft, one MTX-A reconnaissance aircraft and one Grob-120 TP training aircraft in Trail Formation, by one ATR-72 transport aircraft and two Beech-1900D transport aircraft in Composite Arrow Head Formation, by four K-8 fighter jets in Box Formation, by five MiG-29 multi-role jet fighters in Arrow Head Formation and by three Su-30 SME high maneuverable multi-role jet fighters in Arrow Head Formation.

Then, two Su-30 SME post-4th generation supermaneuverable multi-role fighter jets made a fly-past to salute the Senior General and conducted high performance maneuvers.

During the high performance maneuvers, two Su-30 SMEs conducted the Combat Turn Maneuver, in which they attacked a ground target and suddenly turned to the opposite direction to prevent counter attacks.

Then, one Su-30 SME conducted the Barrel Roll Maneuver, in which one Su-30 SME in pursuit of another one by quickly dodging rockets and bullets without changing the original direction.

Afterward, one Su-30 SME conducted the High AOA Loop Maneuver, the Trail Slide Maneuver, in which the aircraft flied upward vertically and decreased the speed to zero to slide downward vertically, the Vertical Roll Maneuver, which is used when an aircraft dodges enemy radars by suddenly flying up to high altitudes.

Then, five MiG-29 multi-role jet fighters conducted the Fan Brake by flying from the facing direction.

Afterward, the Senior General and party sprinkled scented water on commissioned aircraft and helicopters and observed them before posing for documentary photographs.

Then, the Senior General and his wife and party observed the exhibition booths of 15 year's development of the MAF exhibition one booth after another.

Afterward, the Senior General honored and greeted the pilots who participated in the air show and presented cash rewards for them. **100**

---

►► From Page - 20

Furthermore, the ongoing project for "Constructing a water pipeline and water intake system to develop a new water canal on the right side of the Yaynanttha canal to expand water supply for 12,000 acres of farmland" – aimed at expanding irrigation water supply from the Hsedawgyi reservoir – had to be suspended due to terrorist acts. This adversely affected the crop cultivation and production of local farmers, causing significant losses for the state and the people, and increasing their hardship and poverty.

It was discovered that during their control of the Hsedawgyi reservoir dam, the PDF-named terrorist insurgent groups not only controlled the water supply but also maliciously attempted to mine and destroy the dam's spillway gate control buttons, the dam body itself, and the water sluice gates. Had the terrorists succeeded in mining and destroying these locations, the areas irrigated by the daily water distribution system, including farmland and the homes of local residents, would have been flooded and destroyed. Electricity generation capacity would also have been damaged and lost, adversely affecting regional development.

Tatmadaw columns successfully prevented these malicious attempts by the terrorists to mine and destroy the spillway gate control buttons, the dam body, and the water sluice gates in the nick of time. This prevented the destruction of the dam, averted damage to the interests of the local population, and has allowed stability and peace operations in the region to proceed.

Now, as the Tatmadaw has regained control of the Hsedawgyi reservoir dam and its surrounding area, the sluice gates can be operated normally and systematically according to schedule. This includes water retention and storage, seasonal systematic water supply and release. Consequently, local residents can be ensured adequate access to electricity, drinking water, and irrigation water. Accordingly, regional transportation links and the job opportunities for local residents will also be restored. It is reported that security force members are continuing to intensify necessary area security operations.

**100**




တပ်မတော်စစ်ကြောင်းများက PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များ ခေတ္တထိန်းချုပ်ခဲ့သည့် ကျေးရွာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့မှုကို တွေ့ရစဉ်။

**⊃ ကျောဖုံးမှအဆက်**

အထောက်အကူပြုနေသည့် စက်ရုံ၊ အလုပ်ရုံများနှင့် ပြည်သူများအဓိကသွားလာအသုံးပြုလျက်ရှိသည့် လမ်း၊ တံတားကြီးများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ Drop Bomb ချတိုက်ခိုက်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိကြသဖြင့် ၎င်းတို့ရောက်ရှိရာဒေသများရှိ ပြည်သူလူထုများသည် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လူမှုစီးပွားဘဝများ အဘက်ဘက်မှ နိမ့်ကျလျက်ရှိသည်။

ထို့ပြင် CRPH၊ NUG ပြည်ဖျက်အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့လက်ဝေခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များသည် တောင်ပေါ်ဒေသနှင့် မြေပြန့်ဒေသကို

## တပ်မတော်စစ်ကြောင်းများက ဆည်တော်ကြီးရေလှောင်တမံဒေသအားပြန်လည်ထိန်းချုပ်ခြင်း။




ဆက်သွယ်ပေးထားပြီး နိုင်ငံ၏ကုန်စည်ကူးသန်းမှုနှင့် လမ်းပန်းဆက်သွယ်မှု အချက်အချာတစ်ခုဖြစ်သည့် မန္တလေးမြို့ကို သိမ်းပိုက်နိုင်ရေးသည်လည်း ၎င်းတို့၏ စိတ်ကူးယဉ် စစ်ရေးအိပ်မက်ထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။

ထို့ကြောင့် အညာဒေသတွင် ရိုးသားစွာ နေထိုင်လုပ်ကိုင်စားသောက်နေကြသည့် ပြည်သူများအား ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေး မက်လုံးများဖြင့် စည်းရုံးသိမ်းသွင်းကာ အကြမ်းဖက်သင်တန်းများပို့ချပေးပြီး MDY-PDF အမည်ခံ အကြမ်းဖက်သမားများအဖြစ် မွေးထုတ်ပေးကာမြို့၊ ရွာများတွင် တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ လုံခြုံရေးအားနည်း





တပ်မတော်စစ်ကြောင်းများက PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များ ခေတ္တထိန်းချုပ်ခဲ့သည့် နယ်မြေခံတပ်ရင်းအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့မှုကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက PDF အမည်ခံအကြမ်းဖက်ပူးပေါင်းအဖွဲ့များခေတ္တထိန်းချုပ်ခဲ့သည့် ကျေးရွာများအား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ခဲ့မှုကို တွေ့ရစဉ်။



ဆည်တော်ကြီးရေလှောင်တမံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ဝန်းကျင်ဒေသအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ခဲ့မှုကိုတွေ့ရစဉ်။



ဆည်တော်ကြီးရေလှောင်တမံအား တပ်မတော်စစ်ကြောင်းများက ပြန်လည်ထိန်းချုပ်ခဲ့မှုကို တွေ့ရစဉ်။



ဆည်တော်ကြီးရေလှောင်တမံအား ဖောက်ခွဲဖျက်ဆီးရန် PDF အမည်ခံအကြမ်းဖက်သမားများ ဆည်တမံပေါင်ပေါ်တွင် ထောင်ထားသည့် မိုင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှုကို တွေ့ရစဉ်။



ဆည်တော်ကြီးရေလှောင်တမံအား ဖောက်ခွဲဖျက်ဆီးရန် PDF အမည်ခံအကြမ်းဖက်သမားများက ဆည်တမံပေါင်ပေါ်တွင် မိုင်းများ ထောင်ထားခဲ့မှုကို တွေ့ရစဉ်။




ဆည်တော်ကြီးရေလှောင်တမံအား ဖောက်ခွဲဖျက်ဆီးရန် PDF အမည်ခံအကြမ်းဖက်သမားများက ရေထိန်းတံခါးများပေါ်တွင် ထောင်ထားသည့် မိုင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များ ဖယ်ရှားရှင်းလင်းနေမှုကို တွေ့ရစဉ်။

သော တပ်စခန်းငယ်များကို အင်အား အလုံးအရင်းအသုံးပြု၍ တိုက်ခိုက်ခြင်း၊ နိုင်ငံ့အကျိုးပြု စက်ရုံ၊ အလုပ်ရုံများအား တိုက်ခိုက်ခြင်းများ လုပ်ဆောင်လာကြရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျည်တစ်တောင့် လူတစ်ယောက်ကျန်သည်အထိ တိုက်ရဲသည့် စိတ်ဓာတ်၊ လှေခွက်ချည်းကျန် အလံမလဲသည့် စိတ်ဓာတ်များဖြင့် အသက်ကိုပဓာနမထားဘဲ ရဲရဲဝံ့ဝံ့ဖြင့် ပြန်လည်ခုခံ တွန်းလှန်ခဲ့ကြသော်လည်း အကြမ်းဖက်သမားများအနေဖြင့် အတင်းအဓမ္မခြိမ်းခြောက်

**စာမျက်နှာ ၂၃ သို့ ⊃**



ဆည်တော်ကြီးရေလှောင်တမံအား ဖောက်ခွဲဖျက်ဆီးရန် PDF အမည်ခံ အကြမ်းဖက်သမားများ ရေထိန်းတံခါးများအနီးတွင် ထောင်ထားသည့် မိုင်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များကဖယ်ရှားရှင်းလင်းနေမှုကို တွေ့ရစဉ်။



ဆည်တော်ကြီးရေလှောင်တမံအား ဖောက်ခွဲဖျက်ဆီးရန် PDF အမည်ခံအကြမ်းဖက်သမားများ ဆည်ရေပိုလွှဲတံခါး အဖွင့်/အပိတ် မောင်းခလုတ်အနီးတွင် ထောင်ထားသည့်မိုင်းများအား လုံခြုံရေး တပ်ဖွဲ့ဝင်များက ဖယ်ရှားရှင်းလင်းနေမှုကိုတွေ့ရစဉ်။



ဆည်တော်ကြီးရေလှောင်တမံအား ဖောက်ခွဲဖျက်ဆီးရန် PDF အမည်ခံအကြမ်းဖက်သမားများက ထောင်ထားခဲ့သည့်မိုင်းနှင့် ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။



ဆည်တော်ကြီးရေလှောင်တမံနှင့် ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့်ရန်သူ့အလောင်းများကိုတွေ့ရစဉ်။



PDF အမည်ခံအကြမ်းဖက်သမားများက ဆည်တော်ကြီးရေလှောင်တမံဝန်းကျင်နှင့် ရေထိန်းတမံတွင် အကာအကွယ်ဘန်ကာများ ပြုလုပ်ထားမှုကိုတွေ့ရစဉ်။



ဆည်တော်ကြီးရေလှောင်တမံနှင့် ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်တိုက်ခိုက်သိမ်းပိုက်စဉ် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းဆည်းရရှိသည့်လက်နက်၊ ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများကိုတွေ့ရစဉ်။

⊃ စာမျက်နှာ ၂၂ မှအဆက်

လူသစ်စုဆောင်းခြင်းဖြင့်ရရှိလာသော သာလွန်အင်အားများဖြင့် ဒေသခံပြည်သူလူထုအား လူသားတံတိုင်းအဖြစ်အသုံးချ၍ တိုက်ခိုက်လာခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့များသည် ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှု များပြားလာကာ ပြည်သူလူထု၏ နေအိမ်များ၊ နိုင်ငံ့အကျိုးပြု စက်ရုံ၊ အလုပ်ရုံများ ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေးတို့အတွက် စစ်နည်းဗျူဟာမြောက် ကြားခံစစ်အဆင့်ဆင့်ဖြင့် စနစ်တကျ ဆုတ်ခွာပေးခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများသည် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ ဆည်တော်ကြီးကျေးရွာ အပါအဝင် ၎င်းဒေသတစ်ဝိုက်ရှိ နယ်မြေခံတပ်ဌာနချုပ်၊ ဆည်တော်ကြီးရေလှောင်တမံနှင့် နိုင်ငံ့အကျိုးပြု အယ်လ်ဖာဘိလပ်မြေစက်ရုံ၊ ဖယောင်းတောင်သတ္တုတွင်းနေရာတို့အား ခေတ္တထိန်းချုပ်ခဲ့ကြသည်။

သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်သမားများ ခေတ္တထိန်းချုပ်ထားသော ဆည်တော်ကြီးကျေးရွာအပါအဝင် ဆည်တော်ကြီးရေလှောင်တမံနှင့် နိုင်ငံ့အကျိုးပြု စက်ရုံ၊ အလုပ်ရုံတို့အား ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြင့် ပြန်လည်ရရှိရေးအတွက် စီမံချက်များ အဆင့်ဆင့်ရေးဆွဲပြီး စစ်ကြောင်းများခွဲ၍ ပစ်ခတ်မှုနှင့် စစ်ကစားမှုကို ဟန်ချက်ညီညီပေါင်းစပ်ပြီး ချေမှုန်းခဲ့ရာ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၂၄ ရက်တွင် ဖယောင်းတောင်သတ္တုတွင်း ဒေသတစ်ဝိုက်အားလည်းကောင်း၊ ဩဂုတ်လ ၂၈ ရက်တွင် အယ်လ်ဖာဘိလပ်မြေစက်ရုံကိုလည်းကောင်း ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့ပြီး အကြမ်းဖက်သမားများအနေဖြင့် ထိခိုက်ကျဆုံးမှုများစွာဖြင့် မတ္တရာဒေသမြောက်ဘက်ခြမ်းသို့ ကစဥ့်ကလျား ဆုတ်ခွာထွက်ပြေးသွားကြသည်။


ဆက်လက်၍ တပ်မတော်စစ်ကြောင်းများအနေဖြင့် တိုက်စစ်အဟုန်မြှင့်တင်၍ အကြမ်းဖက်သမားများထိန်းချုပ်ထားသော နယ်မြေများ ပြန်လည်ရရှိရေးအတွက် လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများ အသေးစိတ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၀ ရက်မှစတင်၍ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်ရေးအား ဆက်လက်ဆောင်ရွက်ခဲ့ရာ ဆည်တော်ကြီး ရေလှောင်တမံ၏ အရှေ့ဘက် သပြေဒိုးဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ သံဘိုဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ဆည်တော်ကြီး ရေလှောင်တမံ၏ တောင်ဘက် အယ်လ်ဖာဘိလပ်မြေစက်ရုံအနီးရှိ စခန်းသာ-ကြာပင်- သန်းကုန်းဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ စခန်းသာ-သဖန်းကိုင်း-တံတားကုန်းဘက်မှ စစ်ကြောင်းတစ်ကြောင်း၊ ဆည်တော်ကြီး ရေလှောင်တမံ၏ အနောက်တောင်ဘက် ကျောက်တံတား-မြောင်းသစ်-ရုံးပင်-အထက်တောင်ကိုင်းဘက်မှ အထောက်အကူပြုစစ်ကြောင်း တစ်ကြောင်း စသည့် စစ်ကြောင်း ၅ ကြောင်းဖြင့် တန်ပြန်တိုက်စစ်အား အရှိန်အဟုန်မြှင့်ဆောင်ရွက်ခဲ့သည်။ အကြမ်းဖက်သမားများအနေဖြင့်လည်း ၎င်းတို့ ခေတ္တထိန်းချုပ်ထားသည့် မြို့၊ ရွာများ၊ ရေလှောင်တမံတို့အား လက်မလွှတ်ရရေး ပြည်သူလူထု၏လူနေအိမ် အဆောက်အဦများ၊ ဆည်တော်ကြီးဆည်၏ ရေထိန်းတံခါးများ၊ ရေလွှဲဆည်များကို အကာအကွယ် ရယူ၍လည်းကောင်း၊ ရေထိန်းတမံနှင့် ပတ်ဝန်းကျင်တွင် ကွန်ကရစ်ဘန်ကာများ၊ မြေခွေးကျင်းများနှင့် ဆက်သွယ်ရေးမြောင်းများကို တည်ဆောက်၍လည်းကောင်း အခိုင်အမာခံစစ်ဆင် ပြန်လည်ခုခံခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဒေသခံပြည်သူများ၏ အပြည့်အဝ အားပေးထောက်ခံမှု၊ တိုက်ပွဲဝင်အရာရှိ စစ်သည်များ၏ စိတ်ဓာတ်တက်ကြွ၍ တိုက်လိုခိုက်လိုစိတ်ပြင်းပြမှု၊ မဆုတ်မနစ်သောဇွဲ၊ လုံ့လ၊ ဝီရိယရှိမှု၊ စနစ်တကျ ရေးဆွဲထားသော စီမံချက် ကောင်းမွန်မှုတို့ဖြင့် အဆိုပါဆည်ကြီးရှိ အဆောက်အအုံများ၊ စက်ပစ္စည်းကိရိယာများနှင့်ဆည်မြောင်းတာတမံရေထိန်းတံခါးများ ထိခိုက်ပျက်စီးမှုမရှိစေရေး ကန့်သတ်ချက်များကြားမှ ထိန်းထိန်းသိမ်းသိမ်းဖြင့် တိုက်စစ်ဆင်ခဲ့ရာ နိုဝင်ဘာလ ၇ ရက်နေ့ ယနေ့ နေ့လယ်ပိုင်းတွင် ဆည်တော်ကြီး ရေလှောင်တမံနှင့် နယ်မြေခံတပ်ဌာနချုပ်၊ ပတ်ဝန်းကျင်အားလုံးကို ပြန်လည်တိုက်ခိုက်သိမ်းပိုက်နိုင်ခဲ့သည်။

ထိုသို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ရာ စစ်ဆင်ရေးကာလ ၁၉ ရက်အတွင်း အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီးငယ် ၄၂ ကြိမ် ဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း ၁၄ လောင်း၊ လက်နက်မျိုးစုံ ၆၀ လက်နှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ နိုင်ငံတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ရသည်။

အဆိုပါ ဆည်တော်ကြီး ရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ စလေကျေးရွာအုပ်စု

စာမျက်နှာ ၂၄ သို့ ⊃

# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး



ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည်စုံလင်း ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေကို မေးမြန်းအားပေး စကားပြောကြားစဉ်။



တောင်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ဆေးကုသမှု ခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဆေးကုသမှု ခံယူနေသူတစ်ဦး၏ ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေကို မေးမြန်းအားပေး စကားပြောကြားစဉ်။



အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အေးမင်းဦး ဆေးကုသမှု ခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာ များနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။





အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်နိုင်ဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေကိုမေးမြန်းအားပေး စကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၇

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ တပ်မတော်ဆေးရုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိတပ်မတော်ဆေးရုံ၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်အရိုးရောဂါအထူးကုဆေးရုံကြီး(ခုတင်-၅၀၀)နှင့် တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်း၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ နန်းမြို့တွင်းရှိ တပ်မတော်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံနှင့် ပြည်မြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့်ဒေသခံပြည်သူများအား ယနေ့တွင် သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်ကြသည်။

ထို့နောက် တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ᑐ စာမျက်နှာ ၂၃ မှအဆက်

ဆည်တော်ကြီးရွာအနီးတွင် တည်ရှိပြီး မန္တလေးမြို့ ရေပေးဝေရေး၊ မတ္တရာဒေသနှင့် မန္တလေးပတ်ဝန်းကျင်ဒေသတွင်း စိုက်ပျိုးရေပေးဝေရေး၊ ရေအားလျှပ်စစ်ထုတ်လုပ်ရေးတို့အတွက် ရည်ရွယ်ဆောက်လုပ်ထားသည့် တာတမံဖြစ်ပြီး ၁၉၇၆ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ၁၉၈၇ ခုနှစ်တွင် အောင်မြင်စွာ ပြီးစီးခဲ့သည့်မြေသား၊ ကွန်ကရစ်၊ ကျောက်ဖြည့်တမံအမျိုးအစားဖြစ်ကာ တမံအလျား ၄၁၂၀ ပေ၊ တမံအမြင့် ၁၃၃ ပေနှင့် တမံထိပ်အကျယ် ၂၀ ပေရှိပြီး ကန်ရေပြည့်ရေလှောင်ပမာဏအနေဖြင့် ၃၆၁၀၀၀ ဧကပေရှိပြီး အကျိုးပြုရေလှောင်ပမာဏမှာ ၂၇၉၀၀၀ ဧကပေရှိသည်။ ယင်းအပြင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိမြို့၊ ရွာများအတွက် ဆည်ရေပေးဝေနိုင်သည့် လယ်မြေဧက ၁၂၇၀၀၀ ဧကကို စိုက်ပျိုးရေဖြန့်ဖြူးပေးနိုင်ကြောင်း သိရသည်။ ထို့ပြင် ဆည်တော်ကြီးရေလှောင်တမံမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုအနေဖြင့် စက်တပ်စွမ်းအား ၂၅ မဂ္ဂါဝပ်ရှိပြီး တစ်နှစ်လျှင်လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မှု နာရီသန်းပေါင်း ၁၃၄ ကီလိုဝပ်ကိုလည်း ထုတ်လုပ်ပေးသဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝကို ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းမှအထောက်အကူပြုလျက်ရှိသည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များအနေဖြင့် ဆည်တော်ကြီး ရေလှောင်တမံအားထိန်းချုပ်ထားစဉ်အတွင်း ပြည်သူများ၏လျှပ်စစ်မီးရရှိရေး၊ သောက်သုံးရေရရှိရေး၊ စိုက်ပျိုးရေရရှိရေးများအတွက် ထောက်ထားငဲ့ညှာမှုမရှိဘဲ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ လိုအပ်သလိုအသုံးချခဲ့ပြီး ရေထိန်းတံခါးများအား ဖွင့်ခြင်း/ ပိတ်ခြင်းများ ဆောင်ရွက်ခဲ့သည့်အတွက် ကျုံးရေလျော့နည်းကာ မန္တလေးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာနေပြည်သူများသောက်သုံးရေဖူလုံစွာမရရှိခြင်း၊ စိုက်ပျိုးရေဖူလုံစွာမရရှိခြင်းများဖြစ်ပေါ်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ခုနှစ် မိုးရာသီတွင် မိုးစပါး ၇၄၂၄၉ ဧကစိုက်ပျိုးရေပေးဝေရန်လျာထားခဲ့သော်လည်း ၃၀၅၉၂ ဧက ကိုသာ စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးမြေဧက ၄၃၆၅၇ ဧက နစ်နာဆုံးရှုံးခဲ့ရသည်။

ထို့အတူ ၂၀၂၄-၂၀၂၅ ခုနှစ်နွေရာသီတွင် နွေစပါးနှင့်အခြားသီးနှံ ၇၃၁၄၅ ဧက ကို စိုက်ပျိုးရေပေးဝေရန် လျာထားခဲ့သော်လည်း ၃၂၆၉ ဧကကိုသာ စိုက်ပျိုးနိုင်ခဲ့သည့်အတွက်၄၀၈၇၆ ဧက နစ်နာဆုံးရှုံးခဲ့ရသည်။

အလားတူ ယခုနှစ် ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးနှင့်အခြားသီးနှံ ၈၀၁၁၁ ဧကကို စိုက်ပျိုးရေပေးရန် လျာထားပြီး ၈-၁၀-၂၀၂၅ ရက်နေ့အထိ စုစုပေါင်း ၄၉၀၄၈ ဧကကိုသာ စိုက်ပျိုးခဲ့ရ၍ စိုက်ပျိုးမြေဧက စုစုပေါင်း ၃၁၀၆၃ ဧက နစ်နာဆုံးရှုံးခဲ့သည်။

ထို့အပြင် ဆည်တော်ကြီးရေလှောင်တမံမှ စိုက်ပျိုးရေတိုးချဲ့ပေးဝေနိုင်ရန်အတွက် ဆောင်ရွက်ဆဲဖြစ်သည့် “ရေနံ့သာမြောင်း၏ လက်ယာဘက်တွင်လည်း ရေပေးမြောင်း အသစ်ဖောက်လုပ်၍ စိုက်ပျိုးမြေ ၁၂၀၀၀ ဧကအား တိုးချဲ့ရေပေးဝေနိုင်ရေးအတွက် ရေထုတ်ပြွန်နှင့်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်း” စီမံကိန်းမှာလည်း အကြမ်းဖက်လုပ်ရပ်များကြောင့် ရပ်ဆိုင်းခဲ့ရသဖြင့် ဒေသခံတောင်သူများ၏ သီးနှံစိုက်ပျိုးထုတ်လုပ်မှုကို ထိခိုက်လျော့နည်းစေခဲ့ပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအတွက်များစွာနစ်နာဆုံးရှုံးခဲ့ရကာ ဆင်းရဲဒုက္ခများ ပိုမိုခံစားခဲ့ရသည်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များအနေဖြင့် ဆည်တော်ကြီးရေလှောင်တမံအားထိန်းချုပ်ထားစဉ်အတွင်း ရေလှောင်တမံကြီး၏ရေပေးဝေမှုကို ထိန်းချုပ်ထားခဲ့သလို ရေလှောင်တမံကြီး၏ ဆည်ရေပိုလွှဲရေတံခါးအဖွင့်/အပိတ်မောင်းခလုတ်၊ ဆည်တမံပေါင်နှင့် ရေထိန်းတံခါးတို့အားမိုင်းထောင်၍ဖောက်ခွဲဖျက်ဆီးရန် ယုတ်မာရိုင်းစိုင်းစွာဖြင့် လုပ်ဆောင်ခဲ့သည်ကို တွေ့ရှိခဲ့ရသည်။ ထိုသို့ အကြမ်းဖက်သောင်းကျန်းသူများက အဆိုပါနေရာများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ပါက ဆည်ရေသောက်စနစ်ဖြင့် နေ့စဉ်ဖြန့်ဖြူးပေးနေသည့် စိုက်ပျိုးရေဧရိယာအတွင်းရှိ စိုက်ပျိုးမြေများနှင့် ဒေသခံပြည်သူများ၏ အိုးအိမ်များ ရေလွှမ်းမိုး၍ ပျက်စီးခြင်းများ ကြုံတွေ့ရမည်ဖြစ်ပြီး လျှပ်စစ်ဓာတ်အား ထုတ်လွှင့်နိုင်မှုမှာလည်း ပျက်စီးဆုံးရှုံး၍ ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်နစ်နာစေမည်ဖြစ်သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ယခုကဲ့သို့အကြမ်းဖက်သမားများ၏ဆည်ရေပိုလွှဲရေတံခါး အဖွင့်/အပိတ်မောင်းခလုတ်၊ ဆည်တမံပေါင်နှင့် ရေထိန်းတံခါးတို့အား မိုင်းထောင်၍ဖောက်ခွဲဖျက်ဆီးရန် ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်များအား လက်မတင်အချိန်မီတားဆီးထိန်းချုပ်နိုင်ခဲ့ခြင်းကြောင့် ဆည်တမံပျက်စီးခြင်းမှ ကာကွယ်နိုင်ခဲ့သည့်အပြင် ဒေသနှင့်ဒေသတွင်းနေထိုင်ကြသူများ၏ အကျိုးစီးပွားပျက်စီးခြင်းမှ ကာကွယ်ပေးနိုင်ခဲ့ပြီး ဒေသတွင်းတည်ငြိမ်အေးချမ်းရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

ယခုအခါ ဆည်တော်ကြီးရေလှောင်တမံနှင့်ဝန်းကျင်ဒေသအား မိမိတပ်မတော်မှ ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ရေထိန်းတံခါးများအား ပုံမှန်အချိန်အတိုင်း စနစ်တကျ ဖွင့်/ပိတ်ခြင်း၊ ရေထိန်းရေလှောင်ခြင်း၊ ရာသီအလိုက်စနစ်တကျရေပေးဝေခြင်း၊ ရေလွှတ်ခြင်းများဆောင်ရွက်ပြီး ဒေသခံပြည်သူများအတွက် လျှပ်စစ်မီးများ၊ သောက်သုံးရေများ၊ စိုက်ပျိုးရေများဖူလုံစွာရရှိအောင် ဆောင်ရွက်နိုင်မည်ဖြစ်သည့် အားလျော်စွာ ဒေသတွင်းလမ်းပန်းဆက်သွယ်ရေးများ၊ ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပြန်လည်ဖော်ဆောင်ပေးနိုင်တော့မည်ဖြစ်ကြောင်းနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# အနာဂတ်မျှော်မှန်း မြန်မာ့ပေါ်ဆန်း

ခင်မြသူ(စိုက်သု)

မြန်မာနိုင်ငံ၏ ကွဲပြားခြားနားသည့် ပထဝီအနေအထားအရ ဂေဟစနစ်မျိုးစုံရှိခြင်းနှင့်သဘာဝ သယံဇာတအရင်းအမြစ်များ ပေါများခြင်းတို့သည် စိုက်ပျိုးရေးကဏ္ဍ၏အရေးပါမှုကို ထင်ဟပ်လျက်ရှိသည်။ စိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်သည့်အားလျော်စွာ စိုက်ပျိုးရေးကဏ္ဍမှ ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုးတွင် ၃၀ ရာခိုင်နှုန်းနှင့် ပြည်ပတင်ပို့ကုန် တန်ဖိုးစုစုပေါင်းတွင် ၂၅ ရာခိုင်နှုန်းခန့်ပါဝင်သည်။ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင်နေထိုင်ကြပြီး စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးကြသူများဖြစ်သောကြောင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာမှီတည်လျက်ရှိသည်။

မြန်မာနိုင်ငံသည် “အာရှတိုက်၏စပါးကျီ”ဟု ဆိုစမှတ်ပြုခဲ့ကြသည့်အတိုင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုသည် တိုင်းပြည်၏စားရေရိက္ခာအတွက်သာမက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအပေါ် များစွာမူတည်နေသည်။ ဆန်စပါးစိုက်ပျိုးထုတ်လုပ်ခြင်းသည် စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတွင် ဦးဆောင်နေပြီး စပါးစိုက်ဧရိယာဧက ၁၇ သန်းခန့်ရှိပြီး စုစုပေါင်းသီးနှံစိုက်ပျိုးဧရိယာ၏ သုံးပုံတစ်ပုံခန့်ဖြစ်သည်။ အဆိုပါစပါးစိုက်ဧက ၁၇ သန်းတွင် မိုးကောင်းသောက် စပါးစိုက်ဧရိယာ ၄၈ ရာခိုင်နှုန်းခန့်ရှိပြီး ဆည်ရေသောက်စပါးဧရိယာ ၂၀ ရာခိုင်နှုန်းခန့်နှင့် ရေကြီးကွင်း ရေနက်ကွင်း စပါးဧရိယာ ၁၄ ရာခိုင်နှုန်း၊ မိုးနည်းရေရှားဒေသတွင် စိုက်ပျိုးသောဧရိယာ ၁၂ ရာခိုင်နှုန်း၊ ဆားငန်ခံစပါး ၃ ရာခိုင်နှုန်းနှင့် တောင်ပေါ်ယာစပါး ၃ ရာခိုင်နှုန်း အသီးသီးကွဲပြားလျက်ရှိသည်။

စပါးသည် နိုင်ငံ၏အရေးပါသည့်စိုက်ပျိုးရေးထုတ်ကုန်တစ်ခုဖြစ်ပြီး ပြည်တွင်းစားသုံးရုံမျှမက ပြည်ပပို့ကုန်လည်းဖြစ်သည်။ ၂၀၂၃ ခုနှစ်တွင် ဆန်တန်ချိန် နှစ်သန်းကျော် တင်ပို့နိုင်ခဲ့သည်။ မြန်မာ့ဆန်စပါးတင်ပို့မှုသမိုင်းကိုကြည့်မည်ဆိုပါက ၁၉၄၅ ခုနှစ်ဝန်းကျင်ခန့်က နှစ်စဉ်ဆန်တန်ချိန် သုံးသန်းကျော်တင်ပို့နိုင်ခဲ့သည်။ ထိုသို့တင်ပို့ရောင်းချနိုင်ရာတွင် အထွက်ကောင်းမျိုးများသာမက ဒေသစပါးမျိုးများလည်းပါဝင်သည်။

မြန်မာနိုင်ငံတွင် ရေ၊ မြေ ဒေသအလိုက် စိုက်ပျိုးသော စပါးမျိုးပေါင်းများစွာရှိရာ ထိုစပါးမျိုးများကို နည်းလမ်းနှစ်မျိုးဖြင့် အုပ်စုခွဲခြားသတ်မှတ်ထားသည်။ ၎င်းတို့မှာ (၁)စပါးသက်တမ်းအလိုက် အုပ်စုခွဲခြားခြင်း(မိရိုးဖလာနည်း)နှင့် (၂)စပါးလုံးအရွယ်အစားအလိုက် အုပ်စုခွဲခြားခြင်းတို့ဖြစ်သည်။

**(၁) စပါးမျိုးများ၏သက်တမ်းအလိုက် အုပ်စုခွဲခြားခြင်း (မိရိုးဖလာနည်း)**

| | | |
|---|---|---|
| ၁ | သက်လျင်စပါး | အသက်ရက်(၁၂၅) ရက်အောက် |
| ၂ | သက်လတ်စပါး | အသက်ရက်(၁၂၆) ရက် မှ (၁၅၀)ရက် |
| ၃ | သက်ကြီးစပါး | အသက်ရက်(၁၅၀)ရက်အထက် ကျော်လွန်သော စပါးမျိုးများနှင့် ရာသီစပါးများ |

**(၂) စပါးလုံးအရွယ်အစားအလိုက် စပါးမျိုးအုပ်စုခွဲခြားခြင်း(Beale’s Classification)**

မြန်မာနိုင်ငံသည် စပါးသီးနှံ၏မူရင်းဒေသတစ်ခုဖြစ်ပြီး စပါးဗီဇအရင်းအမြစ်များပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အဓိကစိုက်ပျိုးသော စပါးမျိုးများသည် ဧည့်မထနှင့်လက်ရွေးစင်စပါးမျိုးအုပ်စုများဖြစ်၍ ကျန်စပါးမျိုးအုပ်စုများကို အနည်းငယ်သာစိုက်ပျိုးကြသည်။ ပေါ်ဆန်းစပါးမျိုးသည် အနံ့မွှေး၍စားသုံးမှုအရည်အသွေးကောင်းမွန်သည့် မြီးတုံးအုပ်စုဝင် ရာသီစပါးမျိုးဖြစ်သည်။ စပါးဗီဇအရင်းအမြစ်များအနက် ပေါ်ဆန်းစပါးမျိုးသည် အလွန်ကျော်ကြားပြီး ဒေသအသီးသီးမှ စုဆောင်းရရှိသော ပေါ်ဆန်းမျိုးကွဲပေါင်း ၁၀၀ ကျော်ခန့် ထိန်းသိမ်းထားရှိသည်။ ပေါ်ဆန်းစပါးကို အနံ့မွှေးသောအရည်အသွေးမြင့် “မြန်မာ့ပုလဲစပါး” ဟု ကမ္ဘာကအသိအမှတ်ပြုထားပြီး ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံတို့မှ ဘက်စမာတီစပါး၊ ထိုင်းနိုင်ငံမှ ဂျက်စမင်းစပါးတို့ကဲ့သို့ အနံ့၊ အရသာ၊ အရည်အသွေးကောင်းစပါးဟု ဝင့်ကြွားနိုင်လောက်သည့် စပါးမျိုးဖြစ်သည်။ ပေါ်ဆန်းစပါးသည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်တို့တွင် နှစ်ကြိမ်တိုင် ကမ္ဘာ့အကောင်းဆုံးဆန်စပါးဟု အသိအမှတ်ပြုခံခဲ့ရသည်။

စိုက်ပျိုးရေးသုတေသန မြောင်းမြဗဟိုခြံတွင် ဒေသစပါးမျိုးများအားစိုက်ပျိုး၍ မျိုးရွေးချယ်မွေးမြူခြင်းသုတေသနကိုစတင်ဆောင်ရွက်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် ပေါ်ဆန်းမွှေးမျိုးအား မှတ်ပုံတင်အမှတ်(RC–2000–37)ဖြင့်လည်းကောင်း၊ ပေါ်ဆန်းဘေးကျားမျိုးအား မှတ်ပုံတင်အမှတ်(RC–2000–38)ဖြင့်လည်းကောင်း မျိုးသစ်အသိအမှတ်ပြုလက်မှတ်များရရှိခဲ့သည်။ မှတ်တမ်းများအရ ပေါ်ဆန်းမွှေး (D–44–8)၊ ပေါ်ဆန်းဘေးကျား(D–60–8)အပါအဝင် မြီးတုံးအုပ်စုစပါးများကို စတင်စုဆောင်းမှတ်တမ်းတင်ခဲ့သည့် ရောဝတီမြစ်ဝကျွန်းပေါ်ဒေသသည် ပေါ်ဆန်းစပါး၏မူရင်းဒေသဖြစ်သည်ဟု ယူဆနိုင်သည်။ မြန်မာနိုင်ငံတွင် ပေါ်ဆန်းမွှေးစပါးကို ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အဓိကစိုက်ပျိုးခဲ့ပြီး ယခုအခါ စပါးစိုက်ဧရိယာနေရာအနှံ့အပြားတွင် စိုက်ပျိုးလာကြသည်။ ၂၀၀၀ ပြည့်နှစ်မှစတင်၍ ပေါ်ဆန်းစပါးကို မြန်မာနိုင်ငံအထက်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုနယ်တွင် တိုးချဲ့စိုက်ပျိုးခဲ့ကြသည်။ မိုးစပါးတစ်ရာသီသာ စိုက်ပျိုးနိုင်သည့် ပေါ်ဆန်းစပါးစိုက်ဧကမှာ ၁ ဒသမ ၅ သန်းဖြစ်ပြီး မိုးစပါးစိုက်ဧရိယာစုစုပေါင်း၏ ၆ ရာခိုင်နှုန်းခန့်သာရှိသည်။

ပေါ်ဆန်းစပါးသည် လူကြိုက်များပြီး ဈေးကွက်တွင် အလားအလာကောင်းသော ဆန်စပါးမျိုးဖြစ်သော်လည်း လူအနည်းစုမျှသာ ဝယ်ယူစားသုံးနိုင်သည်ကိုတွေ့ရှိရသည်။ ဤသို့ဖြစ်ရခြင်းမှာ ပေါ်ဆန်းစပါးမျိုးသည် ရာသီစပါးဖြစ်သောကြောင့် တစ်နှစ်လျှင် တစ်ရာသီသာ ကောင်းမွန်စွာစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ လူဦးရေတိုးပွားလာသည်နှင့်အမျှ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုစွမ်းအား ပိုမိုမြှင့်တင်ရန်နှင့် သီးနှံစိုက်စွမ်းအားမြင့်မားစေရန်အတွက် သီးနှံပုံစံများပြောင်းလဲဆောင်ရွက်ရာတွင် ပေါ်ဆန်းမွှေးကဲ့သို့ ဒေသစပါးမျိုးများအစား သက်လျင်အထွက်ကောင်းစပါးမျိုးများကို ပြောင်းလဲစိုက်ပျိုးလာခြင်းတို့ကြောင့် ပေါ်ဆန်းစပါး စိုက်ပျိုးထုတ်လုပ်မှုနှုန်းကျဆင်းစေကာ ဈေးကွက်လိုအပ်ချက်များ ပိုမိုမြင့်မားလာခြင်းဖြစ်သည်။ သို့သော်လည်း လက်ရှိအခြေအနေတွင် ပေါ်ဆန်းစပါးမျိုးသည် ပြည်တွင်းသာမက ပြည်ပဈေးကွက်ဝယ်လိုအား မြင့်တက်လျက်ရှိသည်။

| မျိုးအုပ်စု | | စပါးစေ့ အတိုင်းအတာ | | ဆန်စေ့ အတိုင်းအတာ(လုံးတီး) | |
|---|---|---|---|---|---|
| အမည် | သင်္ကေတ | အလျား(မမ) | လျား/နံအချိုး | အလျား(မမ) | လျား/နံအချိုး |
| ဧည့်မထ | အေ | ၉.၄၁ နှင့် အထက် | ၃.၃ နှင့် အထက် | ၇.၀၀ နှင့် အထက် | ၃.၀၀ နှင့် အထက် |
| လက်ရွေးစင် | ဘီ | ၈.၄၀ မှ ၉.၈၀ | ၂.၈၀ မှ ၃.၃၀ | ၆.၀၀ မှ ၇.၀၀ | ၂.၄၀ မှ ၃.၀၀ |
| ငစိန် | စီ | ၇.၇၅ မှ ၉.၀၀ | ၂.၄၀ မှ ၂.၈၀ | ၅.၆၀ မှ ၆.၄၀ | ၂.၀၀ မှ ၂.၄၀ |
| မြီးတုံး | ဒီ | ၇.၃၅ မှ ၈.၆၀ | ၂.၀၀ မှ ၂.၄၀ | ၅.၀၀ မှ ၆.၈၀ | ၁.၆၀ မှ ၂.၀၀ |
| ဗြတ် | အီး | ၉.၀၀ နှင့် အထက် | ၂.၂၅ မှ ၃.၀၀ | ၆.၄၀ မှ ၇.၃၅ | ၂.၀၀ မှ ၂.၅၀ |

ပေါ်ဆန်းစပါးမျိုးအပါအဝင် အလင်းရောင်တုံ့ပြန်မှုရှိသော ရာသီစပါး (ဒေသစပါးများ)၏ ပုံမှန်စိုက်ချိန်သည် ဇွန်လလယ်ခန့်ဖြစ်သည်။ လယ်သမားအများစုသည် ရာသီစပါးမျိုးများကို ဇွန်လလယ်နောက်ပိုင်းအချိန်များတွင် စိုက်ပျိုးလိုသည့်ဆန္ဒမရှိကြပါ။ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် အဆိုပါရာသီစပါးများအတွက် အသင့်တော်ဆုံးစိုက်ချိန်စမ်းသပ်ခြင်းသုတေသနများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ ပုံမှန်စိုက်ချိန် ဇွန်လလယ်မှစတင်၍ ရာသီနှောင်းပိုင်းဖြစ်သော ဩဂုတ်လလယ်အထိ စိုက်ပျိုးနိုင်ကြောင်းနှင့် အထွက်နှုန်းကို ပုံမှန်အတိုင်း ထိန်းသိမ်းနိုင်ကြောင်းတွေ့ရှိရသည်။ ပုံမှန်စိုက်ချိန်ကာလထက် နောက်ကျစိုက်ခြင်းဖြင့် အသက်ရက် ၁၉၀ ရှိသော ပေါ်ဆန်းမျိုးသည် အသက်ရက် ၁၃၀ ခန့်သက်တမ်းငယ်သွားသော်လည်း အထွက်နှုန်းမှာ လျော့နည်းခြင်းမရှိသည့်အပြင် မိုးဦးကာလအတွင်း အခြားသီးနှံတစ်ခုခုကို သီးထပ်အဖြစ် စိုက်ပျိုးနိုင်မည်ဖြစ်သည်။ စိုက်နည်းစနစ်သုတေသနဆောင်ရွက်ခဲ့ရာတွင် မိုးရေသောက်ဒေသ၌ စိုက်ပျိုးမည်ဆိုပါက ပေါ်ဆန်းဘေးကျားစပါးမျိုးသည် အခြောက်ထယ်ရေး၊ အခြောက်မျိုးစေ့ချစနစ်ဖြင့် စိုက်ပျိုးခြင်းထက် ပျိုးထောင်ရွှေ့ပြောင်းကောက်စိုက်စနစ်ဖြင့် စိုက်ပျိုးခြင်းက ပိုမိုအကျိုးအမြတ်များရရှိကြောင်းနှင့် ပျိုးသက် ၃၀ ရက်သားအထိစိုက်ပျိုးနိုင်ကြောင်းတွေ့ရှိရသည်။

ထို့ပြင် ပေါ်ဆန်းစပါးကို ရာသီမရွေးစိုက်ပျိုးနိုင်ရန်နှင့် မူလအရည်အသွေးမပျက်ဘဲ အခြားလိုအပ်သည့်လက္ခဏာများကို အဆင့်မြင့်နည်းပညာများ အသုံးပြု၍ ပေါ်ဆန်းဗီဇပါစပါးမျိုးသစ်များ မွေးမြူထုတ်လုပ်သည့် သုတေသနလုပ်ငန်းများကိုလည်း တိုးချဲ့လုပ်ကိုင်ဆောင်ရွက်ရန်လိုအပ်လျက်ရှိသည်။ ယခုအခါ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ရာသီမရွေးစိုက်ပျိုးနိုင်သော ပေါ်ဆန်းမျိုးသစ်များ (ရေဆင်းပေါ်ဆန်း–၁ နှင့် ရေဆင်းပေါ်ဆန်း–၂)ကို သုတေသနပြုဖော်ထုတ်နိုင်ခဲ့ရာ မိုးရာသီသာမက မိုးကြိုရာသီတွင်ပါ နှစ်သီးစိုက်ပျိုးထုတ်လုပ်နိုင်ခြင်းအားဖြင့် ပေါ်ဆန်းစပါးစိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်နိုင်လာမည်ဖြစ်သည်။

ဒေသအလိုက် အရည်အသွေးကွာခြားမှုအရ ပေါ်ဆန်းစပါးမျိုးများကို ကိုယ်ပိုင်အမှတ်တံဆိပ်အမျိုးမျိုးဖြင့် ပြည်တွင်းဈေးကွက်တွင် တွင်ကျယ်စွာရောင်းချလျက်ရှိသော်လည်း ဒေသဆိုင်ရာအညွှန်း (GI)၏ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ နိုင်ငံတကာဈေးကွက်သို့ **စာမျက်နှာ ၂၆ သို့ ●**

**ပေါ်ဆန်းမွှေးစပါးမျိုး၏ အရည်အချင်းလက္ခဏာများ**

| | | |
|---|---|---|
| ၁။ | အသက်ရက် | နို၀င်ဘာလ တတိယပတ်ပန်းပွင့် |
| ၂။ | အပင်မြင့် (စမ) | ၁၃၀ – ၁၄၀ |
| ၃။ | အနှံပါပင်ပွား | ၆ – ၈ |
| ၄။ | အောင်စေ့ရာခိုင်နှုန်း | ၈၁.၄ – ၈၅.၁ |
| ၅။ | အစေ့ (၁၀၀၀)အလေးချိန် (ဂ) | ၂၇.၀၇ |
| ၆။ | ဆန်ရည်ဆန်သား | နောက် |
| ၇။ | စပါးမျိုးအုပ်စု | မြီးတုံး |
| ၈။ | စားသုံးမှုအဆင့် | ကောင်း |
| ၉။ | အမိုင်းလို့စ်ပါဝင်မှု (%) | ၁၇ |
| ၁၀။ | ဆန်ကျိုချက်ခံနိုင်မှု (GT) | ကျိုချက်ခံနိုင် |
| ၁၁။ | ပျော့ပျောင်းစေးကပ်မှု (GC) | နူးညံ့ |
| ၁၂။ | အထွက်နှုန်း(တင်း/ဧက) | ၇၀ – ၉၀ |

● စာမျက်နှာ ၂၅ မှအဆက်

ချဲ့ထွင်ရောင်းချနိုင်မည်ဆိုပါက တောင်သူများအနေဖြင့် ပေါ်ဆန်းကို တိုးချဲ့စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေပိုမိုရရှိလာနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပေါ်ဆန်းအရည်အသွေးပြည့်မီရန် စတင်စိုက်ပျိုးသည်မှ ရိတ်သိမ်းချိန်လွန်ကာလအထိ စံချိန်စံညွှန်းနှင့်အညီစိုက်ပျိုးထုတ်လုပ်သင့်သည်။ နိုင်ငံတကာဈေးကွက်သို့ မြန်မာ့ပေါ်ဆန်းထိုးဖောက်နိုင်မည်ဆိုပါက ပေါ်ဆန်းစပါးများဈေးကောင်းရရှိနိုင်ပြီး ပြည်တွင်းစားသုံးသူများအတွက် ဈေးနှုန်းမြင့်တက်မှုမဖြစ်စေရေးအတွက် ထိန်းညှိသွားရန်လိုအပ်သည်။ ဤသို့ဖြင့် အရည်အသွေးကောင်းမွန်သော မြန်မာ့ပေါ်ဆန်းကို နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ခြင်းဖြင့် နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုမျှော်မှန်းချက်များကိုလည်း တစ်ထောင့်တစ်နေရာမှ ပါဝင်အားဖြည့်ပေးနိုင်မည်ဖြစ်ပါသည်။ ။

**ရေဆင်းပေါ်ဆန်း-၁ စပါးမျိုး၏ အရည်အချင်းလက္ခဏာများ**

| | | |
|---|---|---|
| ၁။ | အသက်ရက် | ၁၃၆ (နွေ)၊ ၁၂၆ (မိုး) |
| ၂။ | အပင်မြင့် (စမ) | ၁၁၅ - ၁၂၀ |
| ၃။ | အနှံပါပင်ပွား | ၁၂ - ၁၄ |
| ၄။ | အောင်စေ့ရာခိုင်နှုန်း | ၈၄.၄ - ၉၁.၅ |
| ၅။ | အစေ့ (၁၀၀၀)အလေးချိန် (ဂ) | ၂၈.၄ |
| ၆။ | ဆန်ရှည်ဆန်သား | နောက် |
| ၇။ | ဆန်ထွက်ရာခိုင်နှုန်း(%) | ၆၅.၈ |
| ၈။ | စပါးမျိုးအုပ်စု | မြီးတုံး |
| ၉။ | စားသုံးမှုအဆင့် | ကောင်း |
| ၁၀။ | အမိုင်းလို့စ်ပါဝင်မှု (%) | ၂၂.၇ |
| ၁၁။ | ဆန်ကျိုချက်ခံနိုင်မှု (GT) | ကျိုချက်ခံနိုင် |
| ၁၂။ | ပျော့ပျောင်းစေးကပ်မှု (GC) | နူးညံ့ |
| ၁၃။ | အထွက်နှုန်း(တင်း/ဧက) | ၈၅ - ၁၀၀ |
| ၁၄။ | ထူးခြားကောင်းမွန်သည့် လက္ခဏာများ | နွေ၊ မိုးစိုက်ပျိုးနိုင်သော ပေါ်ဆန်းစပါးမျိုးဖြစ်ခြင်း၊ ပေါ်ဆန်းမွှေးကဲ့သို့ အရည်အသွေးကောင်းမွန်ခြင်း။ |

**ရေဆင်းပေါ်ဆန်း-၂ စပါးမျိုး၏ အရည်အချင်းလက္ခဏာများ**

| | | |
|---|---|---|
| ၁။ | အသက်ရက် | ၁၃၉ (နွေ)၊ ၁၃၀ (မိုး) |
| ၂။ | အပင်မြင့် (စမ) | ၉၅ - ၁၁၀ |
| ၃။ | အနှံပါပင်ပွား | ၁၂ - ၁၆ |
| ၄။ | အောင်စေ့ရာခိုင်နှုန်း | ၈၃.၆ - ၈၉.၄ |
| ၅။ | အစေ့ (၁၀၀၀)အလေးချိန် (ဂ) | ၂၄.၄ |
| ၆။ | ဆန်ရှည်ဆန်သား | နောက် |
| ၇။ | ဆန်ထွက်ရာခိုင်နှုန်း(%) | ၆၅.၈ |
| ၈။ | စပါးမျိုးအုပ်စု | မြီးတုံး |
| ၉။ | စားသုံးမှုအဆင့် | ကောင်း |
| ၁၀။ | အမိုင်းလို့စ်ပါဝင်မှု (%) | ၂၂.၇ |
| ၁၁။ | ဆန်ကျိုချက်ခံနိုင်မှု (GT) | ကျိုချက်ခံနိုင် |
| ၁၂။ | ပျော့ပျောင်းစေးကပ်မှု (GC) | နူးညံ့ |
| ၁၃။ | အထွက်နှုန်း(တင်း/ဧက) | ၈၅ - ၁၀၀ |
| ၁၄။ | ထူးခြားကောင်းမွန်သည့် လက္ခဏာများ | နွေ၊ မိုးစိုက်ပျိုးနိုင်သော ပေါ်ဆန်းစပါးမျိုးဖြစ်ခြင်း၊ ပေါ်ဆန်းမွှေးကဲ့သို့ အရည်အသွေးကောင်းမွန်ခြင်း။ |







# ပြည်တွင်း ⁄ ပြည်ပအလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီ၏ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ



နေပြည်တော် နိုဝင်ဘာ ၇

စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် တာဝန်ထမ်းဆောင်ပြီးချိန်တွင် ၎င်းတို့ဆန္ဒပြုသောအလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်ထားပေးနိုင်ရေးအတွက် ပြည်ပအလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီ၏ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန ယာယီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ပအလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ပအလုပ်အကိုင်ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လိုပါက ၎င်းတို့ဆန္ဒပြုသည့်အလုပ်အကိုင်များရှာဖွေပေးခြင်း၊ အလုပ်အကိုင်လိုအပ်သည့် လုပ်သားစာရင်းနှင့် အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များကို စာရင်းပြုစုခြင်းနှင့် စိစစ်ရွေးချယ်ခြင်း၊ ပြည်ပအလုပ်အကိုင်အကျိုးဆောင်လိုင်စင်ရအေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဘာသာစကား၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း၊ လုပ်ငန်းခွင်ကျွမ်းကျင်သင်တန်းများသင်ကြားပို့ချပေးခြင်း၊ ပြည်ပနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စေလွှတ်ခြင်းစသည့်လုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်ပေးနိုင်ရေး လိုအပ်သည်များမှာကြားပြီး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဆောင်ရွက်ပေးမည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်းအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီညှိနှိုင်းအစည်းအဝေးကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက စစ်မှုထမ်းတာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများကို ပြည်တွင်းအလုပ်အကိုင်ဆန္ဒပြုသူများအတွက် ပြည်တွင်းအလုပ်အကိုင်နေရာများတွင်ခန့်ထားနိုင်ရေး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ခရိုင်/မြို့နယ်အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးများတွင် အလုပ်ရှင်များပေးပို့ထားသည့် အမှာစာပါအလုပ်အမျိုးအစားများတွင် မိမိတို့နှင့်ကိုက်ညီသည့် အလုပ်အကိုင်များကို ရွေးချယ်စေကာဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ဆန္ဒပြုသည့်လုပ်ငန်းနှင့်သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများတက်ရောက်နိုင်ရေးအတွက် သက်မွေးသင်တန်းကျောင်းများ ဖွင့်လှစ်ထားသော သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရ၊ ပုဂ္ဂလိကသင်တန်းကျောင်းများနှင့်ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များမှ မိမိတို့ဌာနအလိုက်ဆောင်ရွက်ပေးနိုင်မည့်လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

## စပါးပေါ်ချိန်

❖ မြူမင်ရည် ခြုံသိုင်းပြီမို့
ရှစ်ခွင်တိုင်း ပြာမှုန်။
ဆောင်းဟေမန်
လေပြန်ညင်းတယ်
နေလင်း မမှုန်။
မိုးကာလ တရွေ့ရွေ့ကုန်
ယမုံသီတာ ငြိမ့်ငြိမ့်ညောင်း။
ပုလဲရည် ငွေအဆင်းနဲ့
နှင်းကျသည့်ဆောင်း။

❖ ဟေမန်ခါ လေပြည်ဖြူးတော့
ဝေစီဖူး မြေမဟီ။
မြက်မြေစာ စိမ်းမြမြက
ယိမ်းကဟန်ချီ။
ထွန်းသစ်စ နေဝန်းနီ
အရှေ့ကျွန်းဆီမှ ဖြန့်ကာခင်း။
ဆောင်းအဝင်အကြိုထောက်တယ်
ကောက်သစ်နံ့သင်း။

❖ ကောက်ပင်ပျို နှံစဝင်းတော့
ရွှေအဆင်းလယ်ကွင်းဆီ။
စပါးရွှေ အထွက်တိုးဖို့
ကြိုးစားကြပြီ။
ဦးကြီးတို့ အပြုံးကြည်
စပါးကျီ ပြည့်လျှံပေါ့။
ကာယ သန်သန်
ဉာဏမှန်မှန် ခေတ်မီစိုက်တော့
ပျော်ပိုက်ပြီကော။

❖ မင်္ဂလာ အခါစောပြီမို့
ယာတောမှ ဗြောသံဆူ။
ရင်သွေးရတနာ သားရာဟုကို
ရှင်ပြုအလှူ။
သမီးလည်းနားသ အတူ
တစ်ရွာလုံးကူ လက်မနှေး။
သဟာအဆွေ
လာပါလေ ဒါန ပေါင်းစု
ကောင်းမှုတည် ဖြူစင်စိတ်နှင့်
ဖိတ်ကြားတယ်လေး။ ။

**မိုးမြင့်မေ(သ.က.ဟ.အ)**

## ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စုနှင့် မှတ်ရှည်ကျေးရွာအုပ်စုတို့ရှိ သီဟိုဠ်သရက်စိုက်ပျိုးရေးဇုန်နှင့်စပ်လျဉ်း၍ ကြော်ငြာချက်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့နယ်၊ မော်ဇာကျေးရွာအုပ်စုနှင့် မှတ်ရှည်ကျေးရွာအုပ်စုတို့ရှိ မြေဧရိယာ(၃၀၈၇.၉၁)ဧကကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်နှင့်အသုံးပြုခွင့်အား စိုက်ပျိုးလုပ်ကိုင်လိုသူတောင်သူများသို့ သီဟိုဠ်သရက်စိုက်ပျိုးရန် (၂၈-၈-၁၉၉၂)ခုနှစ်မှစ၍ လုပ်ကွက်များချထားပေးခဲ့ပါသည်။ အဆိုပါချထားပေးခဲ့သည့်လုပ်ကွက်များအနက် (၃၁-၁၀-၂၀၂၅)ရက်နေ့အထိ အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့်လုပ်ကွက်များကို ပြန်လည်သိမ်းယူသွားမည်ဖြစ်ပါကြောင်း (၂၂-၈-၂၀၂၅)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၌ အသိပေးကြော်ငြာခဲ့ပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အချိန်ထိ အကောင်အထည်ဖော်လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့်လုပ်ကွက်များကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၈ ခုနှစ်)ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁)နှင့် (၂)တို့အရ သိမ်းယူပြီးဖြစ်ကြောင်းနှင့် မည်သည့်အသနားခံစာကိုမျှ ထည့်သွင်းစဉ်းစားမည်မဟုတ်ကြောင်း၊ ၎င်းမြေပေါ်ရှိ လုပ်ပိုင်ခွင့်နှင့် အသုံးပြုခွင့်အရပ်ရပ်တို့အားလည်း ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့




### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့တောင်းပန်ခြင်း

ကျွန်တော် ဒေါက်တာကျော်ဆွေသည် မိမိ၏ လူမှုကွန်ရက်စာမျက်နှာ၌ **"ကိုယ်စားလှယ်လောင်းရုပ်သိမ်းမှုဖြစ်စဉ်အပေါ် ဥပဒေ၊ စီးပွားရေးနှင့် နိုင်ငံရေးဆိုင်ရာသုံးသပ်ချက်"** ခေါင်းစဉ်ဖြင့် ၂၈-၁၀-၂၀၂၅ ရက်နေ့တွင်လည်းကောင်း၊ **"ပြည်သူ့စစ်မှုထမ်းစုဆောင်းခြင်းနှင့် မဲဆွယ်စည်းရုံးရေးကာလ အကျပ်အတည်းများ"** ခေါင်းစဉ်ဖြင့် ၃၁-၁၀-၂၀၂၅ ရက်နေ့တွင်လည်းကောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များကို ကောင်းစွာနားလည်သိရှိခြင်းမရှိဘဲ ရေးသားဖော်ပြမှုကြောင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ထိခိုက်နစ်နာမှုများအပေါ် ကျွန်တော် ဒေါက်တာကျော်ဆွေက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တောင်းပန်အပ်ပါသည်။

ဒေါက်တာကျော်ဆွေ
၈/တတက(နိုင်)၁၀၂၆၆၃
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ တောင်တွင်းကြီးမြို့နယ်ကော်မတီဝင်

### မွေးသက္ကရာဇ်အမှန်

ကျိုင်းတုံမြို့၊ မိုင်းလမ်းအုပ်စု၊ ဝမ်မိုင်(ရှမ်း)ရွာနေ ဦးခင်မောင်မြင့် ၁၃/ရစန(နိုင်)၀၄၆၆၁၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၀-၁၉၆၃ ဖြစ်ပါကြောင်း။

၂၈-၁၀-၁၉၆၃

### ကုန်အမှတ်တံဆိပ်သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၄)လမ်းမကြီး၊ အမှတ်(၅၅၅/ခ)တွင်တည်ရှိသော Dagon Beverages Co.,Ltd(ကုမ္ပဏီမှတ်ပုံတင်အမှတ်-၁၁၄၉၈၉၂၀၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာအပ်ပါသည်။

DAGON

(မှတ်ပုံတင်စာချုပ်အမှတ်-၉၂၄၂/၂၀၂၅)

အထက်ပါ"စည်အိုးပေါ်ခြသေ့်တက်ရပ်နေပုံနှင့် Dagon"စာသားပါ ဖော်ပြပါပုံအမှတ်တံဆိပ်အမည်အမှတ်အသားကို တစ်ဦးတည်းပိုင်အဖြစ် အသုံးပြုရန်အတွက် ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ပူးတွဲပါစာချုပ်နံပါတ်ဖြင့် တရားဝင်မှတ်ပုံတင်သွင်းထားခဲ့ပြီးဖြစ်ပါသည်။ အထက်ပါ "စည်အိုးပေါ်ခြသေ့်တက်ရပ်နေပုံနှင့် Dagon"စာသားပါ ဖော်ပြပါပုံအမှတ်တံဆိပ်အမည်အမှတ်အသားကို အသုံးပြု၍ အဖျော်ယမကာအမျိုးမျိုး ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းကိစ္စရပ်များတွင် ထည့်သွင်းအသုံးပြုသည့် ပုလင်း၊ သံဘူး၊ ကော်ဘူး၊ စည် စသည့် ဖြန့်ဖြူးရောင်းချလျက်ရှိသောထုတ်ကုန်နှင့် ထုပ်ပိုးမှုပုံစံအမျိုးမျိုးအပေါ်တွင် ဖော်ပြပါအမှတ်တံဆိပ်အမည်အမှတ်အသားကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုးတို့ကိုပြုလုပ်ပြီးလျှင် အဆိုပါပစ္စည်းအမျိုးမျိုးတွင် ရိုက်နှိပ်၍၊ ဖိနှိပ်၍၊ ကပ်နှိပ်၍ အသားတံဆိပ်ပြုလုပ်၍ သုံးစွဲသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပုံတူပုံမှား၊ ထင်ယောင်ထင်မှား၊ ဆင်တူယိုးမှား ပုံတူပုံပွားများ တုပပြုလုပ်သုံးစွဲခြင်းများ လုံးဝမပြုလုပ်ရန်နှင့် ပြုလုပ်သုံးစွဲကြောင်း တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာတရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးဇေရဲမင်း(LL.B)** (စဉ်-၁၈၇၇၁) **ဒေါ်ငုဝါ (LL.B)(D.B.L)** (စဉ်-၁၈၇၇၂)

**(တရားလွှတ်တော်ရှေ့နေများ)**

**အမှတ်(၃၃၉)၊ ပြည်သာယာ(၂)လမ်း၊ (ဓ/မြောက်)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၈၉၂၁၉၁၂၂၃၊ ၀၉-၄၀၃၉၉၉၇၁၇**

### (၄၇)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲ

ကျန်းမာရေးဝန်ကြီးဌာနမှ (၄၇)ကြိမ်မြောက် သွေးလှူရှင်များဂုဏ်ပြုပွဲကို ကျင်းပမည်ဖြစ်ပါသဖြင့် (၄၆)ကြိမ်မြောက် သွေးလှူရှင်ဂုဏ်ပြုပွဲနောက်ပိုင်း အကြိမ်(၄၀)နှင့် အကြိမ်(၄၀)အထက်သွေးလှူရှင်များသည် (၁၀-၁၁-၂၀၂၅)ရက် တနင်္လာနေ့နံနက်ပိုင်းမှစတင်၍ မိမိတို့၏သွေးလှူရှင်ကတ်အပြည့်အစုံနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ တစ်ပါတည်းယူဆောင်လာပြီး အမျိုးသားသွေးဌာနသို့ (၅-၁၂-၂၀၂၅)ရက် သောကြာနေ့နောက်ဆုံးထား၍ ရုံးဖွင့်ရက်များတွင် နံနက်(၉:၀၀)မှ ညနေ(၃:၃၀)အချိန်အတွင်း လာရောက်စာရင်းပေးသွင်းနိုင်ပါသည်။ လူကိုယ်တိုင်မလာရောက်နိုင်ပါက (Viber နံပါတ်-၀၉၇၉၇၂၀၈၈၄)သို့ ပေးပို့စာရင်းသွင်းနိုင်ပါသည်။ ဂုဏ်ပြုပွဲကျင်းပမည့်နေ့ရက်ကို ထပ်မံကြေညာပါမည်။

**ဆက်သွယ်ရန်ဖုန်း(၀၁၈-၃၇၂၇၅၃)အား ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။**

### ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်ခရိုင်၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(ခ/၃၈)ဟုခေါ်တွင်သော မြေကွက်ကြီးအနက်မှ (အလျား ၁၅ x အနံ ၃၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်ဆိုင်ခန်းသည် ဒေါ်ဥမ္မာဝင်းမှ ဝယ်ယူလက်ရှိထားပိုင်ဆိုင်ပြီးပိုင်ရှင်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ မာဃလမ်း၊ အမှတ်(ခ/၁၃)နေ ဒေါ်ဥမ္မာဝင်း(၁၂/အစန(နိုင်)၁၄၅၈၀၇)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်။

အထက်ဖော်ပြပါမြေကွက်နှင့် နေအိမ်ဆိုင်ခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဥမ္မာဝင်းသည် အရပ်ကတိစာချုပ်ဖြင့် ဒေါ်စောကေသီ (၇/ပခန(နိုင်)၁၈၈၂၆၆)ထံမှ ဝယ်ယူလက်ရောက်ရယူခဲ့၍ မြေကွက်နှင့် နေအိမ်ဆိုင်ခန်း၏ပိုင်ရှင်ဖြစ်ပါသည်။ ယင်းမြေကွက်အပါအဝင် နေအိမ်ဆိုင်ခန်းနှင့်ပတ်သက်၍ မည်သူ့ကိုမဆို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်းနှင့် ကိစ္စအဝဝတို့ကိုပြုလုပ်ဆောင်ရွက်နိုင်ခွင့်ရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဥမ္မာဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းသန်းဌေး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၈၇၅)
အမှတ်(၅၁၀/က)၊ အောင်တံခွန်လမ်း၊ (၇)ရပ်ကွက်၊
လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း-၀၉-၄၂၀၀၃၉၄၄၁

### ပျောက်ဆုံးကြောင်း

နာရီး(ဘ)ဦးအားစော် ၁၃/မယန(နိုင်)၀၁၈၆၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 837090)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၀၃၅၃၆၅

### ပျောက်ဆုံးကြောင်း

ဆန်းသူ(ဘ)ဦးမင်းအောင် ၁၂/တတန(နိုင်)၁၆၄၄၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ကျော်ဇင်ဦး(ဘ)ဦးသိန်းထွန်း ၇/ကဝန(နိုင်)၁၄၃၁၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ အ.ထ.က ငပုတော၊ G-11(B)မှ မအဥ္ဇလီ၏ ဖခင်အမည်မှန်မှာ ဦးတင်ထွေး ၁၄/ပတေ(နိုင်)၀၃၄၈၃၈ ဖြစ်ပါကြောင်း။

ဦးတင်ထွေး

### အမည်ပြောင်း

ပဲခူးမြို့၊ အ.ထ.က(၁)ကျောင်း၊ KG(C) တန်းမှ အဘ ဦးအောင်သူဟိန်း၏သား မောင်ဟိန်းသူရအောင်အား မောင်ဟိန်းထက်သော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ဟိန်းထက်သော်

### ပျောက်ဆုံးကြောင်း

တင့်တင့်ဆွေ(ဘ)ဦးတင့်ဆွေ ၁၂/ဥကတ(နိုင်)၀၂၄၂၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 584839)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ချိုမာအောင်(ဘ)ဦးကျော်မြင့် ၁၂/ရပသ(နိုင်)၀၆၄၅၃၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၆၆၃၄၅၁၉

### ပျောက်ဆုံးကြောင်း

မောင်ပြည့်(ဘ)ဦးဂျော်လီ ၅/ဒပယ(နိုင်)၁၁၀၅၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

### ပျောက်ဆုံးကြောင်း

ရမ်ကီစွန်(ဘ)ရမ်ဂလား ၇/ဖမန(နိုင်)၀၉၂၁၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၈၀၃၅၁၀၉

### ပျောက်ဆုံးကြောင်း

တင်လင်းအောင်(ဘ)ဦးလှအောင် ၉/ပဘန(နိုင်)၁၃၄၉၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၅၉၇၁၇၃၃၅

## စာပေမြင့်မှ လူမျိုးတင့်မည်

# အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား တပ်မတော်သားများ၊ မိသားစုဝင်များနှင့်အတူ ဒေသခံပြည်သူများက လှိုက်လှဲဝမ်းမြောက်စွာဂုဏ်ပြုကြိုဆို



အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦး အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများ၊ ဂုဏ်ပြုပန်းများဖြင့် ဂုဏ်ပြုကြိုဆိုစဉ်။

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အစဉ်တစိုက်အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ တပ်မတော်မှလည်း နယ်မြေတည်ငြိမ်အေးချမ်းသာယာရေးနှင့် နယ်မြေလုံခြုံရေးအတွက်လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည်သူနှင့်အတူ လက်တွဲပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အေးချမ်းစွာနေထိုင်လျက်ရှိသည့်ပြည်သူများအား အကြောက်တရားလွှမ်းမိုး၍ အတိဒုက္ခရောက်စေခဲ့ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုကို ပျက်စီးစေရန်ရည်ရွယ်ကာ အကြမ်းဖက်လုပ်ရပ်များဆောင်ရွက်ခဲ့သော လက်နက်ကိုင်အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား အပြီးတိုင်တိုက်ထုတ်နိုင်ခဲ့ပြီး မြို့ရွာများကို ဒေသခံပြည်သူများ၏လက်ဝယ်သို့ ပြန်လည်အပ်နှင်းနိုင်ခဲ့သည့် အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား ယနေ့ညနေပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ရပ်စောက်မြို့နယ်၊ နယ်မြေခံတပ်၌ ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုဂုဏ်ပြုကြသည်။

အကြမ်းဖက်သမားများအား အပြီးတိုင်တိုက်ထုတ်နိုင်ခဲ့ပြီး မြို့ရွာဒေသများကို တည်ငြိမ်အေးချမ်းစေရန်၊ အစိုးရအုပ်ချုပ်ရေးယန္တရားများ ပုံမှန်အတိုင်းပြန်လည်ပတ်စေရန်နှင့် ပြည်သူလူထု၏လူမှုစီးပွားဘဝတိုးတက်ဖွံ့ဖြိုးစေရန်၊ နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတာဝန်များကို အချိန်ကာလကြာမြင့်စွာ တာဝန်ထမ်းဆောင်၍ ရဲဝံ့စွန့်စားစွာ တိုက်ပွဲဝင်ခဲ့ကြသော အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများ၊ ဂုဏ်ပြုပန်းများဖြင့် ကြိုဆိုဂုဏ်ပြုကြပြီး ရိုးရာအကအဖွဲ့များနှင့် အိုးစည်ဒိုးပတ်အဖွဲ့များကလည်း အတီး၊ အမှုတ်၊ အက၊ အလှများဖြင့် ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အောင်ပွဲရရှေ့တန်းပြန်တပ်မတော်သားများအား အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက အောင်သပြေခက်များ၊ ဂုဏ်ပြုပန်းကုံးများ၊ ဂုဏ်ပြုပန်းများဖြင့် သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြစဉ်။

## တရုတ်နိုင်ငံက တတိယမြောက်လေယာဉ်တင်သင်္ဘောကို တပ်တော်သွင်း



ပေကျင်း၊ ပြည်တွင်းရေး

တရုတ်နိုင်ငံက တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(ရေတပ်)အတွက် တတိယမြောက်လေယာဉ်တင်သင်္ဘောဖြစ်သည့် ဖူကျန့်ကို တပ်တော်သွင်းလိုက်ပြီဖြစ်ကြောင်း Xinhua သတင်းဌာနက နိုဝင်ဘာလ ၇ ရက်တွင်ဖော်ပြထားသည်။

ဟိုင်နန်ပြည်နယ်၌ကျင်းပသော အဆိုပါလေယာဉ်တင်သင်္ဘော တပ်တော်ဝင်အခမ်းအနားသို့ တရုတ်သမ္မတရှီကျင့်ဖျင်ကိုယ်တိုင်တက်ရောက်ကြောင်း၊ အခမ်းအနားပြီးနောက် ရှီကျင့်ဖျင်အနေဖြင့် လေယာဉ်တင်သင်္ဘောပေါ်သို့တက်ရောက်ကြည့်ရှုကြောင်းနှင့် လေယာဉ်တင်သင်္ဘော၏စွမ်းဆောင်ရည်များကိုလေ့လာကြောင်းသတင်းဌာနကဆက်လက်ဖော်ပြထားသည်။

တရုတ်ရေတပ်အနေဖြင့် ဖူကျန့်၏ရှေ့တွင် အခြားလေယာဉ်တင်သင်္ဘောနှစ်စင်းကို တပ်တော်ဝင်အသုံးပြုထားသော်လည်း ယခုတပ်တော်ဝင်သည့် ဖူကျန့်က လျှပ်စစ်သံလိုက်စွမ်းအင်အသုံးပြု လေယာဉ်လွှတ်တင်စနစ်ကို ပထမဆုံးသုံးထားသည့် လေယာဉ်တင်သင်္ဘောဖြစ်သည်။

အဆိုပါလျှပ်စစ်သံလိုက်စွမ်းအင်အသုံးပြုလေယာဉ်လွှတ်တင်စနစ်ကြောင့် လေယာဉ်တင်သင်္ဘောအနေဖြင့် အမျိုးမျိုးသောလေယာဉ်များကိုတင်ဆောင်နိုင်မည်ဖြစ်သည့်အပြင် ထိုလေယာဉ်များကို လေထဲသို့တိကျသည့်အရှိန်ဖြင့်လွှတ်တင်နိုင်မည်ဖြစ်သည့်အတွက် ပင်လယ်ရေပြင်စိုးမိုးမှုကို ပိုမိုအကောင်အထည်ဖော်နိုင်စေမည်ဖြစ်ကြောင်းသိရသည်။ **Ref: Xinhua**

## ဖိလစ်ပိုင်ကြက်ခြေနီအဖွဲ့က ကယ်ဆယ်ရေးလုပ်နေရစဉ် နောက်ထပ်မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်နေရ

မနီလာ၊ သဘာဝဘေး

ဖိလစ်ပိုင်နိုင်ငံသို့ အပူပိုင်းမုန်တိုင်းဖြစ်သည့် ခန့်မေဂီဝင်ရောက်တိုက်ခတ်ထားမှုကြောင့် ဖိလစ်ပိုင်ကြက်ခြေနီအဖွဲ့က နိုင်ငံအတွင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေရစဉ် တစ်ချိန်တည်းမှာပင် နိုင်ငံအတွင်းသို့ နောက်ထပ်ဝင်ရောက်လာနိုင်ခြေရှိသည့် မုန်တိုင်းတစ်လုံးအတွက်လည်း ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်နေရကြောင်း သိရသည်။

နောက်ထပ်အပူပိုင်းမုန်တိုင်းတစ်လုံးဖြစ်သည့် ဖန်ဝေါင်းသည် ယခုသီတင်းပတ်အကုန်တွင် ဖိလစ်ပိုင်နိုင်ငံသို့ ဝင်ရောက်နိုင်သည်ဟု မိုးလေဝသပညာရှင်များက ခန့်မှန်းထားသည့်အတွက် ကြက်ခြေနီအဖွဲ့အနေဖြင့် ကြိုတင်ပြင်ဆင်မှုများလုပ်နေရခြင်းဖြစ်ကြောင်း ထိုအဖွဲ့၏အမှုဆောင်ချုပ် ရစ်ချတ်ဂေါ်ဒန်က နိုဝင်ဘာလ ၇ ရက်တွင်ပြောသည်။

ထိုမုန်တိုင်း၏အချင်းသည် ကီလိုမီတာ ၁၄၀၀ အထိရှိနိုင်ကာ နိုင်ငံမြောက်ပိုင်းရှိ အော်ရိုရာပြည်နယ်နှင့် အနီးဝန်းကျင်ဒေသများသို့ ဝင်ရောက်တိုက်ခတ်နိုင်သည်ဟု ပညာရှင်များကထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်မုန်တိုင်းဖြစ်သည့် ခန့်မေဂီကြောင့် နိုင်ငံအတွင်းရှိပြည်သူ ၂၀၀ ကျော်သေဆုံးထားစဉ် ကယ်ဆယ်ရေးစခန်းများကလည်း နောက်ထပ်မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်မှုများလုပ်နေရကြောင်း သိရသည်။ **Ref: AGC**

## အီရန်နိုင်ငံက ငြိမ်းချမ်းရေးကို လိုလားသော်လည်း အနိုင်ကျင့်မှုကို ခေါင်းငုံ့မခံဟုဆို

တီဟီရန်၊ နိုင်ငံရေး

အီရန်နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးကို လိုလားသော်လည်း အနိုင်ကျင့်ဗိုလ်ကျလာမှုကို ခေါင်းငုံ့ခံမည်မဟုတ်ကြောင်း အီရန်သမ္မတက နိုဝင်ဘာလ ၇ ရက်တွင်ပြောသည်။ ထို့ပြင် နိုင်ငံ၏နျူကလီးယားနှင့်ဒုံးကျည်အစီအစဉ်ကိုလည်း စွန့်လွှတ်သွားမည်မဟုတ်ကြောင်း ၎င်းကဆိုသည်။

အီရန်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာမူဘောင်များအရ ဆွေးနွေးမှုများလုပ်ရန်ဆန္ဒရှိကြောင်း၊ သို့သော် နိုင်ငံအနေဖြင့် နျူကလီးယားသိပ္ပံမရှိသင့်ကြောင်း သို့မဟုတ် ဒုံးကျည်များဖြင့်ကိုယ့်ကိုယ်ကိုယ်ကာကွယ်ခွင့်မရှိကြောင်း သို့မဟုတ် ထိုကဲ့သို့သော စကားများပြောလာပါက အဆိုပါစကားပြောသူများကို ဖုံးကြဲသွားမည်ဖြစ်ကြောင်းနှင့် အရှက်ကွဲသည်အထိ စော်ကားခံမည်မဟုတ်ကြောင်း အီရန်သမ္မတကပြောထားသည်ဟု သိရသည်။

**Ref: ST**

# အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း ဘီးလင်းမြို့နယ်၊ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးသဖြင့် ကျောက်ရထားလမ်းချော်ကျမှုဖြစ်ပွား၊ ရထားလမ်းပိုင်းအား ယာယီပိတ်ထားရ





အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်းရှိ သိမ်ဆိပ်နှင့်ဒုံဝန်းဘူတာအကြား မိုင်တိုင်အမှတ် ၁၂၅/ ၁၉-၁၈ ကျောက်ရထားလမ်းချော်ကျမှုအခြေအနေကိုတွေ့ရစဉ်။



နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလူထုဘဝ အေးချမ်းသာယာ၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့ကို မလိုလားသည့် နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များသည် ပြည်သူလူထု၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုအခက်အခဲများဖြစ်ပေါ်စေရန် ရည်ရွယ်၍ လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများကို ဆင်ခြင်တုံတရားမဲ့စွာ လုပ်ဆောင်လျက်ရှိကြရာ နိုဝင်ဘာလ ၆ ရက်နံနက်ပိုင်းတွင်အကြမ်းဖက်သောင်းကျန်းသူများသည် သဲဖြူကုန်းမှသီလဝါသို့ ပြေးဆွဲသည့် အမှတ်(၆၈၆)အစုန် ကျောက်ရထားအား ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်း သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား၌ မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရှိရသည်။


မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ် သိမ်ဆိပ်ဘူတာမှ နိုဝင်ဘာလ ၆ ရက် နံနက် ၈ နာရီ ၁၂ မိနစ်တွင်ထွက်ခွာလာခဲ့သော သဲဖြူကုန်းမှ သီလဝါသို့ ပြေးဆွဲသည့် အမှတ်(၆၈၆) အစုန်ကျောက်ရထားသည် နံနက် ၈ နာရီ ၁၅ မိနစ်ခန့်တွင် ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်း သိမ်ဆိပ်ဘူတာနှင့် ဒုံဝန်းဘူတာအကြား၊ မိုင်တိုင်အမှတ် ၁၂၅/ ၁၉-၁၈ သို့ ရောက်ရှိစဉ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက မိုင်းထောင်ဖောက်ခွဲခဲ့ရာ စက်ခေါင်းရှေ့ မိုင်းကာတွဲ အပါအဝင် စက်ခေါင်းနှင့် စက်ခေါင်းနောက်ကပ်လျက်တွဲ(၃)တွဲ လမ်းချော်ကျမှုဖြစ်ပွားခဲ့သဖြင့် သိမ်ဆိပ်နှင့် ဒုံဝန်းအကြား ရထားလမ်းပိုင်းအား ယာယီပိတ်ထားခဲ့ရကြောင်း သိရှိရသည်။

မိုင်းပေါက်ကွဲမှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် နယ်မြေဒေသတာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် နယ်မြေရှင်းလင်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပြီး လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် မြန်မာ့မီးရထားဝန်ထမ်းများက လမ်းချော်ကျသော တွဲဆိုင်းများအားရှင်းလင်းဖယ်ရှားခြင်း၊ ပြတ်တောက်သွားသော သံလမ်းအား ဖြတ်တောက်လဲလှယ်၍ အစားထိုးတပ်ဆင်ခြင်းနှင့် လမ်းပြုပြင်ခြင်းများကို အမြန်ဆုံးပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။

အဆိုပါ မိုင်းပေါက်ကွဲမှုဖြစ်စဉ်ကြောင့် ယနေ့နံနက်ပိုင်းတွင် မော်လမြိုင်မှ ရန်ကုန်သို့ စတင်ထွက်ခွာမည့် အမှတ်(၈၂)အစုန် လူစီးအမြန်ရထားသည်မော်လမြိုင်ဘူတာမှ မထွက်ခွာမီ ဖျက်သိမ်းခဲ့ရပြီး ရန်ကုန်မှ မော်လမြိုင်သို့ ယနေ့နံနက် ၈ နာရီတွင် စတင်ထွက်ခွာခဲ့သည့် အမှတ် (၈၁)အဆန် လူစီးအမြန်ရထားသည့်ဝေါဘူတာသို့ နံနက် ၉ နာရီ ၂၃ မိနစ်တွင် ရောက်ရှိချိန်၌ ခရီးစဉ်အား ရန်ကုန်သို့ နံနက် ၁၀ နာရီခွဲအချိန်တွင် ပြန်လည်ထွက်ခွာခဲ့ရကြောင်း၊ ထို့အတူ ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် အမှတ်(၃၃၃)အစုန် ကျောက်ရထားသည် နိုဝင်ဘာလ ၆ ရက် ညနေ ၅ နာရီ ၃၀ မိနစ်နှင့်အမှတ်(၆၈၈)အစုန် ကျောက်ရထားသည် ယနေ့နံနက် ၈ နာရီ ၅ မိနစ်တွင် သထုံဘူတာ၌လည်းကောင်း၊ အမှတ်(၆၈၃)အဆန် တွဲလွတ်ရထားသည် ယနေ့နံနက်၈ နာရီ၅၅ မိနစ်တွင် မရမ်းကုန်းဘူတာ၌လည်းကောင်း၊ အမှတ်(၂၇၁)အဆန် တွဲလွတ်ရထားသည် ယနေ့နံနက်၉ နာရီ၂၀ မိနစ်တွင် ကျိုက်ထိုဘူတာ၌လည်းကောင်း အသီးသီးရောက်ရှိရပ်နားထားကြောင်း သိရှိရသည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၈၃)ကြိမ်၊ ရထားတံတား/ သံလမ်းများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း(၁၇၈)ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း(၁၆)ကြိမ် ကျူးလွန်ခဲ့ကြပြီး နိုင်ငံတော်ပိုင်ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့်တံတားများ၊ ခရီးသည်များနှင့် ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီး ခရီးသွားပြည်သူများအနေဖြင့် ရထားဖြင့်ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံးချမ်းမြေ့ပြီး အသက်အန္တရာယ်ကင်းရှင်းစွာနှင့် လုံခြုံစိတ်ချစွာ သွားလာနိုင်မှုမရှိစေရေးအတွက်ရည်ရွယ်၍ ယခုကဲ့သို့ အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းဖြစ်သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့်အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# လေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသောတိမ်တိုက်များကြောင့် နိုဝင်ဘာလ ၁၀ ရက်အတွင်း နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍မိုးကြီးနိုင်




နေပြည်တော် နိုဝင်ဘာ ၇

**လေဖိအားနည်းရပ်ဝန်းအခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ လာအိုနိုင်ငံနှင့် ထိုင်းနိုင်ငံနယ်စပ်ဒေသများကို ဖြတ်ကျော်ခဲ့သော ကုန်းတွင်းမုန်တိုင်းငယ်သည် အနောက်ဘက်သို့ရွေ့လျားခဲ့ပြီး ထိုင်းနိုင်ငံအရှေ့ပိုင်းဒေသများတွင် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားခဲ့သည်။

**နောက် ၁၂ နာရီအတွင်းခန့်မှန်းချက်**

အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက်၁၂ နာရီအတွင်း လေဖိအားနည်းဆဲလ်အဖြစ် အားလျော့သွားနိုင်ကာ ထိုင်းနိုင်ငံကုန်းတွင်းပိုင်းဒေသများကို ဆက်လက်ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါလေဖိအားနည်းရပ်ဝန်းမှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့် ယနေ့ညနေမှ နိုဝင်ဘာလ ၁၀ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများဖြစ်ပေါ်နိုင်သည်။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

(မိုး/ဇလ)

# PDF အမည်ခံ အကြမ်းဖက်သမားများက သရက်မြို့၊ သရက်-ကံမလမ်း ပါးပွတ်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်၊ အပြစ်မဲ့အရပ်သားပြည်သူ ၂ ဦး မီးလောင်သေဆုံး

နေပြည်တော် နိုဝင်ဘာ ၇

အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို အနှောင့်အယှက်ဖြစ်စေရန်၊ အရပ်သားပြည်သူများအား ကြောက်ရွံ့ထိတ်လန့်မှုများဖြစ်ပေါ်စေရန်အတွက် အကြမ်းဖက်မှုလုပ်ရပ်များကို နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လျက်ရှိကြရာ နိုဝင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး၊ သရက်မြို့ရှိသရက်-ကံမကားလမ်းအတိုင်း အရပ်သားပြည်သူများ မောင်းနှင်လာသည့် မော်တော်ယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် မော်တော်ယာဉ်ပေါ်ရှိ အပြစ်မဲ့ပြည်သူ အမျိုးသား ၂ဦး မီးလောင်သေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ရန်ကုန်မြို့နေ ဦးကျော်လွင် (၄၅) နှစ် မောင်းနှင်၍ သရက်မြို့နေ ဦးခင်မောင်ဦး (၅၈)နှစ် လိုက်ပါလာသည့် Toyota Hilux Double Cab အမျိုးအစား မော်တော်ယာဉ်အမှတ် 4S/---------- သည် နိုဝင်ဘာလ ၆ ရက် နံနက် ၆ နာရီ ၃၀ မိနစ်ခန့်တွင်သရက်မြို့၏အနောက်တောင်ဘက် မီတာ ၁၈၀၀၀ ခန့်အကွာရှိ သရက်-ကံမလမ်းအတိုင်း မောင်းနှင်လာစဉ် ပါးပွတ်ကျေးရွာလမ်းပေါက်အနီးသို့အရောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ မိုင်းပေါက်ကွဲမှုကြောင့် မော်တော်ယာဉ် မီးလောင်၍ ယာဉ်ပေါ်ပါ အရပ်သားပြည်သူ အမျိုးသား ၂ ဦးမှာ မီးလောင်သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါဖြစ်စဉ်ဖြစ်ပွားရာလမ်းကြောင်းတစ်လျှောက်အား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်မိုင်းရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေးအတွက် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ လုံခြုံရေးလုပ်ငန်းများ ဆက်လက်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)





PDF အမည်ခံအကြမ်းဖက်သမားများက သရက်မြို့၊ သရက်-ကံမလမ်း ပါးပွတ်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်ခဲ့မှုကြောင့် မီးလောင်သေဆုံးခဲ့သည့် အပြစ်မဲ့ပြည်သူ(၂)ဦးအား တွေ့ရစဉ်။

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၇

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေးအသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်နေ့တွင်အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Khaing Soe” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ကျေးရွာနေ ခိုင်စိုးအား နံနက် ၁၁ နာရီခွဲတွင် သန်လျင်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(C)ပွဲစဉ် MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် နိုဝင်ဘာ ၇

၂၀၂၅-၂၀၂၆ ခုနှစ် အာရှအမျိုးသမီးချန်ပီယံလိဂ်ဖလား အုပ်စု(C)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ နိုဝင်ဘာလ ၉ ရက်မှ ၁၅ ရက်အထိ လက်ခံကျင်းပမည်ဖြစ်ရာ နိုဝင်ဘာလ ၉ ရက် ည ၇နာရီတွင် မြန်မာအမျိုးသမီးကလပ် အား/ကာသိပ္ပံ(ISPE)အသင်းနှင့် တောင်ကိုရီးယား ဆူဝန်အမျိုးသမီးကလပ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၆ နာရီ ၄၅ မိနစ်မှစတင်၍ MRTV Farmers’ Channel၊ MRTV Entertainment Channel နှင့် MRTV App, MRTV Radio App တို့ အပါအဝင် Online မှလည်း တိုက်ရိုက် (Live)ထုတ်လွှင့်ပြသကြမည်ဖြစ်သည်။

မြဝတီ


**ပျောက်ဆုံးကြောင်း**
မငွေး(ဘ)ဦးတင်စိန် ၉/ပဘန(နိုင်)၁၉၁၉၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**တစ်ဦးတည်းဖြစ်ပါကြောင်း**
နော်ဟေသားဖော ၁၄/ဟသတ(နိုင်)၃၃၈၁၄၆ ၏ဖခင် စောယောသ(ခ)ဦးယောသမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
စောယောသ(ခ)ဦးယောသ

**ပျောက်ဆုံးကြောင်း**
ခိုင်မေထွန်း(ဘ)ဦးမောင်မောင် ၅/ရဥန(နိုင်)၁၀၆၀၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 431204)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၂၈၆၄၆၄

**ပျောက်ဆုံးကြောင်း**
ဝေနှင်းလှိုင်(ဘ)ဦးသိန်းဦး ၈/အလန(နိုင်)၁၈၀၉၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၁၃၀၇၀၉၀

**ပျောက်ဆုံးကြောင်း**
နန်းကေသီကျော်(ဘ)ဦးကျော်လူ ၁၃/ကမန(နိုင်)၁၂၉၀၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၅၃၀၀၄၄၆၀

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၂)ရပ်ကွက်နေ ဦးဘမြင့်၏သမီးဖြစ်သူ ဒေါ်ရင်ရင်မြင့်(ခ)ဒေါ်ယဉ်ယဉ်မြင့် ၁၄/ပသန(နိုင်)၁၇၀၉၇၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဒေါ်ရင်ရင်မြင့်(ခ)ဒေါ်ယဉ်ယဉ်မြင့်

**ပျောက်ဆုံးကြောင်း**
လှဲ့လှဲ့ဝင်း(ဘ)ဦးမောင်မြင့် ၇/တငန(နိုင်)၂၃၄၉၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၃၃၅၃၉၁၃

**ပျောက်ဆုံးကြောင်း**
ဝေယံကျော်(ဘ)ဦးကျော်ကျော်ဦး ၉/ကဆန(နိုင်)၁၅၉၇၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၀၉၇၇၉၅

**ပျောက်ဆုံးကြောင်း**
လင်းဇော်အောင်(ဘ)ဦးထွေးအောင် ၉/ခမစ(နိုင်)၀၆၇၃၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၇၃၂၅၈၀၄

**ပျောက်ဆုံးကြောင်း**
ရှင်းသန့်ကျော်ဇင်(ဘ)ဦးဇော်လွင်ထွန်း ၉/ပဥလ(နိုင်)၀၇၁၈၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၉၆၉၀၉၀၃၃

**ပျောက်ဆုံးကြောင်း**
သန်းမြင့်(ဘ)ဦးခင်မောင် ၉/ကပတ(နိုင်)၂၀၀၃၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ငွေငွေမော်(ဘ)ဦးတင်မောင် ၁၄/ပသန(နိုင်)၂၉၅၆၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၅၆၄၁၂၂၁

**ပျောက်ဆုံးကြောင်း**
ဇော်မင်းကို(ဘ)ဦးညီငွေ ၈/မမန(နိုင်)၂၁၃၂၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၅၀၂၁၄၇၂

**ပျောက်ဆုံးကြောင်း**
စိန်လှိုင်(ဘ)ဦးထွန်းရှိန် ၁၄/မမက(နိုင်)၀၀၂၈၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၇၄၇၁၄၉၀၀

**ပျောက်ဆုံးကြောင်း**
ထက်မြတ်သူ(ဘ)ဦးထွန်းသိန်း ၁၄/သသခ(နိုင်)၀၀၈၆၅၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၂၅၃၃၇၁၃၁၂

**ပျောက်ဆုံးကြောင်း**
အောင်ဖြိုးဝေ(ဘ)ဦးဝင်းရွှေ ၁၄/သသခ(နိုင်)၀၃၁၃၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၆၈၁၂၀၂၀၂၉

**ပျောက်ဆုံးကြောင်း**
ဝေယံစိုး(ဘ)ဦးလှစိုး ၉/မကန(နိုင်)၁၅၀၂၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၆၀၈၄၀၂၄

**အမည်ပြောင်း**
ဦးမြထွန်း ၈/ဆဖန(နိုင်)၁၈၀၉၃၂ ၏သား မောင်ထက်မြတ်သူရဦးအား ယနေ့မှစ၍ မောင်ဟိန်းသုတထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။
မောင်ဟိန်းသုတထွန်း

**ပျောက်ဆုံးကြောင်း**
ကရင်ပြည်နယ်၊ မြဝတီမြို့၊ ဖိုးကော်ကြီးလမ်း၊ အမှတ်(၅)ရပ်ကွက်နေ သိန်းဇော်ထက်(ဘ)ဦးမြင့်ဦး ၁၀/ပမန(နိုင်)၁၉၉၁၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၅၀၂၅၂၀၂၀

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်းမြို့၊ ကြခတ်ကုန်းလေးကျေးရွာနေ ချိုချိုနှင်းဆီ(ဘ)ဦးသန်းဝင်း ၁၂/ကခက(နိုင်)၀၉၇၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 615501)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၅၄၉၂၃၃၉၀

**ပျောက်ဆုံးကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မြို့နယ်၊ မင်္ဂလာလမ်း၊ တောဇရပ်ကွက်နေ နန့်အိစိုးစံ(ဘ)မန်းညဏ်ထွန်းကျော် ၁၄/ကပရ(နိုင်)၁၆၂၃၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၆၆၃၆၁၉၇

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ရွှေမြင်တင်ကျေးရွာအုပ်စု၊ ဝါးယားချောင်းရွာနေ ဒေါ်ဝင်းဝင်းမာ ၁၄/ဟသတ(နိုင်)၀၀၅၂၁၆ ၏ဖခင်အမည်မှာ ဦးစိုးသိန်း(ခ)ဦးစိုးသိမ်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးစိုးသိန်း(ခ)ဦးစိုးသိမ်း

**ပျောက်ဆုံးကြောင်း**
နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ထန်းတောကြီးကျေးရွာနေ မောင်နိုင်ထွေး(ဘ)ဦးတင်ရှိန် ၉/တကန(နိုင်)၁၉၅၇၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၀၈၅၈၅၆

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

**ပျောက်ဆုံးကြောင်း**
ဆန်းထွန်း(ဘ)ဦးခင်မောင်ဝင်း ၁၄/ကဖန(နိုင်)၁၉၀၀၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၆၅၄၄၅၇၃၃

**ပျောက်ဆုံးကြောင်း**
စိုင်းမောင်း(ဘ)ဦးအိုက်ကျန် ၁/မမန(နိုင်)၀၆၃၄၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ရန်နိုင်ကျော်(ဘ)ဦးဝင်းမိုး ၅/ရဥန(နိုင်)၁၃၇၅၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 155586)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၆၄၂၈၆၄၆၄


Quality For You
VEGA
ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ
အရည်အသွေးမှာ အကောင်းဆုံး ဗီဂါ
Quality For You
သစ်ပင်တွေရှင်သန်ဖို့ ရေအစက်ချကိုအသုံးပြုစို့
ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၃၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဥ့်ကိုင်မြို့။ ၀၉-၂၀၁၂၀၅၁၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၆၉၈၃၅၈၅၃၁


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com


အရည်အသွေးမြင့် စားသောက်ကုန်များ အပါအဝင် ထုတ်ကုန်ပစ္စည်း အမျိုးမျိုးကို
ပိတ်ရက်မရှိ လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။
STARMART nine mile Showroom - ၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Mandalay Wholesale - ၂၆ လမ်း နှင့် ၆၆ လမ်းထောင့် မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
TRISTAR
LIFE
SODA
LEMON
YANGON
SUGARMEC
PYIN OO LWIN
NAN MYAING
2+1 coffee
Lemon Tea
SHWE PHE OO


""အေးမြကြည်လင် စိတ်ပျော်ရွှင် ကျန်းမာလန်းဆန်း နေပြည်တော်သောက်ရေသန့်အစွမ်း""
နေပြည်တော်သောက်ရေသန့်စက်ရုံ
ရာဇဌာနီလမ်းမကြီး၊ ပုဗ္ဗသီရိမြို့နယ်၊
ဖုန်း - ၀၉ ၆၇၀၇၀၀၀၀၁၊ ၀၉ ၆၆၆၁၁၈၆၄၆
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART nine mile Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
NAY PYI TAW
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
NAYPYITAW

❖ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့်နိုင်ငံ၏အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၁၀ ရက်နေ့တွင် စစ်ကိုင်းမြို့၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တပ်မတော်စစ်ကြောင်းများက PDF အမည်ခံ ပူးပေါင်းအကြမ်းဖက်သောင်းကျန်းသူများ ခေတ္တစိုးမိုးထားသည့် ဆည်တော်ကြီးရေလှောင်တမံနှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ထိန်းချုပ်ရရှိ

နေပြည်တော် နိုဝင်ဘာ ၇

နိုင်ငံတော်ပျက်စီးရာပျက်စီးကြောင်းကို နည်းလမ်းမျိုးစုံဖြင့် အစဉ်တစိုက်ကြိုးပမ်းလုပ်ဆောင်နေသော CRPH၊ NUG အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများသည် PDF အမည်ခံအကြမ်းဖက်သမားများကို မွေးထုတ်ပေးကာ အစိုးရ၏အုပ်ချုပ်ရေးယန္တရားများ ပျက်စီးစေရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေရန်ရည်ရွယ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့နှင့် ပူးပေါင်းကာ ၎င်းတို့အပေါ် အားပေးထောက်ခံမှုမရှိသည့် နိုင်ငံတော်မှပေးအပ်လာသောတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသော အစိုးရဝန်ထမ်းများ၊ ဆရာတော်၊ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ခေါင်းစဉ်အမျိုးမျိုးတပ်၍ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်ခြင်း၊ ပြည်သူများပိုင်ဆိုင်သည့် အဖိုးတန်နှင့် အမြတ်တနိုး သိမ်းဆည်းထားသောပစ္စည်းများအား အတင်းအဓမ္မလုယက်ယူဆောင်ခြင်း၊ လက်နက်အားကိုး၍ ပြည်သူလူထုထံမှ အတင်းအဓမ္မဆက်ကြေးကောက်ခြင်း၊ လူသစ်စုဆောင်းခြင်း၊ တိုက်ပွဲဖြစ်ပွားရာဒေသများ၌ ဒေသခံပြည်သူများအား လူသားတံတိုင်းအဖြစ် အသုံးချခြင်းများ လုပ်ဆောင်လျက်ရှိသည့်အပြင် ဒေသခံပြည်သူများ၏နေအိမ်များ၊ ဌာနဆိုင်ရာ အစိုးရအုပ်ချုပ်မှု အဆောက်အအုံများ၊ နိုင်ငံတော်၏ ပခုံးပြောင်းတာဝန်များကို ထမ်းဆောင်ကြရမည့် ပညာတတ်လူငယ်လူရွယ်များကို မွေးထုတ်ပေးနေသည့် စာသင်ကျောင်းများ၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ

စာမျက်နှာ ၂၂ ကော်လံ ၁ ➲



တပ်မတော်စစ်ကြောင်းများက ဆည်တော်ကြီးရေလှောင်တမံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့်ဝန်းကျင်ဒေသအား ပြန်လည်ထိန်းချုပ်ခဲ့မှုကိုတွေ့ရစဉ်။

# 8th WVVF World Vovinam Championship 2025 ပြိုင်ပွဲအပြီးတွင် မြန်မာအားကစားသမားများက ရွှေနှစ်ခု၊ ငွေငါးခု၊ ကြေးခုနစ်ခု ဆွတ်ခူးရရှိ

ရန်ကုန် နိုဝင်ဘာ ၇

အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့တွင် ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၁ ရက်မှ ၈ ရက်ထိ ကျင်းပသည့် 8th WVVF World Vovinam Championship 2025 ပြိုင်ပွဲအပြီးတွင် မြန်မာဗိုဗီနမ် အားကစားသမားများက ရွှေတံဆိပ်နှစ်ခု၊ ငွေတံဆိပ်ငါးခုနှင့် ကြေးတံဆိပ်ခုနစ်ခု စုစုပေါင်းဆုတံဆိပ် ၁၄ ခု ဆွတ်ခူးရရှိခဲ့ကြောင်း သိရသည်။

ဆုတံဆိပ်များကို ယင်းပြိုင်ပွဲ၏အတိုက်

စာမျက်နှာ ၁၀ ကော်လံ ၄ ❐




## အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီနှင့် ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့စည်းရုံးဟောပြောချက်များပါရှိ

နေပြည်တော် နိုဝင်ဘာ ၇

အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီနှင့်ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ်မြဝတီသတင်းစာ စာမျက်နှာ(၈)နှင့်စာမျက်နှာ(၉)တို့တွင် ဖော်ပြပါရှိပါသည်။ မြဝတီ

## ဆောင်းပါး

သစ်တောသစ်ပင် ကမ္ဘာမြေကိုအလှဆင် (နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့) စာ - ၁၃ သို့

အနာဂတ်မျှော်မှန်း မြန်မာ့ပေါ်ဆန်း စာ - ၂၅ သို့

OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la

Phone; 09973037364(Office), 09971922346(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar